# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင်၊ မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာသူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၈)


၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၂ ရက် တနင်္ဂနွေနေ့။ Sunday, 25 June 2017 (၈၉၆၆)


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ စာမျက်နှာ - ၃

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိပါသည် သို့သော်... စာမျက်နှာ - ၆

ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရေး စီမံကိန်း မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်း ဇူလိုင်လကုန်၌ ပြီးစီးရန်ခန့်မှန်း စာမျက်နှာ - ၁၅



နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# တက္ကသိုလ်၊ ဘာသာရပ်အလိုက် အများဆုံး လက်ခံနိုင်မည့် ကျောင်းသားဦးရေကိုသာ ဝင်ခွင့်ရမှတ် သတ်မှတ်ခြင်းဖြစ်

## ၂၀၁၇ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို ဩဂုတ်ပထမပတ်မှ သိရမည်

**နေပြည်တော် ဇွန် ၂၄**

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်အတွက် တက္ကသိုလ်ဝင်ခွင့်အမှတ်များဆိုကာ တက္ကသိုလ်နှင့် အမှတ်ပေါင်းသတ်မှတ်ချက်များဟူ၍ လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့လျက်ရှိသော်လည်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်အတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို ဩဂုတ်လပထမပတ်တွင် ဖြန့်ဝေနိုင်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

"တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကတော့ ထွက်ပြီးသွားပြီ။ ဒါပေမယ့် ၂၀၁၇ ခုနှစ်အတွက် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို နောက်ဆုံးဖြန့်ဝေမှာကတော့ နှစ်စဉ် ဩဂုတ်လပထမပတ်မှာ ကျောင်းသားတွေလက်ထဲအပ်နိုင်ခဲ့တယ်။ ဒီနှစ်လည်း အဲဒီအချိန်မှာ အပ်နိုင်အောင်လုပ်နေပါတယ်။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကိုအပ်ရင် တက္ကသိုလ်တွေရဲ့ အတည်ပြုချက်ယူရပါတယ်။ ဒီနှစ်က မနှစ်ကထက် အောင်ချက်ရာခိုင်နှုန်းပိုများတယ်။ ကျောင်းတွေရဲ့ လက်ခံနိုင်တဲ့ ကျောင်းသားအရေအတွက်ပေါ်မှာ မူတည်ပြီးတော့ ဩဂုတ်လပထမပတ်လောက်မှာ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်ကို ဖြန့်ဝေနိုင်ဖို့စီစဉ်နေပါတယ်"ဟု ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းသိန်းက ပြောကြားခဲ့သည်။

တက္ကသိုလ်ဝင်ခွင့်နှင့်ပတ်သက်၍ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအနေဖြင့် ရမှတ်ထက် ဝါသနာပါသည့်တက္ကသိုလ်ကို တက်ရောက်ခွင့်ပြုမည်ဟု ယခင်ကသတင်းများထွက်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❖**

# မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ကာ ပြန်လည်ထုတ်ဝေရန် စီစဉ်လျက်ရှိ

**ရန်ကုန် ဇွန် ၂၄**

တစ်ခေတ်တစ်ခါက ဗဟုသုတမျိုးစုံ လေ့လာသိရှိ မှတ်သားအသုံးပြုနိုင်စေရန်ရည်ရွယ်၍ မြန်မာ့စွယ်စုံကျမ်းကို မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်)က ထုတ်ဝေဖြန့်ချိခဲ့သည်။

ဗဟုသုတရှာမှီးလိုသူ မြန်မာပြည်သူများအတွက် မြန်မာ့စွယ်စုံကျမ်းများသည် မရှိမဖြစ် လက်ကိုင်ထားရှိရမည့် စာအုပ်များပင်ဖြစ်သည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ပူးပေါင်း၍ မူလထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ပြီး ပြန်လည်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းကို ဝမ်းမြောက်ဖွယ် ကြားသိရသည်။




၂၀၁၆ ခုနှစ်က ထုတ်ဝေခဲ့သည့် မြန်မာ့စွယ်စုံကျမ်း မျက်နှာဖုံးအား တွေ့ရစဉ်။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဦးဆောင်ကော်မတီနာယက ဦးသိန်းထွန်းက "စွယ်စုံကျမ်းက ၁၉၅၄ ခုနှစ်က ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ မြန်မာ့စွယ်စုံကျမ်းတွေကို ခေတ်နဲ့လျော်ညီအောင်၊ နောင်လာနောက်သားတွေ လေ့လာနိုင်အောင်၊ အကောင်းဆုံးအရည်အသွေးမီ စွယ်စုံကျမ်းကြီး ပေါ်ပေါက်လာအောင် အားလုံးတိုင်ပင်ပြီး ဆွေးနွေးဆောင်ရွက်နေပါတယ်။ ဘာသာရပ်အလိုက်သွားတဲ့အခါမှာ အင်မတန်အရေးကြီးပါတယ်။ အနည်းဆုံး ၃၅ တွဲလောက်အထိရှိမယ်လို့ မျှော်လင့်ထားပါတယ်။ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်တွေ ဝိုင်းဝန်းပြီး ထပ်တိုးသင့်လည်းတိုးမယ်။ အခု ကကြီးအဆင့်ကတော့ အတော်ပြီးနေပါပြီ။ ကျန်တဲ့ဘာသာရပ်ကိုင်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း အားလုံးခွဲပေးပြီး အမြန်ဆုံးပြီးအောင် လုပ်နေပါတယ်။ စွယ်စုံကျမ်းဆိုတာ ဗဟုသုတဟင်းလေးအိုးကြီးပါ။ လူငယ်တွေအတွက် လိုအပ်ပါတယ်"ဟု ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ကြေးမုံ

## သုံးပွင့်ဆိုင်ရလဒ်ကောင်းများ ဖော်ဆောင်

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အစိုးရ-ပုဂ္ဂလိကဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား အနှစ် ၃၀ (သို့မဟုတ်) အနှစ် ၆၀ နှစ်ရှည်စီမံကိန်းများဖြင့် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ထိုသို့ခွင့်ပြုပေးခဲ့ရာတွင် အချို့လုပ်ငန်းများမှာ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းမှုများရှိခဲ့သလို အချို့လုပ်ငန်းများ အနေဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုနှင့် ပြည်သူများ၏ လူမှုဘဝနှင့် ပတ်ဝန်းကျင်တို့ ထိခိုက်နစ်နာမှုများရှိခဲ့သည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် ခွင့်ပြုလုပ်ကိုင်ခွင့်ပေးခဲ့သော စီမံကိန်းလုပ်ငန်းများတွင် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာများ ရှာဖွေထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးလုပ်ငန်း၊ လမ်းခင်းကျောက်မိုင်းများ ထုတ်လုပ်ရေးလုပ်ငန်း၊ ရေနက်ဆိပ်ကမ်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့သစ်အိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံနှင့် ပြည်ပသွင်းကုန် ပို့ကုန်လုပ်ငန်းများ စသည်တို့ပါဝင်ကြသည်။

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ရှေးရှုသော ယနေ့ကာလတွင် ခွင့်ပြုပေးခဲ့ပြီးဖြစ်သည့် လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ အများပြည်သူ ထိခိုက်နစ်နာမှုများရှိနေသည်ဟု နည်းလမ်းတကျတင်ပြလာသည့် လုပ်ငန်းစီမံကိန်းများအား သက်ဆိုင်ရာတို့က ပြန်လည်သုံးသပ်စိစစ်၍ လိုအပ်သည်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးနေပြီး အများပြည်သူ အမှန်တကယ်ထိခိုက်နစ်နာမှုများရှိနေပါက လုပ်ကွက်ပိတ်သိမ်းခြင်း၊ စစ်ဆေးအရေးယူခြင်း၊ လျော်ကြေးငွေ ပေးစေခြင်းတို့ဖြင့် အရေးယူဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

သာဓကအားဖြင့် တွင်းထွက်နှင့်သတ္တုစီမံကိန်း၊ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းအချို့ကို ပြန်လည်စစ်ဆေးသုံးသပ်ပြီး စီမံကိန်းရပ်ဆိုင်းထားခြင်း၊ စီမံကိန်းစာချုပ်ကို ပြန်လည်ချုပ်ဆိုခြင်းတို့ကို ပြုလုပ်ခဲ့သည်ကို တွေ့ရ သည်။ ယခင်ကာလ စာချုပ်အဟောင်းများတွင် အကျိုးအမြတ်ခွဲဝေရာ၌ နှစ်ဖက်အချိုးကျခွဲဝေရာတွင် နိုင်ငံတော်အတွက် အကျိုးခံစားခွင့် မရရောမှုများရှိခဲ့သည်။ ထို့ကြောင့် စာချုပ်အသစ်ကို ပြန်လည်ချုပ်ဆို၍ လုပ်ကိုင်နိုင်သောကြောင့် နိုင်ငံတော်အတွက် အကျိုးခံစားခွင့်များ အပြည့်အဝရရှိလာရာ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအပေါ် အလေးထားဆောင်ရွက်ချက်များကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ထို့အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုပါ ပြန်လည်ဆန်းစစ်နိုင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာပျက်စီးမှုများကို မည်သို့ပြန်လည်ကုစားမည်၊ မည်သို့ပြန်လည်ထိန်းသိမ်းစောင့်ရှောက်မည်ဆိုသည့် အစီအမံများအား ချမှတ်ပေးမှုများကိုလည်း ကြိုဆိုရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝများအပေါ်တွင် ကြီးမားသောသက်ရောက်မှုရှိသည့် စီမံကိန်းများကို မဖြစ်မနေပြန်လည်စိစစ်ရမည်သာဖြစ်သည်။ ယခုအခါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အကြီးစားစီမံကိန်းလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပြန်လည်စိစစ်သင့်ပါကြောင်း ပြည်သူ့ကိုယ်စားလှယ်များက အကြံပြုတင်ပြမှုများရှိနေပြီး ဒေသခံပြည်သူများ၏အကျိုးစီးပွား အမှန်တကယ်ထိခိုက်နစ်နာမှု ရှိ၊ မရှိ စိစစ်သုံးသပ်သင့်ပေသည်။

သို့ဖြစ်ရာ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်ကိုက်ညီပြီး နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည့်စီမံကိန်းများကိုသာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်များ ချထားပေးနေမှုများကို ထောက်ခံပါသည်။ ထိုမျှသာမက နိုင်ငံတော်အတွက် အကျိုးရလဒ်ကောင်းများရှိသော်လည်း ဒေသခံပြည်သူများနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက် နစ်နာမှုများရှိ၊ မရှိ တို့ကိုလည်း ပြန်လည်လေ့လာစိစစ်၍ ရင်းနှီးမြှုပ်နှံသူများအတွက်လည်း အကျိုးမယုတ်၊ နိုင်ငံတော်နှင့်ပြည်သူအတွက်လည်း အကျိုးရှိသော သုံးပွင့်ဆိုင်ရလဒ်ကောင်းများကို ဆက်လက်ဖော်ဆောင်သင့်ပါကြောင်း။ ။

## ကမ္ဘာကျော် စီးပွားရေးပညာရှင် ဆရာကြီးဒေါက်တာလှမြင့် ဂုဏ်ပြုအခမ်းအနား ကျင်းပ




**ရန်ကုန် ဇွန် ၂၄**

ကမ္ဘာကျော်သည်အထိ မြန်မာ့ဂုဏ်ဆောင်ခဲ့သော စီးပွားရေးပညာရှင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာလှမြင့် အောက်မေ့သတိရ ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန် ၂၃ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

ကမ္ဘာကပင် အသိအမှတ်ပြုခဲ့ရသည့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာလှမြင့်၏ အောက်မေ့သတိရ ဂုဏ်ပြုပွဲအခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်၍ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာတင်အောင်အေး၊ ဆရာကြီး ဒေါက်တာသန်းညွန့်နှင့် အငြိမ်းစား သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂဗေဒ)တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ထို့အပြင် မြန်မာနိုင်ငံ စီးပွားရေး တက္ကသိုလ်ဘွဲ့ရများအသင်း(MIEGA) ဥက္ကဋ္ဌ ဦးတင်ဝင်းအောင်၊ မြန်မာနိုင်ငံ ဘောဂဗေဒအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညို၊ ဆရာကြီး ဒေါက်တာလှမြင့်၏ တပည့်တစ်ဦးဖြစ်ခဲ့သည့် ဆရာမကြီး ဒေါ်ခင်ခင်သိန်းတို့က အမှာစကား ပြောကြားကာ မြန်မာ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့(CESD)ဥက္ကဋ္ဌ ဦးတင်ထွန်းဦးက ဒေါက်တာလှမြင့်၏ Export Led Growth Strategy ကို လယ်ယာကဏ္ဍ ဥပမာဖြင့် တင်ပြသည်။ ဆက်လက်၍ အမေး၊ အဖြေကဏ္ဍကို ထည့်သွင်းကျင်းပပေးပြီး ဆရာကြီး ဒေါက်တာလှမြင့်၏ တူဖြစ်သူ ဦးသီဟနှင့် စီးပွားရေးပညာရှင် ဒေါက်တာဦးမြင့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။

ကမ္ဘာကျော်ခဲ့သည့် ဘောဂဗေဒပညာရှင် ဒေါက်တာလှမြင့်သည် ၁၉၂၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ဆရာကြီးသည် ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် စီးပွားရေးဌာနကို ပြန်လည်ထူထောင်ခဲ့သူဖြစ်၍ ၁၉၄၅ ခုနှစ်မှ ၁၉၅၂ ခုနှစ်အတွင်း ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၅၈ မှ ၁၉၆၂ ခုနှစ်အထိ ပါမောက္ခချုပ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒနှင့် စာရင်းအင်းဌာနတို့သည် ဆရာကြီး၏ စီးပွားရေးဌာနအောက်တွင် ရှိခဲ့သည်။

၁၉၆၂ ခုနှစ်တွင် London School of Economics တွင် ပါမောက္ခ၊ နောက်ပိုင်းတွင် ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် ဖွံ့ဖြိုးမှုဘောဂဗေဒ၏ ရှေ့ဆောင်လမ်းပြ တစ်ဦးဖြစ်ပြီး ဆရာကြီး၏ ပို့ကုန်ဦးစားပေး စီးပွားရေးဖွံ့ဖြိုးမှုပေါ်လစီ (Export Let Growth policies) ကို ဖော်ထုတ်ခဲ့သူဖြစ်သည်။ ယင်းပေါ်လစီများကို လက်တွေ့ကျင့်သုံးခဲ့ကြသော ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အာရှကျားများအဖြစ် တိုးတက်ဖြစ်ပေါ်လာခြင်းက သက်သေထူခဲ့သည်။ ယင်းအပြင် Welfare Economics ၏ အခြေခံအချက်များကို ချမှတ်ခဲ့ပြီး Welfare Economics Theory သည် ဆရာကြီး၏ ထင်ရှားသော ဘောဂဗေဒ သီအိုရီတစ်ခုအဖြစ် ကျော်ကြားခဲ့သည်။

စီးပွားရေးတက္ကသိုလ်သည် တစ်ချိန်က ရန်ကုန်တက္ကသိုလ်၏လက်အောက်တွင်တည်ရှိခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကာလ စီးပွားရေးတက္ကသိုလ် ဆရာအတော်များများသည် London School of Economics ကျောင်းဆင်းများဖြစ်သည်။ စီးပွားရေးတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ် ဆရာကြီးဒေါက်တာအေးလှိုင်သည် ဆရာကြီး ဒေါက်တာလှမြင့်၏ တပည့်တစ်ဦးဖြစ်ခဲ့ပြီး London School of Economics တွင် Ph.D ဘွဲ့ ယူခဲ့သူဖြစ်ကြောင်း သိရသည်။

ဆရာကြီး၏ ဖွံ့ဖြိုးဆဲနိုင်ငံများ လိုက်နာကျင့်သုံးသင့်သည့် Outward Looking Strategy ဟုဆိုသည့် Export-Oriented Development Economy ကို ကျင့်သုံးနိုင်ခဲ့သော နိုင်ငံများသည် ယနေ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံကြီးများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၇၀- ၁၉၈၀ ခုနှစ်ဝန်းကျင်တွင် ဆရာကြီး၏မူဝါဒများကို အကောင်အထည်မဖော်နိုင်ခဲ့ဘဲ Inward Looking Strategy သို့မဟုတ် သွင်းကုန်အစားထိုးမူဝါဒ (Import Substitution policy) ကို ကျင့်သုံးခဲ့ရာ စီးပွားရေးဖွံ့ဖြိုးမှု နောက်ကျခဲ့မှုများရှိခဲ့ကြောင်း ဆရာကြီး၏ တပည့်သားမြေးများဖြစ်သူ စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းများက သုံးသပ်ခဲ့ကြသည်။

ကမ္ဘာကျော် စီးပွားရေးပညာရှင် ဆရာကြီး ဒေါက်တာလှမြင့်သည် ၂၀၁၇ ခုနှစ် မတ် ၉ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်မှာ အသက်(၉၆)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

## ပန်းချီလက်တွေ့ပြိုင်ပွဲ ဆုချီးမြှင့်



**ရန်ကုန် ဇွန် ၂၄**

မြန်မာ-တရုတ်ချစ်ကြည်ရေးပုံရိပ်များခေါင်းစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့သော ပန်းချီလက်တွေ့ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက အလုံမြို့နယ်ရှိ အထက(၄)ကျောင်း သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တရုတ်အမျိုးသားစာနယ်ဇင်းလောကကုသိုလ်ဖြစ်လုပ်ငန်းဖွံ့ဖြိုးရေးအသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ မစ္စတာရှိရှီရွှန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဆုများအနေဖြင့် ပထမဆုကို အထက(၂)လသာမှ မကြည်နူးလွင်က ရရှိခဲ့ပြီး ဒုတိယဆု ငါးဆု၊ တတိယဆု ၁၀ ဆုနှင့် နှစ်သိမ့်ဆု ၈၄ ဆုတို့ကို ပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၅၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူ ၅၀၀ တို့အား ကျောပိုးအိတ်နှင့် ကျောင်းသုံးပစ္စည်းများပါဝင်သည့် (Kit Box)များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-အေးမင်းသူ**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားနိုင်ငံမှပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၄**

ရုရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် Sevastopol တပ်မတော်လေဆိပ်မှ ရုရှားတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး မော်စကိုမြို့ရှိ တပ်မတော် လေဆိပ် Chkalovskii သို့ ရောက်ရှိကြကာ ရုရှားတပ်မ တော်တွင် အသုံးပြုလျက်ရှိသည့် TL-76 TD အမျိုးအစား ကုန်တင်လေယာဉ်ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ Demode-dovo လေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Nikolay A.Listopadov၊ ဒုတိယစစ်သံမှူး Commander Vitaly V. LUCHSHEV နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

**(သတင်းစဉ်)**

■





ဦးသိန်းထွန်း

**✪ မြန်မာ့စွယ်စုံကျမ်းမှ**

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင် ကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းအုန်း (မောင်ဇေယျာ)က "မြန်မာ့စွယ်စုံကျမ်းကို စာပေဗိမာန်နဲ့ ထွန်းဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး ပြန်လည်တည်းဖြတ် ဆောင်ရွက်နေပါတယ်။ မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ထပ်ဖြည့်မယ်၊ တည်းဖြတ်မယ်၊ အနည်းဆုံး အတွဲ(၂၀) လောက် ထုတ်ဖို့ခန့်မှန်းထားတယ်။ မြန်မာ့စွယ်စုံကျမ်းက အရေးကြီးပါတယ်။ လက်ရှိပထမတွဲကို လုပ်နေပါတယ်" ဟု ဆိုသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ - လှမိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် ငွေများပေးအပ်

**နေပြည်တော် ဇွန် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ် အေးသည် ယနေ့နံနက်ပိုင်းတွင် ကိုးကန့်ဒေသခံများနှင့် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးသည် ထင်ပါကျိုင်းကျေးရွာ အုပ်စုရှိ ကျေးရွာရှစ်ရွာမှ တိုက်ပွဲရှောင်ပြည်သူများ အတွက် ကိုးကန့်ဒေသ ရွှေပင်စီးကျေးရွာသစ် ဆောက် လုပ်ရာတွင် အသုံးပြုရန်အတွက် သွပ်အချပ် ၁၀၀၀၀၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် လိုအပ်သော လူနာတင်ယာဉ်ဝယ်ယူရန် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်ပေးအပ် ရာတွင် ထပ်မံစာရင်း ကောက်ယူရရှိသော ဘိုးဘွား ၂၉ ဦးအတွက် ငွေကျပ် ၈၇၀၀၀၀၊ ဘိုးဘွားများအတွက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများကို ထောက်ပံ့ ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့သို့ရောက်ရှိကြပြီး "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန် ထွန်းလူ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ဒေသလိုအပ် ချက်များဖြစ်သည့် မီးသဂြိုဟ်စက်တည်ဆောက်ရန်အတွက် မတည်ငွေကျပ်သိန်း ၅၀၊ အစိုးရအသိအမှတ်ပြု မူလတန်း ကြိုကျောင်း ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ခြောက်သိန်းနှင့် ဘိုးဘွားများအတွက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများကို ပေးအပ်ခဲ့သည်။



အဆိုပါ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံခြင်း၊ ဘိုးဘွားများအား အိမ်တိုင်ရာရောက် စောင်၊ လုံချည်နှင့် မျက်နှာသုတ်ပဝါများ ကိုပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်က လောက်ကိုင် ဒေသအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စားနပ် ရိက္ခာအခက်အခဲရှိသည့် ဒေသခံပြည်သူများအတွက် ကျပ် သိန်းပေါင်း ၄၄၄၅ သိန်းခန့်တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာများကို ဇွန် ၁၀ ရက်က ပြည်သူများ လက်ဝယ် အရောက်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မံစီမြို့နယ်၌ ကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲများ ကျင်းပ

**မံစီ ဇွန် ၂၄**

မံစီမြို့နယ်ဟန်ထက်ကျေးရွာ ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း၊ ကျောင်း အောင်မြေ ကျောင်းဆောင်သစ်ဖွင့် လှစ်ခြင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင် နှစ်မှစ၍ ၂၀၁၆-၂၀၁၇ ပညာသင် နှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေပေးအပ်ချီးမြှင့်ပွဲ အခမ်း အနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် ဟန်ထက်အထက ကျောင်းဆိုင်းဘုတ်ကို မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်း၊ ခရိုင်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းညို၊ အထက(ဟန်ထက်) ပင်မအလှူရှင် ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပညာ အောင်မြေ ကျောင်းဆောင်သစ်ကို အမွှေးနံ့သာများပက်ဖျန်းကာ ဖွင့်လှစ် ပေးခဲ့သည်။ ထို့နောက် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကို ပညာ ရေးထောက်ပံ့ငွေများအပြင် အထက (ဟန်ထက်)၊ အထက(မိုင်းခေါင်)၊ အထက(မံသာ)ကျောင်းများအတွက် တစ်ကျောင်းလျှင် ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပေးသော ပင်မ အလှူရှင် ဟန်ထက်ကျေးရွာ ရပ်မိ ရပ်ဖ ဦးထွန်းထွန်းနှင့် ဇနီး ဒေါ်ဝေဝေ မိသားစုနှင့် တာဝန်ရှိသူများအား အထက(ဟန်ထက်) ကျောင်းအုပ် ဆရာမကြီး ဒေါ်သင်းသင်းကြည်က ကျေးဇူးတင်စကားပြောကြားသည်။

အလှူငွေ ပေးအပ်ချီးမြှင့်ပြီး နောက် အထက(ဟန်ထက်) ကျောင်း သား ကျောင်းသူများက တက်ရောက် လာကြသော ပရိသတ်များကို မြန်မာ့ အကအလှများဖြင့် ဖျော်ဖြေတင်ဆက် ကြသည်။

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ဟန်ထက်ကျေးရွာ အထကကျောင်းခွဲကို ပညာရေးဝန် ကြီးဌာနက မေ ၂၄ ရက်တွင် အခြေခံ ပညာအထက်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

**(မင်းပိုင်ဖြိုး)**



**✱ ခြေစမ်းပွဲမှ**

မြန်မာယူ-၂၂ အသင်းသည် အောင်သူ၊ စည်သူ အောင်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဟိန်းသီဟဇော်၊ ရဲရင့်ထွန်း၊ ထိုက်ထိုက်အောင် တို့ဖြင့် ပွဲထွက်ခဲ့ပြီး MNL All Star အသင်းသည် ရန်ပိုင်အပါအဝင် လက်ရှိလက်ရွေး စင်ကစားသမားများဖြစ်သည့် ရန်အောင်၊ ကျော်ကိုကို၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွဋ်၊ တင်ဝင်းအောင်တို့ဖြင့် ပွဲထွက် ခဲ့သည်။ ပထမပိုင်းတွင် MNL All Star အသင်းက ပွဲကို ထိန်းကစားကာ ယူ -၂၂ အသင်း၏ အမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ ၁၈ မိနစ်တွင် MNL All Star အသင်းဂိုးရခဲ့ပြီး ဝါရင့်ကစားသမား ရန်ပိုင်က ခေါင်းတိုက် သွင်းယူခဲ့သည်။ ရန်ပိုင်သည် နေမကောင်းဘဲကစားရ သောကြောင့် ဂိုးသွင်းအပြီးတွင် ဒွေးကိုကိုချစ်နှင့် လူစား လဲခဲ့ရသည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ကစား သမားအပြောင်းအလဲများ ပြုလုပ်ခဲ့သည်။

ယူ -၂၂ အသင်းသည် သောင်လျှပ်ထန်၊ သန်းပိုင်၊ လှိုင်းဘိုဘို၊ သီဟထက်အောင်၊ စအောင်ပြည့်ကို၊ အောင် ကောင်းမာန်တို့ကိုထည့်ကာ အပြောင်းအလဲလုပ်ခဲ့ပြီး MNL All Star အသင်းမှာလည်း ဒွေးကိုကိုချစ်၊ ချစ်စုမိုး၊ စိုးမြတ်သူ၊ မင်းမင်းသူ၊ ပြည့်လျှံအောင်(ဂိုး)တို့ကို လဲလှယ် ကစားခဲ့သည်။ ယူ -၂၂ အသင်းသည် ဒုတိယပိုင်းအစတွင် ကစားကွက်ပျက်နေသော်လည်း နောက်ပိုင်းမှ ပုံမှန်ခြေပြန် ရလာပြီး မိနစ် ၇၀ တွင် စည်သူအောင် ဖန်တီးပေးမှုမှ တစ်ဆင့် သန်းပိုင်ကချေပဂိုးပြန်သွင်းခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ယူ -၂၂ အသင်း ကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးကို ၇၉ မိနစ်တွင် အောင်သူက အဝေးမှကန်သွင်း ယူခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

**✱ ပန်းတောင်းမှ**

ကျေးရွာပေါင်း ၂၀၈ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၁၀၀ မှာ မြစ်ဘေးနှင့် ချောင်းဘေးတွင်ရှိသည့် ရွာများ ဖြစ်သည့်အတွက် ရေတိုက်စားမှုနှင့်ကမ်းပါးပြိုကျမှုများ ကြောင့် အိမ်များရွှေ့ရခြင်းကို နှစ်စဉ်ကြုံတွေ့နေရကြောင်း ပြောကြားသည်။

ရခိုင်ရိုးမဆီမှ စတင်စီးဆင်းလာသည့် ချောင်းများ ဖြစ်ပြီး မြစ်ရေကြီးမှုများနှင့် တောင်ကျချောင်းရေများ ရုတ်တရက်ကြီးမြင့်မှုတို့ကြောင့် ကျေးရွာများ ရေနစ်မြုပ် ခြင်း၊ လူနေအိမ်နှင့် ကျွဲ/နွားများချောင်းအတွင်းသို့ မျောပါ ခြင်း၊ ကမ်းပါးပြိုမှုကြောင့် နေအိမ်များဖျက်သိမ်းကာ ပြောင်း ရွှေ့ရခြင်းများကို မိုးရာသီရောက်တိုင်း ကြုံတွေ့ရလေ့ရှိသ ဖြင့် သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ဒေသခံများက ပြောသည်။

**ကိုလွင်(ဆွာ)**

# လျှပ်စစ်ဓာတ်အားလိုင်းများ သန့်ရှင်းရေးပြုလုပ်

**ဒိုက်ဦး ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် လျှပ်စစ်ဗို့အား ပျောက်ဆုံးမှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်း ရှင်းရေး၊ လျှပ်စစ်စီးဆင်းမှု ကောင်းမွန်စေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ဝင်း ဦးဆောင်၍ လိုင်းအဖွဲ့များက ဇွန် ၂၃ ရက်တွင် ဒိုက်ဦးမြို့နယ်အတွင်း ဓာတ်အားပေးထားသော လျှပ်စစ်ဓာတ်အားလိုင်း၊ ဓာတ် အားခွဲရုံများ၊ ထရန်စဖော်မာဝင်းခြံအတွင်း သစ်ပင် သစ်ကိုင်းထိစပ်နေခြင်း၊ ချုံနွယ်များ ထိစပ်နေခြင်းကို ခုတ်ထွင်ရှင်းလင်း၍ လိုင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

# တရုတ်နိုင်ငံ စီချွမ်စီရင်စုတွင် မြေပြိုမှုများကြောင့် လူ ၁၄၁ ဦးပျောက်ဆုံးလျက်ရှိ

**ပေကျင်း ဇွန် ၂၄**
တရုတ်နိုင်ငံ စီချွမ်စီရင်စုတွင် မိုးကြီးရေလျှံမှုများ ဖြစ်ပွားကာ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် မြေပြိုမှုများကြောင့် လူပေါင်း ၁၄၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် မောက်ရှန်းဒေသ၌ မြေပြိုမှုများဖြစ်ပွားခဲ့သဖြင့် ဒေသန္တရ ရဲအရာရှိများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးလုပ်သားများက မြေပြိုမှုများကြောင့် ပျောက်ဆုံးသွားသူများကို လိုက်လံကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်ဟု နိုင်ငံပိုင်သတင်းအေဂျင်စီ ဆင်ဟွာက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမြေပြိုမှုများသည် မြစ်တစ်မြစ်အတွင်းသို့ နှစ်ကီလိုမီတာအကွာအဝေးခန့် မြေကြီးများပြိုကျပိတ်ဆို့ခဲ့ပြီး အိမ်ပေါင်း ၄၆ အိမ်ကို မြေကြီးများဖုံးလွှမ်းသွားခဲ့သည်။ ကနဦးရရှိသော သတင်းများအရ လူပေါင်း ၁၄၁ ဦး ပျောက်ဆုံးလျက်ရှိသည်။

မြေပြိုမှုဖြစ်ပွားစဉ် ရိုက်ကူးထားသော ဗီဒီယိုဖိုင်များတွင် ရွှံ့များနှင့် ကျောက်တုံးများက အနီးဝန်းကျင်ရှိ တောင်တန်းတစ်ခုပေါ်မှ ကျဆင်းလာပုံများကို မြင်တွေ့ရသည်။

ရံဖန်ရံခါ မိုးရွာသွန်းမှုများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကြန့်ကြာခဲ့ရပြီး မြေပြိုမှုများကို ဖယ်ရှားရန် စက်ယန္တရားကြီးများ သယ်ဆောင်ရေးအတွက် ခက်ခဲမှုများ တွေ့ကြုံနေရသည်။

မောက်ရှန်းဒေသသည် စီချွမ်စီရင်စုမြို့တော် ချိန်သူးမှ ကီလိုမီတာ ၂၀၀ ခန့်အကွာတွင် ရှိသည်။ ၂၀၀၈ ခုနှစ် ငလျင်လှုပ်ခတ်မှုတွင် ငလျင်ဒဏ်ကြောင့် အပျက်အစီးအများဆုံးဖြစ်ပွားခဲ့သည့် ဒေသလည်းဖြစ်သည်။

မောက်ရှန်းဒေသတွင် လွန်ခဲ့သော ရက်အနည်းငယ်က မိုးအဆက်မပြတ် ရွာသွန်းမှုများရှိခဲ့ကြောင်း ဒေသန္တရ မီဒီယာကဆိုသည်။

မြေပြိုကျမှုတွင် ပျောက်ဆုံးသွားသူများကို အစွမ်းကုန်ကြိုးစားကယ်တင်ကြရန် သမ္မတရှီကျင့်ဖျင်က ဒေသန္တရ အာဏာပိုင်များအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**





# ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ဒုံးယာဉ်ဖြင့် ဂြိုဟ်တု ၃၁ လုံးကို အိန္ဒိယလွှတ်တင်

**နယူးဒေလီ ဇွန် ၂၄**
အိန္ဒိယနိုင်ငံသည် ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင် ဒုံးယာဉ်တစ်စင်းဖြင့် အသေးစားဂြိုဟ်တု ၃၁ လုံးကို ဇွန် ၂၃ ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း၊ လွှတ်တင်ခဲ့သော ဂြိုဟ်တုအချို့မှာ ဥရောပနိုင်ငံများမှဖြစ်ပြီး မြေကမ္ဘာ၏ ပုံရိပ်ကို ပြတ်သားစွာ စောင့်ကြည့်ပုံဖော်နိုင်မည့် ဂြိုဟ်တုများဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယခုလွှတ်တင်လိုက်သော ဒုံးယာဉ်သည် အလေးချိန် ၇၁၂ ကီလိုဂရမ်ရှိသော ကာတိုဆက်-၂ အမည်ရှိသော ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုနှင့် အခြားအသေးစားဂြိုဟ်တုအလုံး ၃၀ ကို အာကာသအတွင်းသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။ ယင်းဒုံးယာဉ်ကို အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆရီဟာရီကိုတာ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဇွန် ၂၃ ရက် ဒေသစံတော်ချိန် ၉ နာရီ ၁၉ မိနစ်တွင် လွှတ်တင်ခဲ့သည်။

အိန္ဒိယအစိုးရ အာကာသသုတေသနအဖွဲ့အစည်း (အာရ်အက်စ်အာရ်အို) ၏ နိုင်ငံတကာ ကုန်သွယ်စီးပွားဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ်အရ အဆိုပါဒုံးယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနှင့် ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ လတ်ဗီးယား၊ လစ်သူရေးနီးယားနှင့် ဆလိုဗက်ကီးယားအပါအဝင် အခြား ၁၄ နိုင်ငံတို့မှ ဂြိုဟ်တုများ ပါဝင်သည်။

အိုင်အက်စ်အာရ်အို၏ အကြိမ် ၄၀ မြောက် ဝင်ရိုးစွန်းဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ် အောင်မြင်မှုအတွက် အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ၎င်း၏ အင်တာနက်တွစ်တာစာမျက်နှာ၌ ဂုဏ်ပြုရေးသားခဲ့သည်။ ဝန်ကြီးချုပ်မိုဒီ၏ အစိုးရအဖွဲ့က ကုန်ကျစရိတ်သက်သာသည့် အာကာသယာဉ်လွှတ်တင်ရေး နည်းပညာတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း အိန္ဒိယနိုင်ငံမှ ဒုံးယာဉ်တစ်စင်းတည်းဖြင့် ဂြိုဟ်တုအငယ်စား ၁၀၄ လုံးကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

**ဆင်ဟွာ။**

# ကာတာရှိ တူရကီစစ်အခြေစိုက်စခန်းကို ပိတ်သိမ်းမည်မဟုတ်ဟုဆို

**အန်ကာရာ ဇွန် ၂၄**
ကာတာနိုင်ငံနှင့် ဆက်ဆံမှုများ ဖြတ်တောက်ထားသည့် အာရပ်နိုင်ငံ လေးနိုင်ငံက တောင်းဆိုလျက်ရှိသော်လည်း ယင်းနိုင်ငံရှိ တူရကီစစ်စခန်းကို ပိတ်ပင်မည်မဟုတ်ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ကာတာနိုင်ငံတွင် အခြေစိုက်သည့် တူရကီ စစ်အခြေစိုက်စခန်းကို ပြန်လည်ရုပ်သိမ်းရန်မရှိကြောင်း အင်န်တီဗွီ ရုပ်မြင်သံကြားသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် တူရကီကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဖိကရီအီဇစ်က ပြောကြားသည်။

ကာတာနိုင်ငံအတွင်းရှိ အခြေစိုက်စခန်းတွင် တူရကီတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ရေး သဘောတူညီချက်နှစ်ရပ်ကို တူရကီ ပါလီမန်က ဇွန် ၇ ရက်တွင် အတည်ပြုခဲ့သည်။ ယင်းအပြင် ကာတာတပ်ဖွဲ့များကို စစ်ရေးသင်တန်းများ ပေးရန်လည်း ခွင့်ပြုပေးခဲ့သည်။

ကာတာနိုင်ငံနှင့် ဒေသတွင်း အာရပ်နိုင်ငံများအကြား သံတမန်ရေးရာ အကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော အာရပ်နိုင်ငံများက ယင်းနိုင်ငံနှင့် သံတမန်ရေးဆက်ဆံမှု ဖြတ်တောက်ရန်နှင့် စီးပွားရေးအရ အရေးယူဒဏ်ခတ် ပိတ်ဆို့မှုများ ပြုလုပ်ရန် အခြားနိုင်ငံများကို တောင်းဆိုလျက်ရှိကြသည်။

တူရကီတပ်မတော်က ကာတာနိုင်ငံမြို့တော် ဒိုဟာသို့ စစ်သည်တင်သံချပ်ကာယာဉ် ငါးစီးနှင့် တပ်ဖွဲ့ဝင် ၂၃ ဦးတို့ကို ဇွန် ၂၂ ရက်တွင် ပေးပို့ခဲ့သည်။ ကာတာနိုင်ငံဘက်မှ အခိုင်အမာရပ်တည်ပုံကို အထင်အရှားပြသရန် ရည်ရွယ်လျက် တူရကီအစိုးရက စစ်ရေးဖြန့်ကြက်မှု ပြုလုပ်ခြင်းဖြစ်သည်။

တူရကီကာကွယ်ရေးဝန်ကြီးသည် လာမည့် ရက်သတ္တပတ်တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အစည်းအဝေးကျင်းပစဉ်ကာလအတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဆီးရီးယား ကာ့ဒ်ပြည်သူ့စစ်အဖွဲ့များကို အမေရိကန်က လက်နက်တပ်ဆင်ပေးနေခြင်း ကိစ္စရပ်နှင့်ပတ်သက်၍လည်း ၎င်းတို့ဆွေးနွေးရန် ရှိသည်ဆို၏။ **ဆင်ဟွာ။**



# လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း နိုင်ငံခြားလေယာဉ် ၁၄ စင်းကို ရုရှားနယ်နိမိတ်အနီး၌ ကြားဖြတ်ဟန့်တားခဲ့ရ

**မော်စကို ဇွန် ၂၄**
ရုရှားလေတပ်မှ ဂျက်လေယာဉ်များသည် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ရုရှားနိုင်ငံနယ်နိမိတ်အနီးတွင် နိုင်ငံခြားလေယာဉ် ၁၄ စင်းကို ကြားဖြတ်ဟန့်တားခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ကရာစ်နာရာ ဇဗီဒါသတင်းစာ၌ ဖော်ပြသည်။

ပြည်ပနိုင်ငံ ခုနစ်နိုင်ငံမှ လေယာဉ်များက ရုရှားနယ်နိမိတ်အနီးတွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ၂၃ ကြိမ်မျှ ကင်းထောက်ပျံသန်းခဲ့ကြောင်း၊ ယင်းတို့ထဲတွင် အမေရိကန်နိုင်ငံမှ ပီစီ ၁၃၅ လေယာဉ်များနှင့် အာရ်ကျူ-၄ ဘီ ဂလိုဘယ်ဟော့ ဒရုန်းများက ၁၀ ကြိမ်၊ နော်ဝေနိုင်ငံမှ ပီ-၃ အော်ရီယွန်လေယာဉ်ဖြင့် လေးကြိမ်နှင့် ဆွီဒင်လေတပ်မှ ဂတ်စ်စတန်းထောက်လှမ်းရေးလေယာဉ်က သုံးကြိမ် ပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ပင် ပြင်သစ်နှင့် ဗြိတိန်လေတပ်များမှ လေယာဉ်များကို နယ်စပ်အနီး၌ နှစ်ကြိမ်တွေ့ရှိပြီး ပေါ်တူဂီနှင့် ဂျပန်နိုင်ငံများမှ လေယာဉ်များသည် ရုရှားနယ်နိမိတ်အပြင်ဘက်မှ နီးကပ်စွာ ပျံသန်းခဲ့ကြောင်း ရုရှားလေကြောင်းရန် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ဇွန် ၂၁ ရက်က ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေရှွိုင်ဂူလိုက်ပါလာသော လေယာဉ်သည် ဘောလ်တစ်ပင်လယ် ရေပြင်ပေါ်၌ပျံသန်းစဉ် နေတိုးအဖွဲ့မှ အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်တစ်စင်းက ရုရှားလေယာဉ်အနီးသို့ ချဉ်းကပ်ရန် ကြိုးပမ်းခဲ့သည်ဟု ရုရှားနိုင်ငံက စွပ်စွဲပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းမှ ဘဏ်တစ်ခု၌ သေနတ်သမားများပစ်ခတ်၍ လူသုံးဦးသေဆုံး

**နိုင်ရိုဘီ ဇွန် ၂၄**
ကင်ညာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုကို သေနတ်သမားများက ဇွန် ၂၃ ရက်တွင် စီးနင်းပစ်ခတ်ခဲ့ရာ လူသုံးဦးသေဆုံးသွားကြောင်း ကင်ညာရဲအဖွဲ့က ပြောကြားသည်။

မန်ဒရာစီရင်စုတွင်တည်ရှိသည့် အဆိုပါဘဏ်ကို သေနတ်သမားများက တိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးနှင့် ရဲအရာရှိတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း မန်ဒရာစီရင်စုရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

သေနတ်သမားငါးဦးတို့သည် အဆိုပါဘဏ်သို့ ရောက်ရှိလာပြီး ဘဏ်တံခါးဝရှိ ရဲအရာရှိအား ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းတို့အား ရဲတပ်ဖွဲ့က ပစ်ခတ်မှုကြောင့် သေနတ်သမားတစ်ဦးကို ထိမှန်ခဲ့သော်လည်း ၎င်းတို့မှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း ရဲအဖွဲ့အကြီးအကဲ ချားလ်စ်ချာချာက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**



# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ မြင့်မြတ်အလင်းရိပ်သာ ပရမတ္ထဓမ္မာရုံ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ သန့်တည်ပွားအဖွဲ့ မြင့်မြတ်အလင်းရိပ်သာ၌ ပရမတ္ထဓမ္မာရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သန့်တည်ပွားတရားရေးအဖွဲ့က ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဓမ္မာရုံဆောက်လုပ်ခြင်းအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပရမတ္ထဓမ္မာရုံပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် သန့်တည်ပွားတရားရေးအဖွဲ့တို့က ပန္နက်တော်တင်ပူဇော်ကြသည်။

အဆိုပါအခမ်းအနားသို့ မှော်ဘီမြို့နယ် သာသနာ့ဝန်ဆောင်ကျောင်းမှ ဆရာတော်သံဃာတော်များ၊ တာဝန်ရှိသူများနှင့် သန့်တည်ပွားတရားရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စာပေကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၄**
စာပေကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေအသင်း အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ ပြောကြားလိုက်သည်။

ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည့် စာပေဆိုင်ရာ အဖွဲ့အစည်း၊ အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စာပေအသင်း အဖွဲ့အစည်းများကလည်း မိမိတို့၏ ကိုယ်စီရည်ရွယ်ချက်များအပြင် တူညီမှုများကို ပူးပေါင်းစုပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မည်ဟု ထင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာကဏ္ဍသာမက စာပေကဏ္ဍနှင့်ပါ သက်ဆိုင်နေသော ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှတစ်ဆင့် စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်ကောင်းများ ထွက်ပေါ်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း၊ PEN Myanmar၊ မြန်မာဘာသာပြန်ကွန်ရက်နှင့် မြန်မာစာရေးဆရာကလပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက စာပေလောကနှင့် စာပေလောကသားများ အကျိုး၊ ဘာသာပြန်စာပေနှင့် မျိုးဆက်သစ်စာရေးဆရာများ ပေါ်ထွက်လာရေး၊ စာပေညီလာခံကျင်းပရေးစသည့် စာပေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် စာပေဆိုင်ရာအဖွဲ့အစည်း၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

တွေ့ဆုံပွဲတွင် စာအုပ်စာပေများပုံနှိပ်ရေး၊ ထုတ်ဝေရေးနှင့် ဖြန့်ချိရေးဆိုင်ရာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ ထွန်းကော်မာရှယ်ဘဏ်(ရုံးချုပ်)၌ ကျင်းပသည့် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီနာယက ဦးသိန်းထွန်း၊ ဦးဆောင်ကော်မတီဥက္ကဋ္ဌဒေါက်တာသော်ကောင်း (ဦးသော်ကောင်း) နှင့် ကော်မတီအဖွဲ့ဝင်များက မြန်မာ့စွယ်စုံကျမ်းအတွဲ(၁) ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ပညာရှင်များက အကြံပြုဆွေးနွေးကြသည်။

မြန်မာ့စွယ်စုံကျမ်းကို ဗဟုသုတမျိုးစုံ လေ့လာသိရှိမှတ်သားအသုံးပြုနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်)က ၁၉၅၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲ ထုတ်ဝေဖြန့်ချိခဲ့သည်။ ၁၉၇၈ ခုနှစ်မှ စ၍ မြန်မာ့စွယ်စုံကျမ်း(နှစ်ချုပ်)များကို တစ်နှစ်လျှင် တစ်အုပ် နှစ်စဉ်ထုတ်ဝေလျက်ရှိရာ ၃၉ အုပ်ထုတ်ဝေပြီးဖြစ်ကြောင်းနှင့် ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မူလထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြင်ဆင်တည်းဖြတ်ပြီး ပြန်လည်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - လှမိုး**

# ငလျင်တိုင်းတာစက်များမှ ရရှိခဲ့သည့် အချက်အလက်များကို နိုဝင်ဘာလအတွင်း အပြီးကောက်ယူ သုတေသနပြုလုပ်သွားမည်

**မန္တလေး ဇွန် ၂၄**
အထက်မြန်မာနိုင်ငံ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်တို့တွင် ငလျင်လှုပ်ခတ်မှုဖြစ်စဉ်များခန့်မှန်းသိရှိနိုင်ရန် ၂၀၁၆ ခုနှစ်မေလမှ စတင်တပ်ဆင်ထားသည့် ငလျင်တိုင်းတာစက် ၆၅ လုံးမှရရှိထားသည့် အချက်အလက်များအား လာမည့်နိုဝင်ဘာလအတွင်း အပြီးစုဆောင်းကောက်ယူ၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငလျင်သုတေသန အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောသည်။

"အခုလုပ်ဆောင်မှုတွေကို တရုတ်နိုင်ငံတက္ကသိုလ်ကျောင်းက ထောက်ပံ့မှုတွေဆောင်ရွက်ပေးသလို စက်ပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးတာပါ။ လူတွေလှုပ်ရှားမှုမရှိတဲ့နေရာတွေမှာ အဓိကထား တပ်ဆင်ခဲ့ပါတယ်။ တပ်ဆင်ထားတဲ့ စက်ကနေတစ်ဆင့် ငလျင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို စုဆောင်းရယူတာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါစက်များအား ၂၀၁၆ ခုနှစ် မေလမှ ၂၀၁၇ ဇွန်လအထိ လိုက်လံတပ်ဆင်ခဲ့ပြီး ရရှိထားသည့် အချက်အလက်များကို သုံးလတစ်ကြိမ် စုဆောင်းကောက်ယူခဲ့ကာ ယခုအကြိမ်တွင် သုံးကြိမ်မြောက်ရှိခဲ့ပြီး လာမည့်ဇူလိုင်လနှင့် နိုဝင်ဘာလများတွင် အပြီးစုဆောင်းကောက်ယူ၍ သုတေသနပြုလုပ်သွားမည်ဖြစ်သည်။

"သုတေသနပြုလုပ်ချက်တွေအရ မြန်မာနိုင်ငံအနောက်ဘက်ခြမ်းမှာရှိတဲ့ ငလျင်လှုပ်ခတ်နိုင်မယ့် အလားအလာနဲ့ အနာဂတ်မှာ လှုပ်ခတ်လာနိုင်မယ့် ငလျင်အခြေအနေတွေကို လှုပ်ခတ်မယ့်နေရာနဲ့အချိန် စတဲ့အချက်အလက်တွေကို ရရှိလာနိုင်မယ့်အပြင် မြန်မာနိုင်ငံ ငလျင်အန္တရာယ်ပြမြေပုံ ရေးဆွဲတဲ့အခါမှာ ပိုမိုပြည့်စုံတဲ့ ပြင်ဆင်မှုတွေလည်း လုပ်ဆောင်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာန၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီနှင့် Institute of Geology and Geophysics, Chinese Academy of Science အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



**မိုးရာသီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဟောပြောပွဲကို အင်းစိန်မြို့နယ် အထက(၁)ကျောင်း ဧရာဝတီခန်းမ၌ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာ ဦးထွန်းထွန်းက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအကြောင်း ဟောပြောစဉ်။**

မျိုးသန့် (IPRD)



# လွန်ခဲ့တဲ့ (၅၅) နှစ်က စာပေညီလာခံ

**မနသဃကျော်ဝင်း**

**(အမျိုးသားစာပေဆုရ)**

၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ အလုပ်အမှုဆောင်အဖွဲ့နှင့် တော်လှန်ရေးအစိုးရ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာနတာဝန်ခံ ဗိုလ်မှူးကြီး စောမြင့် ကိုတွေ့ဆုံခဲ့ကြစဉ် ဗိုလ်မှူးကြီးစောမြင့်က စာရေးဆရာများအား တောင်သူလယ်သမားများနှင့် အလုပ်သမားများအတွက် ဦးစားပေးရေးသားကြရန် အကြံပေးတိုက်တွန်းခဲ့သည်။ ထိုတိုက်တွန်းအကြံပေးမှုကို အကြောင်းပြု၍ စာပေရေးရာအကြောင်းကိစ္စအဖြာဖြာအတွက် ဆွေးနွေးနှီးနှောဖလှယ်ကြရန် အမျိုးသားစာပေညီလာခံကြီးတစ်ရပ် ခေါ်ယူဖို့ စာရေးဆရာအသင်းကြီးက ဆုံးဖြတ်ခဲ့၏။

သို့နှင့် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ၌ တစ်ခါမျှမပြုလုပ်ခဲ့ဖူးသေးသော အမျိုးသားစာပေ ညီလာခံကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ခမ်းခမ်းနားနား ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့် ယဉ်ကျေးမှု ဌာနတာဝန်ခံကိုယ်စား ယဉ်ကျေးမှုဌာနပေါ်လစီညွှန်ကြားရေးဝန်က အခမ်းအနားဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။ စာပေအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ် စာရေးဆရာများနှင့် လေ့လာသူများ၊ ထင်ရှားသောစာရေးဆရာကြီးများ အင်တိုက်အားတိုက် တက်ရောက်ခဲ့ကြသည်။

၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သော အမျိုးသားစာပေညီလာခံကြီးတွင် စာရေးဆရာများသည်-

(၁) စာပေရေးသားပြုစုရန်အကြောင်းအရာ၊

(၂) စာပေရေးနည်းရေးဟန်၊

(၃) စာရေးဆရာတို့၏ တာဝန်နှင့် အခွင့်အရေး

ဟူ၍ အဓိကခေါင်းစဉ်ကြီးသုံးခုကို နှီးနှောဖလှယ်သွားခဲ့ကြသည်။ စာပေရေးသားရန် အကြောင်းအရာဟူသော ခေါင်းစဉ်အတွက် ရန်ကုန်ဘဆွေ၊ အောင်လင်း၊ ဒဂုန်တာရာ၊ မင်းအောင်နှင့် မိုးဝေတို့ကလည်းကောင်း၊ စာပေရေးနည်းရေးဟန်ခေါင်းစဉ်အတွက် ဆရာဇော်ဂျီ၊ ဆရာတက်တိုး၊ ဒေါင်းနွယ်ဆွေ၊ ဦးသန်းထွတ်(တိုက်စိုး)နှင့် လူထုဦးလှတို့ကလည်းကောင်း၊ စာရေးဆရာတို့၏တာဝန်နှင့် အခွင့်အရေးခေါင်းစဉ်အတွက် ဦးထင်ဖတ်(မောင်ထင်)၊ ဆရာဇေယျ၊ ဆရာဇဝန၊ မင်းရှင်နှင့် ဗန်းမော်တင်အောင်တို့ကလည်းကောင်း အသီးသီးတင်ပြဆွေးနွေးသွားခဲ့ကြသည်။

အဆိုပါ အဓိကအကြောင်းအရာကြီးသုံးခုကို ဖော်ပြပါ ထင်ရှားသောစာရေးဆရာကြီးများက အကြောင်းအရာခေါင်းစဉ်တစ်ခုလျှင် ငါးဦးကျစီ ရက်အလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ညီလာခံတက်ရောက်သူ ကိုယ်စားလှယ်စာရေးဆရာများက ပြန်လည်ဆွေးနွေးခြင်း၊ တင်ပြဆွေးနွေးသူ စာရေးဆရာကြီးများက ပြန်လည်ဖြေကြားခြင်းများပြုလုပ်ခဲ့ရာ စာပေလောကနှင့် စာရေးဆရာများအတွက်သာမက စာပေလေ့လာလိုက်စားသူများအတွက်ပါ စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်ကောင်းလှပေသည်။

ထိုစဉ်က "ယဉ်ကျေးမှုအစစ်၊ လူ့အနှစ်" ဟူသော ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်သည့် ယဉ်ကျေးမှုဌာနသည် မြန်မာနိုင်ငံရှိ စာရေးဆရာများ၏ ကြုံတောင့်ကြုံခဲ တွေ့ဆုံနှီးနှောဖလှယ်ခဲ့ကြသော စာပေဆွေးနွေးချက်များကို မှတ်တမ်းတင်ထားရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ စာပေလောက စာရေးဆရာအပေါင်းနှင့်တကွ စာပေလိုက်စားသူများ လေ့လာဖတ်ရှုနိုင်ရန်အတွက်လည်းကောင်း စေတနာရည်ရွယ်ချက်ဖြင့်. . .

"၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ကျင်းပသော အမျိုးသားစာပေညီလာခံ၏ ဆွေးနွေးချက်များ" အမည်ဖြင့် ညီလာခံမှတ်တမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်း (၅၅)နှစ်က ပုံနှိပ်ထုတ်ဝေခဲ့သည့် ထိုမှတ်တမ်းစာအုပ်မှာ စာပေရေးရာ ဗဟုသုတအဆီအနှစ်တို့ဖြင့် ပြည့်လျှမ်းနေသဖြင့် မျက်မှောက်ခေတ်စာပေမျိုးဆက်သစ်များအတွက် တန်ဖိုးမဖြတ်နိုင်သော စာပေအမွေအနှစ်များ ဖြစ်ကြပေသည်။ အမျိုးသားစာပေညီလာခံ၏ဆွေးနွေးချက်များ မှတ်တမ်းစာအုပ်ကို ထိုစဉ်က အကန့်အသတ်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်ရာ ယခုအခါ လက်ကျန်လုံးဝမရှိသလောက်ပင်ဖြစ်၍ ပြန်လည်ပုံနှိပ်ထုတ်ဝေသင့်ကြောင်း အကြံပြုတင်ပြလိုပါသည်။

မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ရည်ရွယ်၍ ပြည်ထောင်စုအဆင့် စာပေညီလာခံတစ်ရပ်ကို မကြာခင်ကာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း မင်္ဂလာသတင်းကောင်းတစ်ရပ် ကြားသိရပေရာ လှိုက်လှဲစွာ ကြိုဆိုလိုက်ရပါကြောင်း။ ။

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိပါသည် သို့သော် ...

**ဒေါက်တာခိုင်ခိုင်ဝင်း**

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လူသားတိုင်းနှင့် သက်ဆိုင်ပါသည်။ ဒီမိုကရေစီစနစ်ကို ထောက်ခံကြိုက်နှစ်သက်သော လူမှုအသိုင်းအဝိုင်းနှင့် ဒီမိုကရေစီစနစ် ကျင့်သုံးနေသောနိုင်ငံများတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် အခြေခံအခွင့်အရေး၊ အုတ်မြစ်အဖြစ် ကျင့်သုံးရမည့်အခွင့်အရေးဖြစ်သည်။ ထို့အပြင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် လူ့အခွင့်အရေးအားလုံးကို ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းများအတွက် မရှိမဖြစ်လိုအပ်သော အခွင့်အရေးလည်း ဖြစ်ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းတွင် ပုံစံမျိုးစုံရှိနိုင်ပါသည်။ နှုတ်မှပြောကြားခြင်း၊ စာရေးသား၍ ဖော်ပြခြင်း (သို့မဟုတ်) ပန်းချီရုပ်ပုံများဖြင့် ဖော်ပြခြင်း (သို့မဟုတ်) အကျီပေါ်တွင် ဒီဇိုင်းဖော်ရေးသားခြင်း စသည်ဖြင့် ပုံစံမျိုးစုံရှိနိုင်ပါသည်။

လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာ လူ့အခွင့်အရေးစာရွက်စာတမ်းများကို လေ့လာကြည့်မည်ဆိုလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ထင်မြင်ယူဆခွင့်တို့သည် အခွင့်အရေးတစ်ခုအဖြစ်ပါရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၉) တွင် လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟူ၍ ဖော်ပြထားပါသည်။ သို့ရာတွင် နိုင်ငံများရှိ အုပ်ချုပ်သူ၊ အာဏာပိုင်တို့သည် အခြေအနေတစ်ရပ်ရပ်အပေါ် မူတည်ပြီး ဥပမာ နိုင်ငံနှင့် မိမိနိုင်ငံသားများ၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ ထိပါးလာနိုင်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကြောင့် ပဋိပက္ခများဖြစ်ပွားလာနိုင်ခြင်းနှင့် ရာဇဝတ်မှုများဖြစ်ပွားလာနိုင်သည်ဟု ကြိုတင်ခန့်မှန်းနိုင်သည့် အခြေအနေမျိုးတွင် အဆိုပါအခွင့်အရေးကို ကန့်သတ်နိုင်ပါသည်။ ဥပမာဆိုရလျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးပြီး ထုတ်ဖော်ပြောဆိုသည့် ပြောဆိုချက်သည် ဘာသာရေး၊ လူမျိုးရေး အမုန်းတရားများ တိုးပွားလာနိုင်သည်ဟု အာဏာပိုင်များက ထင်မြင်သုံးသပ်မိပါက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်နိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်စပ်လျဉ်းပြီး အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ပုဒ်မ ၃၅၄ တွင် ဖော်ပြထားသည်မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည် (က) မိမိယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ (ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်တို့ ဖြစ်ပါသည်။

နိုင်ငံတိုင်းရှိ အုပ်ချုပ်သူအစိုးရသည် ၎င်းနိုင်ငံအတွင်း နေထိုင်ကြသူ နိုင်ငံသူ နိုင်ငံသားများ၏ လူ့အခွင့်အရေးများကိုလေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းပေးရန် ဟူသည့် အဓိကတာဝန်ကြီး သုံးရပ်ရှိပါသည်။ နိုင်ငံတွင်းရှိ နိုင်ငံသားများသည် လူ့အခွင့်အရေး၏ အခြေခံသဘောတရားများကိုနားလည်ပြီး လေးစားလိုက်နာလာကြစေရန်လည်း ဆောင်ရွက်ပေးဖို့ရာ တာဝန်ရှိပါသည်။ နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အသိပညာများမြင့်မားနေမှသာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုသည့် အခွင့်အရေးကိုကျင့်သုံးသည့်အခါတွင် လူ့အခွင့်အရေးအခြေခံသဘောတရားများနှင့်အညီ မှန်ကန်စွာကျင့်သုံးနိုင်မည်ဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူသားအားလုံးသည် လွတ်လပ်စွာမွေးဖွားလာကြပြီး အခွင့်အရေးနှင့် ဂုဏ်သိက္ခာတန်းတူရှိကြသည်ဟု ဖော်ပြထားပါသည်။ မိမိကိုယ်တိုင် လူသားတစ်ဦးဖြစ်သည့်အတွက် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ ခံစားရရှိရမည်ဖြစ်သလို အပြန်အလှန်အားဖြင့် လူသားများဖြစ်သည့် အခြားသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကိုလေးစားရမည်လည်းဖြစ်သည်။ မိမိအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်သော်လည်း အခွင့်အရေးနှင့် တာဝန်သည် တွဲလျက်ပါနေသည့်အလျောက် အခြားသူ၏အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို လေးစားရမည့် တာဝန်ကိုလည်း လိုက်နာဆောင်ရွက်ရပါမည်။ သို့မှသာ လူ့အခွင့်အရေးစံချိန်စံညွှန်းများ နားလည်သည့်၊ လေးစားသည့်၊ လက်ခံကျင့်သုံးသည့် လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်နိုင်မည်ဖြစ်ပြီး ကောင်းမွန်သော ဒီမိုကရေစီဆီသို့ ဦးတည်နိုင်မည်လည်းဖြစ်သည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (Right to freedom of expression) သည် ထိရှလွယ်သော အခွင့်အရေးဖြစ်သည်။ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် (Right to Privacy) နှင့်လည်း ငြိနိုင်ပါသည်။ အချို့သောသူများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကိုကျင့်သုံးနေချိန်တွင် အချို့သောသူများသည် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ရယူလိုကြပါသည်။ သို့အတွက် အချို့သောသူများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကိုပါ ထည့်သွင်းစဉ်းစားစေလိုကြပြီး မည်သို့ကန့်သတ်ကြမည်ကို သိရှိလိုကြသည်။ အကောင်းဆုံးဖြေရှင်းမှုမှာ မိမိအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် အခြားသူ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို လေးစားပြီး ကျင့်သုံးမည်ဆိုလျှင် လူမှုအသိုင်းအဝိုင်းအတွက် များစွာအကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။ လူအချင်းချင်းလေးစားခြင်း၊ အပြန်အလှန် ကိုယ်ချင်းစာစိတ်များဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးဖို့ရာ အရေးကြီးပါသည်။ အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို အပြန်အလှန်နားလည်မှုရှိစွာ ကျင့်သုံးရပါမည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၂) တွင် "မည်သူမျှ မိမိ၏ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်၊ မိသားစု၊ နေအိမ် (သို့မဟုတ်) စာပေးစာယူကိစ္စရပ်များတွင် မတရားဝင်ရောက်စွက်ဖက်ခြင်းကိုလည်းကောင်း၊ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုအား ပုတ်ခတ်ခြင်းကိုလည်းကောင်း မခံရစေရ။ လူတိုင်းသည် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်း(သို့မဟုတ်) ပုတ်ခတ်ခြင်းတို့မှ ဥပဒေအရ အကာအကွယ်ရပိုင်ခွင့်ရှိသည်"ဟု ဖော်ပြထားသည်ကိုလေ့လာသိရှိရပါသည်။ ဆိုလိုသည်မှာ လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် မထိပါးစေရေး ဥပဒေအရ အကာအကွယ်ပေးရမည် ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေတွင် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်ဆိုသည်ကို နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ဆိုသည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြန်မာနိုင်ငံအတွင်းနေထိုင်သော နိုင်ငံသားတစ်ဦး၏ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့် မထိပါးစေရေး ဥပဒေအရ အကာအကွယ်ပေးထားခြင်း ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးအနေဖြင့် အဆိုပါဥပဒေကို လေ့လာကြစေလိုပါသည်။

ယနေ့အချိန်တွင် အင်တာနက်နည်းပညာများ လျင်မြန်စွာတိုးတက်လာနေပြီး အင်တာနက်သုံးစွဲသူဦးရေမှာလည်း များပြားလာနေပါသည်။ အင်တာနက်ပေါ်တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို လွတ်လပ်စွာ ကျင့်သုံးနေကြသည့်အတွက် လူအများကြား ပဋိပက္ခများနှင့် ထိုးနှက်ဝေဖန်မှုများ၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။ လူတစ်ဦးတစ်ယောက်၏ အတွေးအမြင်၊ အယူအဆနှင့် ထိုအယူအဆကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းကို တားမြစ်ရန်မှာ မည်သို့မျှမဖြစ်နိုင်ပါ။ သို့သော်လည်း ဤနေရာတွင် သတိထားရမည့်အချက်မှာ အခွင့်အရေးအရ မိမိ၏ ထင်မြင်ယူဆခွင့်ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိသလို အခြားသူတစ်ဦးမှ ထိုအယူအဆကို သဘောမတူငြင်းဆန်ခွင့်၊ ပြန်လည်ပြောဆိုခွင့်လည်း ရှိသည်ဆိုတာပါပဲ။ သို့အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးပြီး ပြောကြားလိုက်သည့် ပြောကြားချက်အပေါ် အယူအဆ မတူသူများလည်းရှိနိုင်ပြီး ၎င်းတို့၏အမြင်ကို ပြန်လည်ပြောဆိုခြင်းများသည် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ထင်မြင်ယူဆခွင့်နှင့် ပြောဆိုခွင့်ကို ကျင့်သုံးလိုက်ခြင်းဖြစ်သည်ဆိုသည်ကို နားလည်ရပါမည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြန်အလှန်ကျင့်သုံးရာတွင် အပြန်အလှန်နားလည်မှု၊ လေးစားမှုရှိရပါမည်။

လူတစ်ဦးတစ်ယောက်အား မိမိ၏လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကိုကျင့်သုံးပြီး သုံးသပ်ပြောဆိုတော့မည်ဆိုလျှင် ဦးစွာ ဘက်လိုက်မှုကင်းပြီး မှန်ကန်သင့်မြတ်မှုရှိစွာ သုံးသပ်ရန် လိုအပ်ပါသည်။ လူသားတိုင်း မိမိနှင့်တန်းတူညီမျှစွာ မွေးရာပါဂုဏ်သိက္ခာများရှိသည်ကို သိထားပြီး ဝေဖန်သုံးသပ်မှုကို ပြုလုပ်ရပါမည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိပါသည်။ အကျိုးရှိသည့် အပြုသဘော ဝေဖန်သုံးသပ်မှုများဖြင့်သာ အဆိုပါအခွင့်အရေးကို ကျင့်သုံးသင့်ပါသည်။ အမုန်းစကား၊ အမုန်းတရားများ ပွားစေနိုင်သည့် ဝေဖန်သုံးသပ်မှုများဖြင့် အဆိုပါအခွင့်အရေးကို မကျင့်သုံးသင့်ပါ။

နိဂုံးချုပ်ဆိုရလျှင် လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဆိုသည့် အခြေခံအခွင့်အရေး ရှိပါသည်။ သို့သော် အဆိုပါအခွင့်အရေးကို မကျင့်သုံးမီ ပြန်လည်ဆန်းစစ်ရမည်မှာ မိမိ၏ ထုတ်ဖော်ပြောဆိုချက်သည် အခြားသူ၏အခွင့်အရေးကို မထိခိုက်စေသလို ဂုဏ်သိက္ခာနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ထိခိုက်မှု မရှိကြောင်း သေချာစေရန် ဖြစ်သည်။ လူ့ဂုဏ်သိက္ခာ အပြန်အလှန်လေးစားခြင်းဖြင့် ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းကို တည်ထောင်ကြရပါမည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းသောလူ့ဘောင် အဖွဲ့အစည်းသည်သာ ထာဝရငြိမ်းချမ်းမှုကို ပေးစွမ်းနိုင်မည် ဖြစ်သောကြောင့်ဖြစ်သည်။ ။

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်ပိုင်ပြဌာန်းခွင့်၏ အဓိပ္ပာယ်နှင့်သမိုင်းကြောင်း

ရဲထွန်း(သီပေါ)

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးရရှိရန် အားလုံးကကြိုးစားအားထုတ်နေကြပါသည်။ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြရာတွင် အားလုံး မပါဝင်နိုင်သည့်တိုင် ပါဝင်နိုင်သူအားလုံးက လက်နက်ကိုင် အပစ်အခတ်ရပ်စဲရေးကို ပထမဦးစွာလုပ်ဆောင်ပြီးနောက် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာသည့်နည်းကို လျှောက်လှမ်းနေကြပြီဖြစ်ပါသည်။ ထိုသို့နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာသည့်အခါ နိုင်ငံရေးအယူအဆများ၊ ဝေါဟာရများနှင့် ပတ်သက်၍ သေချာစွာသဘောပေါက်ပြီး ပါဝင်ကြသည့်ဘက်အားလုံးမှ နားလည်မှုတူညီကြဘို့ အရေးကြီးပါသည်။ ယခုအခါ ဖက်ဒရယ်စနစ်ကို ဆွေးနွေးကြရင်းဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့်၊ ခွဲထွက်ခွင့်ဆိုသည်တို့ကို ဆွေးနွေးနေသည့် ကာလသို့ရောက်ရှိနေပါပြီ။ သို့ဖြစ်၍ ကိုယ်ပိုင်ပြဌာန်းခွင့် (self-determination) နှင့်ပတ်သက်ပြီး လက်လှမ်းမီရာ တတ်နိုင်သမျှ လေ့လာတင်ပြသွားလိုပါသည်။

**ကိုယ်ပိုင်ပြဌာန်းခွင့် (သို့မဟုတ်) နယ်ချဲ့စနစ်ကို တုံ့ပြန်သည့် လက်နက်**

Self-determination ကို မြန်မာ့နိုင်ငံရေးသမားများက ကိုယ်ပိုင်ပြဌာန်းခွင့် (သို့) ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ဟု ဘာသာပြန်ဆိုလေ့ရှိကြသည်။ မေရီယန်ဝက်ဘ်စတာ အွန်လိုင်းအဘိဓာန်က ပြင်ပယောဂကင်းရှင်းစွာဖြင့် တစ်စုံတစ်ယောက်၏ လွတ်လပ်စွာရွေးချယ်သည့် လုပ်ဆောင်ချက်များ သို့မဟုတ် အခြေအနေများ (free choice of one's own acts or states without external compulsion) ဟုလည်းကောင်း၊ နယ်မြေဒေသယူနစ်တစ်ခု၏ ပြည်သူများက ၎င်းတို့အနာဂတ် နိုင်ငံရေး အဆင့်နေရာကို ဆုံးဖြတ်ခြင်း (determination by the people of a territorial unit of their own future political status) ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

စက်မှုတော်လှန်ရေးအတွင်းနှင့် နောက်ပိုင်းကာလများတွင် ပြည်သူအစုအဖွဲ့အများအပြားသည် ၎င်းတို့မျှဝေပိုင်ဆိုင်ကြသည့် သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ဘာသာစကားနှင့် ဓလေ့ထုံးစံများကို သိမှတ်ပြုလာကြသည်။

အင်ပါယာများ တိုးချဲ့လာခြင်းဖြင့် အရင်းရှင်စနစ်ဖွံ့ဖြိုးလာသည်နှင့်အတူ နိုင်ငံရေးအရ အချုပ်အခြာအာဏာပိုင်မှု အယူအဆသည်လည်း ဝက်ဖားလီးယားစာချုပ်နောက်ပိုင်းတွင် ဖြစ်ပေါ်တိုးတက်လာသည်။ ထို့နည်းတူ ကိုယ်ပိုင်ပြဌာန်းခွင့်အယူအဆသည်လည်း ခေတ်သစ်ကမ္ဘာတွင် ပေါ်ထွက်လာသည်။

အပြိုင်ဖြစ်နေသော အင်အားစုများအကြားသာမက လက်အောက်ခံအဖြစ် ခံစားနေရသောအုပ်စုများ သို့မဟုတ် နိုင်ငံကြီးတစ်ခုအတွင်း အခွင့်အရေးတန်းတူမရ၊ ငြင်းပယ်ခံထားရသူများအတွင်း အမျိုးသားရေးဝါဒသည် စုစည်းညီညွတ်သော သဘောတရားတစ်ရပ်အဖြစ် ထွက်ပြူလာခဲ့သည်။ ထိုသို့သော အခြေအနေအောက်တွင် ကိုယ်ပိုင်ပြဌာန်းခွင့်သည် နယ်ချဲ့စနစ်ကို တုံ့ပြန်သည့် လက်နက်ကောင်းတစ်ခုဖြစ်လာသည်။ ထိုသို့သော ပြည်သူလူထုအုပ်စုများသည် နယ်မြေအပေါ် အချုပ်အခြာအာဏာပိုင်စိုးမှုနှင့် လွတ်လပ်ရေးရရှိစေရန် ကြိုးပမ်းလေ့ရှိကြသည်။ သို့သော်လည်း တစ်ခါတစ်ရံ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုသည့် အခြားအသွင်သဏ္ဌာန်တစ်မျိုးကို ရရှိတတ်သည်။

**အင်ပါယာများနှင့် ကိုလိုနီအရှင်သခင်များ**

ကမ္ဘာ့သမိုင်းတွင် အမျိုးမျိုးသော အင်ပါယာများ ပေါ်ပေါက်ခဲ့သည်။ အော့တိုမန်၊ ရပ်ရှန်း၊ ဩစတြီးယန်း၊ ဟပ်စ်ဘာ့နှင့် ချင်း ( Qing Empire ) အင်ပါယာ စသဖြင့် ပထဝီဒေသအလိုက်၊ သမိုင်းကြောင်းဆိုင်ရာ အခြေအနေအလိုက် မတူကွဲပြားစွာပေါ်ပေါက်ခဲ့ကြသည်။ ခေတ်သစ်ကာလတွင် ဥရောပ၌ ဖြစ်ထွန်းခဲ့သော ပြိုင်ဆိုင်မှုကို အင်အားချိန်ခွင်လျှာထိန်းညှိရေးတိုက်ပွဲအဖြစ် နိုင်ငံရေးသိပ္ပံပညာရှင်များက အကဲဖြတ်လေ့ရှိသည်။ အဆိုပါပြိုင်ဆိုင်မှုတွင် စပိန်နှင့် ပေါ်တူဂီတို့က စတင်ခဲ့ပြီး နောက်ပိုင်းတွင် ဗြိတိသျှ၊ ပြင်သစ်၊ ဒတ်ချ်နှင့် ဂျာမန်တို့ပါဝင်လာသည်။ ၁၉ ရာစုအစောပိုင်းကာလ ဥရောပရှိပြိုင်ဆိုင်မှုသည် စစ်ပွဲများကို ဖြစ်ပေါ်စေခဲ့သည်။ အထူးထင်ရှားသည့် စစ်ပွဲများမှာ နပိုလီယံစစ်ပွဲများဖြစ်ကြသည်။ ဤလက်နက်ကိုင်ပဋိပက္ခနောက်ပိုင်းတွင် ဗြိတိသျှအင်ပါယာသည် လွှမ်းမိုးသည့်နေရာသို့ရောက်လာပြီး နယ်ချဲ့ရာစုအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ တစ်ပြိုင်နက်ထဲတွင် အမျိုးသားရေးဝါဒသည်လည်း အင်အားကြီးမားသည့် နိုင်ငံရေးအိုင်ဒီယိုလိုဂျီတစ်ခုအဖြစ် ဥရောပတွင် မွေးဖွားလာခဲ့လေသည်။

၁၈၇၀ ခုနှစ် ပြင်သစ်-ပရပ်ရှားစစ်ပွဲနောက်ပိုင်းတွင် ပြင်သစ်နှင့် ဂျာမနီတို့လည်း အာရှ၊ အာဖရိကနှင့် ပစိဖိတ်တစ်ခွင် ကိုလိုနီများချဲ့ထွင်ခဲ့ကြလေသည်။ ဂျပန်သည်လည်း အင်အားသစ်တစ်ရပ်အဖြစ်ပေါ်ထွက်လာပြီး ကမ္ဘာတစ်ဝန်း ဘက်ပေါင်းစုံအပြိုင်ကြသည့် ပြိုင်ပွဲကြီးပေါ်လာလေတော့သည်။

**ပုန်ကန်ထကြွမှုများနှင့်အတူ နိုးကြားလာသည့် အမျိုးသားရေးဝါဒ**

၁၇၇၀ ခုနှစ်များအလယ်လောက်ဆီက ဗြိတိသျှကိုလိုနီ မြောက်အမေရိက ကမ္ဘာသစ်၏ စတင်ပုန်ကန်မှုသည် အမျိုးသားအခွင့်အရေးနှင့် ဒီမိုကရက်တစ် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် ပထမဦးဆုံးသောတပ်လှန့်သံ ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တိကျရှင်းလင်းသော ဖွင့်ဆိုချက်ဖြစ်သည့် သဘာဝဓမ္မ၊ လူသား၏ မွေးရာပါရပိုင်ခွင့်၊ အုပ်ချုပ်ခံ ပြည်သူလူထု၏ အချုပ်အခြာအာဏာပိုင်စိုးမှု စသည်တို့မှာ အဓိကအားဖြင့် ပြီးခဲ့သည့်ရာစုနှစ်အတွင်း ဂွန်လောက်၏ ဉာဏအလင်းဖွင့်ရေးသားချက်များကြောင့် လူတို့၏စဉ်းစားတွေးခေါ်မှုများကို နိုးကြားလာစေသောကြောင့်ဖြစ်သည်။ သောမတ်ဂျက်ဖာဆန်ကလည်း ၁၉ ရာစုတစ်လျှောက်လုံး ဥရောပတိုက်သားများကို နှိုးဆွခဲ့သည့် “အမေရိကန်ပြည်ထောင်စု လွတ်လပ်ရေးကြေညာစာတမ်း”ကို ရေးသားခြင်းဖြင့် ပြည်သူလူထု၏ဆန္ဒသဘောထားသည်သာ အခရာဖြစ်သည်ဆိုသော အယူအဆကို ပိုမိုတိုးတက်ဖွံ့ဖြိုးစေခဲ့သည်။ ပြင်သစ်တော်လှန်ရေးသည်လည်း ကမ္ဘာဟောင်းကို အလားတူ နှိုးဆွခဲ့ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည့် အတွေးအခေါ်ကို တရားဝင်ဖြစ်စေခဲ့သည်။

၁၉ ရာစုအစောပိုင်းက ကမ္ဘာသစ်တွင် စပိန်ကိုလိုနီအများစုသည် စပိန်လက်အောက်မှ လွတ်လပ်ရေးရခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုသည် မွန်ရိုးကြေညာချက်ဖြင့် အဆိုပါလွတ်လပ်ရေးများကို ထောက်ခံအားပေးခဲ့သည်။ အမေရိကန် ပြည်သူလူထုနှင့် လွှတ်တော်ဆုံးဖြတ်ချက်များက ထိုကဲ့သို့သောလှုပ်ရှားမှုများကိုထောက်ခံခဲ့ကြရာ အထူးသဖြင့် ဂရိလွတ်လပ်ရေးစစ်ပွဲများ (၁၈၂၁-၁၈၂၉) နှင့် ၁၈၄၈ ခုနှစ် ဟန်ဂေရီတော်လှန်ရေးသမားများ၏ တောင်းဆိုချက်များကဲ့သို့သော လှုပ်ရှားမှုများကို အားပေးထောက်ခံခဲ့သည်။ သို့သော်လည်း ထိုအားပေးထောက်ခံမှုများမှာ တခြားသော အမျိုးသားအကျိုးစီးပွားများနှင့် ထိန်းညှိနေရသည့်အတွက် အစိုးရ၏တရားဝင်ပေါ်လစီတစ်ခုတော့ ဘယ်သောအခါမှ ဖြစ်မလာခဲ့ချေ။

အမေရိကန်ပြည်တွင်းစစ်ပြီးဆုံးသောအခါ တိုင်းပြည်အင်အားတောင့်တင်းလာသည့်အတွက် အလက်စကားဒေသ ဝယ်ယူရေးကာလနှင့် အနောက်အိန္ဒိယကျွန်းများဖြစ်သည့် စိန့်သောမတ်စ်နှင့် စိန့်ဂျွန်တို့ကို ၁၈၆၀ ခုနှစ်များအတွင်း ဝယ်ယူဖို့ကြိုးစားသောအခါ အမေရိကန်ပြည်ထောင်စုသည် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသဘောတရားအဖြစ် လက်ခံကျင့်သုံးခြင်းမပြုခဲ့ပေ။ ထို့နည်းတူ ဟာဝိုင်ယီကျွန်းများပေါ်တွင် အမေရိကန်ပြည်ထောင်စု၏ ဩဇာကြီးထွားလာပြီး ၁၈၉၈ ခုနှစ်အတွင်း သိမ်းသွင်းလိုက်မှုတွင်လည်း ထိုနည်းလည်းကောင်းပင်။ ၁၈၉၉ ခုနှစ်ကဖြစ်ပွားသော စပိန်-အမေရိကန်စစ်ပွဲအောင်နိုင်သောအခါ ကမ္ဘာတွင် ၎င်း၏ ဩဇာနှင့် အဆင့်နေရာမြင့်မားလာသည့်အတွက် စပိန်၏ကိုလိုနီများဖြစ်ခဲ့ကြသော ဂူအမ်၊ ပြူတိုရီကိုနှင့် ဖိလစ်ပိုင်တို့ကို ထိုနိုင်ငံသားများ၏ သဘောဆန္ဒမပါဘဲ သိမ်းပိုက်ခြင်းကို ထောက်ခံခဲ့သည်။ ထို့ပြင် ကျူးဘားနိုင်ငံကို ရုပ်သေးနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

**ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ခွဲထွက်ခွင့်**

တစ်ဖက်တွင် အစဉ်အလာ အင်ပါယာများအတွင်း အမျိုးသားရေးစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာနေကြသည်။ ဥရောပကိုယ်နှိုက်သည်ပင် ၎င်းအတွင်း အမျိုးသားရေးဝါဒများထကြွလာကြပြီး ဂရိ၊ ဟန်ဂေရီ၊ ပိုလန်နှင့် ဘူလ်ဂေးရီးယား စသည်တို့မှာ ၎င်းတို့၏ လွတ်လပ်ရေးအတွက် ကြိုးပမ်းတိုက်ခိုက်လာကြလေသည်။

ကွန်မြူနစ်ဝါဒကို စတင်ဖော်ထုတ်၊ ဖြန့်ဖြူးသူ ကားလ်မာက်စ်က ထိုသို့သော အမျိုးသားရေးလှုပ်ရှားမှုများကို ထောက်ခံအားပေးခဲ့ပြီး လူမှုပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံတကာမဟာမိတ်ဖွဲ့မှုများအတွက် လိုအပ်သောအခင်းအကျင်းတစ်ရပ်အဖြစ် ယုံကြည်ယူဆခဲ့လေသည်။ ဆိုဗီယက်ယူနီယံကို စတင်တည်ထောင်သူ ဗလာဒီမာလီနင်က “ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုသည်မှာ တစ်စုံတစ်ရာဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခြင်းမှာမှားယွင်းပြီး သီးခြားနိုင်ငံထူထောင်တည်ရှိခွင့်ဖြစ်သည်”ဟု အဓိပ္ပာယ်ဖွင့်ဆိုမှသာ မှန်ကန်သည်ဟု ၁၉၁၄ ခုနှစ်တွင် ရေးသားခဲ့သည်။

၁၉၁၇ ခုနှစ် နိုဝင်ဘာလတွင် ရုရှား၌ ဘော်ရှီဘစ်တို့အာဏာရလာသောအခါ ချက်ချင်းဆိုသလိုပင် ပထမကမ္ဘာစစ်မဟာမိတ်အဖွဲ့မှ နုတ်ထွက်လိုက်ကြသည်။ ကိုလိုနီများအပါအဝင် နိုင်ငံများအားလုံး၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကိုလည်း ထောက်ခံအားပေးလေသည်။ ၁၉၁၈ ခုနှစ် “ဆိုဗီယက်ယူနီယံ ဖွဲ့စည်းပုံအခြေခံဥပဒေ” ၌ ၎င်းတွင် ပါဝင်ဖွဲ့စည်းထားသည့် (ရီပတ်ဘလစ်) သမ္မတနိုင်ငံများအား ခွဲထွက်ခွင့်ကိုပါ အသိအမှတ်ပြုလေသည်။

ဤသည်မှာ ဝီလဆင်၏ အကန့်အသတ်ရှိသော တောင်းဆိုချက်များကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။ ၁၉၁၈ ခုနှစ် ဇန်နဝါရီလတွင် ဝီလဆင်က အချက် ၁၄ ချက်ပါကြေညာချက်ကို ထုတ်ပြန်လိုက်သည်။ အဆိုပါ ကြေညာချက်က ကိုလိုနီအရှင်သခင်များ၏ အကျိုးစီးပွားသည်လည်း ပြည်သူလူထုဆန္ဒသဘောထားကဲ့သို့ တန်းတူညီစွာအလေးထားရမည့်အရာဖြစ်ကြောင်းဖြင့် ကိုလိုနီဆိုင်ရာရပိုင်ခွင့်သဘောထားကို ပြန်လည်ထိန်းညှိပေးခဲ့သည်။

ဤအချိန်လောက်မှစ၍ ကိုယ်ပိုင်ပြဌာန်းခွင့်အပေါ်တွင် လစ်ဘရယ်ဒီမိုကရက်များနှင့် ကွန်မြူနစ်များအကြား သဘောထားခြားနားသွားလေသည်။

၁၉၁၈ ခုနှစ် မတ်လကချုပ်ဆိုသော ဘရက်စ်-လစ်တော့ဗ်စ်က် စာချုပ်က ရုရှားကို စစ်ပွဲမှထွက်သွားစေသည့်အပြင် အာမေးနီးယား၊ ဖင်လန်၊ အက်စ်တိုးနီးယား၊ လတ်ဗီးယား၊ ယူကရိန်း၊ လစ်သူရေးနီးယား၊ ဂျော်ဂျီယာနှင့် ပိုလန်တို့ကို လွတ်လပ်ရေးရစေခဲ့သည်။ စစ်ပွဲ၏နောက်ဆုံးရလဒ်က အော့စ်တြီးဟန်ဂေရီအင်ပါယာ ပြိုကွဲသွားစေပြီး ချက်ကို ဆလိုဗက်ကီးယား၊ ဆလိုဗင်း-ကရုတ်-ဆာ့ဗ်နိုင်ငံနှင့် ဆာ့ဗီးယားဘုရင့်နိုင်ငံစသည့် နိုင်ငံသစ်များပေါ်ထွန်းလာသည်။

မည်သို့ဆိုစေကာမူ တချို့သောလူမျိုးများ (အထူးသဖြင့် ပိုးလ်များ၊ ချက်များ၊ ဆာ့ဗ်များနှင့် ရိုမေးနီးယန်းများ) ကို သူတို့ကို မယုံကြည်မနှစ်သက်သော လူမျိုးများအပေါ် အုပ်ချုပ်ခွင့်အာဏာပေးအပ်လိုက်ခြင်းက ဒုတိယကမ္ဘာစစ်ဖြစ်စေရန် မျိုးစေ့ချပေးလိုက်သလို ဖြစ်စေလေသည်။ ထို့အတူ ဂျာမနီသည် ပထမကမ္ဘာစစ်ပွဲတွင် နယ်မြေအချို့ဆုံးရှုံးရသည်။ မြောက်ပိုင်းဆလက်စ်ဗစ် (Slesvig) နယ်မြေက ဒိန်းမတ်နှင့် ပူးပေါင်းလိုကြောင်း လူထုဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးကြသည်။ စစ်ရှုံးသွားသော အော်တိုမန်အင်ပါယာက တူရကီသမ္မတနိုင်ငံနှင့် နိုင်ငံငယ်အများအပြားအဖြစ် ကွဲထွက်သွားသည်။ ၎င်းတို့မှာ ယီမင်၊ ဆီးရီးယားနှင့် လက်ဘနွန်ပါလက်စတိုင်း (နောက်ပိုင်းတွင် ထရန်ဂျော်ဒန်နှင့် အစ္စရေး)၊ မက်ဆိုပိုတေးမီးယား (နောက်ပိုင်းတွင်အီရတ်) တို့ဖြစ်ကြသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီးဖွဲ့စည်းခြင်းမှာ ငြိမ်းချမ်းရေးသို့ သွားရောက်ရာလမ်းအဖြစ် ဤနိုင်ငံသစ်များကို စုစည်းရန်ရည်ရွယ်ခြင်းဖြစ်သည်။

**ကိုယ်ပိုင်ပြဌာန်းခွင့် စကားလုံးလှလှသုံးထားသည့် ဖက်ဆစ်အမျိုးသားရေးဝါဒ**

၁၉၂၀ နှင့် ၁၉၃၀ ခုနှစ်များအတွင်း ကိုလိုနီစနစ်ဖျက်သိမ်းရေးလုပ်ငန်းစဉ်များစတင်စအချိန်တွင် ကိုယ်ပိုင်ပြဌာန်းခွင့်အတွက် အောင်မြင်သောလှုပ်ရှားမှုတချို့ရှိခဲ့သည်။ ဝက်စ်မင်စတာ ဥပဒေအရ အင်္ဂလန်သည် ကနေဒါ၊ နယူးဇီလန်၊ နယူးဖောင်လန်၊ အိုင်းရစ်ဖရီးစတိတ်၊ ဩစတြေးလျနှင့် တောင်အာဖရိကတို့အပေါ် ၎င်းတို့၏ဆန္ဒမပါဘဲ ဥပဒေပြဌာန်းခြင်းမပြုနိုင်ဟု ကြေညာကာ လွတ်လပ်ရေးပေးလိုက်လေသည်။ အီဂျစ်၊ အာဖဂန်နစ္စတန်နှင့် အီရတ်တို့သည် ဗြိတိန်လက်အောက်မှ လွတ်လပ်ရေးရခဲ့ကြပြီး လက်ဘနွန်သည် ပြင်သစ်အောက်မှ လွတ်လပ်ခဲ့သည်။ အိန္ဒိယလွတ်လပ်ရေးလှုပ်ရှားမှုကဲ့သို့ ကြိုးပမ်းမှုများကတော့ မအောင်မြင်ခဲ့ကြသေးပေ။ အီတလီ၊ ဂျပန်နှင့် ဂျာမနီတို့က ဒေသနယ်မြေတချို့ကို သူတို့၏ ချုပ်ကိုင်မှုအောက်ရောက်စေရန် ကြိုးစားကြခြင်းဖြင့် ဒုတိယကမ္ဘာစစ်ပွဲသို့ ဦးတည်နေတော့သည်။

အထူးသဖြင့် အဒေါ့ဖ်ဟစ်တလာက ၁၉၂၀ ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် အချက် ၂၅ ချက်ပါ အမျိုးသားဆိုရှယ်လစ်လမ်းစဉ်ဆိုသည်ကို ထုတ်ပြန်၍ ဂျာမန်လူမျိုးရေးဝါဒရည်မှန်းချက်များကို လူသိရှင်ကြားကြေညာခဲ့လေရာ ကြေညာချက်၏ ပထမဆုံးအပိုဒ်တွင် “ပြည်သူလူထု၏ ကိုယ်ပိုင်ပြဌာန်းခွင့်အခြေခံမှုဖြင့် ဂျာမန်အားလုံး မဟာဂျာမနီနိုင်ငံတွင် စုစည်းညီညွတ်ရန် ကျွန်ုပ်တို့တောင်းဆိုလိုက်သည်”ဟု ဖော်ပြပါထားလေသည်။

အာရှတိုက်တွင် ဂျပန်နိုင်ငံသည် ရုရှား-ဂျပန် စစ်ပွဲနိုင်လိုက်ပြီးနောက် အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာလေရာ အနောက်တိုင်းအင်အားကြီးနိုင်ငံတို့၏ ပိုမိုလေးစားမှုကို ရရှိလာသည်။ ၁၉၃၀ ခုနှစ်များတွင် မန်ချူးရီးယားကို ကျူးကျော်တိုက်ခိုက်ပြီးနောက် မန်ချူးရီးယားနှင့်အတွင်းမွန်ဂိုလီးယားအရှေ့ပိုင်းတို့တွင် မန်ချူးကို ရုပ်သေးနိုင်ငံထူထောင်ပေးခဲ့သည်။ ဂျပန်သည် အခြားသော အာရှနိုင်ငံများကိုလည်း ကျူးကျော်သိမ်းပိုက်ပြီး ထိုပုံစံအတိုင်းလုပ်ဆောင်ကာ မဟာအရှေ့အာရှ သာတူညီမျှချမ်းသာကြွယ်ဝရေးအဖွဲ့ကြီးကို တည်ထောင်လေသည်။

**ကုလသမဂ္ဂ ပဋိညာဉ်**

၁၉၄၁ ခုနှစ်က ဒုတိယကမ္ဘာစစ်မဟာမိတ်များက အတ္တလန်တစ် ကြေညာချက်ကိုထုတ်ပြန်ကြေညာပြီး ကိုယ်ပိုင်ပြဌာန်းခွင့်အခြေခံမူများကို လက်ခံအတည်ပြုကြသည်။ ၁၉၄၂ ခုနှစ်တွင် ၂၆ နိုင်ငံတို့က အဆိုပါအခြေခံမူများပါဝင်သည့် ကုလသမဂ္ဂကြေညာစာတမ်းကို လက်မှတ်ရေးထိုးကြလေသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် ၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို အတည်ပြုသည့်အခါ ကိုယ်ပိုင်ပြဌာန်းခွင့်ကို နိုင်ငံတကာ တရားဥပဒေနှင့် သံတမန်ရေးဆိုင်ရာမူဘောင်အဖြစ် ထည့်သွင်းခဲ့သည်။

သို့သော်လည်း ပဋိညာဉ်နှင့် တခြားသောဆုံးဖြတ်ချက်များက ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိစေရေးအတွက် လုံးဝလွတ်လပ်ရေးသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ခိုင်မာစွာထောက်ခံခြင်းမပြုခဲ့သလို အားပေးခြင်းလည်း မပြုခဲ့ချေ။ မည်သို့ပင်ဆိုစေ ၁၉၄၆ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းတို့တွင် ၃၇ နိုင်ငံသည် ကိုလိုနီအရှင်သခင်များထံမှ လွတ်လပ်ရေးရခဲ့ကြလေသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ၂၀၁၇ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)ဖွင့်ပွဲ ကျင်းပ





**ရန်ကုန် ဇွန် ၂၄**

၂၀၁၇ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှစ်ပေါင်းများစွာ ပညာရေး ခေတ်နောက်ကျနေခဲ့သည့်အတွက် လိုအပ်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရပြီး အမျိုးသားပညာရေးဥပဒေနှင့် ပြင်ဆင်သည့် ဥပဒေတို့အရ တက္ကသိုလ်များတွင် တန်ဖိုးရှိသည့် ပညာရေးပိုမိုဖြစ်ထွန်းလာရေးကို ဦးတည်၍ ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ အကောင်အထည်ဖော်နိုင်ရန် ပင်ပန်းခက်ခဲနက်နဲစွာ ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁) တွင်လည်း အဆင့်မြင့်ပညာကဏ္ဍ သင်ယူမှုအခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးအာမခံမှုရှိနိုင်ရေးနှင့် ထိရောက်သော စီမံခန့်ခွဲမှုဖြင့် အကောင်အထည်ဖော်နိုင်ရေးတို့ကို သုတေသနလေ့လာဆန်းစစ်တွေ့ရှိချက်များနှင့် အကြံပြုချက်များအရ စီမံကိန်းများရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်သွားရမည်ဖြစ်ပါကြောင်း၊ ပညာရေး အရည်အသွေးမြင့်မားလာရေးအတွက် ဆရာ ဆရာမများ၏ ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အရည်အချင်းများသည် လွန်စွာ အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ နှစ်နှစ်သင် ပညာရေးကောလိပ်များကိုလည်း နိုင်ငံတကာကဲ့သို့ လေးနှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်နိုင်ရန် စနစ်တကျစီမံချက်များပြုစုပြီး အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများခန့်ထားရေး၊ ပြောင်းရွှေ့ရေး၊ ရာထူးတိုးမြှင့်ခန့်ထားရေးများတွင်လည်း သတ်မှတ်အရည်အချင်း၊ တာဝန်ထမ်းဆောင်သည့်ကာလပြည့်မီသူများကို တန်းစီဇယားပြုစုရေး သတ်မှတ်မှုများ၊ အင်္ဂလိပ်စာ၊ အိုင်စီတီ၊ သုတေသန စသည့် စွမ်းဆောင်ရည်များ၊ ကျောင်းသားအကဲဖြတ်ချက်များကို ဆရာ ဆရာမများနှင့်စိတ်ပါဝင်စားသူများ သိစေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း၊ သင်ကြားမှုတာဝန်နှင့် အတန်းခွဲဝေခြင်း၊ အချိန်ဇယားပြုစုခြင်း၊ အတန်းမှန်မှန် ဝင်ရောက်သင်ကြားခြင်း၊ ခွင့်ယူခြင်း၊ လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်ဆိုင်ရာကိစ္စများတွင်လည်း စနစ်တကျ ပွင့်လင်းမြင်သာစွာ အသိပေး၍ အစည်းအဝေးမှတ်တမ်းဖြင့် လည်းကောင်း ဆောင်ရွက်သင့်ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံးတွင် သုတေသနသည် အသက်သွေးကြောဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးသည် ဒေသနှင့်နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် အထောက်အကူပြုမည့် သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ သုတေသန စာတမ်းဖတ်ကြားဆွေးနွေးခြင်း၊ သုတေသနဂျာနယ်များတွင် သုတေသန စာတမ်းများပြုစုရေးသားခြင်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများမြှင့်တင်ရေးလုပ်ငန်းနှင့် ဒေသနှင့်ကိုက်ညီသည့် ဘွဲ့/ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များတွင်ရှိသည့် ဘွဲ့သင်တန်းများ၏ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများကိုလေ့လာဆန်းစစ်ဆွေးနွေးပြီး ဒေသနှင့်နိုင်ငံတော်၏ လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် သင်တန်း၊ သင်ရိုးညွှန်းတမ်းများဖြင့်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ၊ ကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက္ကသိုလ်အသီးသီးမှ စာတမ်းရှင်များက တက္ကသိုလ်များတွင် Faculty များ ဖွဲ့စည်းတည်ထောင်ရေး စာတမ်း၊ ဆရာ/ကျောင်းသားဆိုင်ရာ ကိစ္စရပ်များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး စာတမ်း၊ (၄)နှစ်သင်ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ရေးစာတမ်း၊ Credit Transfer System ကို အဆင့်မြင့်ပညာတက္ကသိုလ်များတွင် လက်တွေ့ကျင့်သုံးနိုင်ရေး စာတမ်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးစာတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး ဗြိတိသျှကောင်စီမှ Mrs.Lynne Heslop မှ Strengthening distance education in Myanmar and internationally စာတမ်းနှင့် Mrs.Kathy Wright ၏ Transforming teaching and inspiring learning in universities ဗီဒီယိုကလစ်အား ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါ ၂၀၁၇ ခုနှစ် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)ကို ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်အသီးသီးမှ စာတမ်းရှင်များက စာတမ်း ၁၀ စောင် တင်သွင်းကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော် စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်



**ရန်ကုန် ဇွန် ၂၄**

ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ အမျိုးသားပြန်လည်သင့်မြတ်စေရေး၊ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေး စသည့် ရည်ရွယ်ချက်များဖြင့် ငြိမ်းချမ်းရေးဂီတပွဲတော်ကို ဇူလိုင်လတွင် ပြုလုပ်သွားမည်ဟု ဇွန် ၂၄ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်ပြုလုပ်ခဲ့သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ယင်းဂီတပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ Forever Group နှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်တို့က တင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။ ဂီတပွဲတော် ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက "အစိုးရသစ်တက်လာပြီးနောက်ပိုင်းမှာ အစိုးရသစ်အနေနဲ့က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွနဲ့ အားသွန်ခွန်စိုက် အလေးထားပြီးတော့ ဆောင်ရွက်နေပါတယ်။ အခုဆို (၂၁) ရာစုပင်လုံ ပထမအကြိမ်၊ ဒုတိယအကြိမ် လုပ်ပြီးပါပြီ။ အခြား ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ၊ အစည်းအဝေးတွေလည်း အများကြီး လုပ်ခဲ့ပြီးပါပြီ။ ဒါတွေကို ကျွန်တော်တို့က လူငယ်ထုအတွင်းမှာ များများစားစား မသိရှိနိုင်သေးတဲ့အတွင်းမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ သိအောင်ဘာလုပ်ကြမလဲဆိုပြီး စဉ်းစားကြတဲ့အခါ လူငယ်တွေစိတ်ဝင်စားတဲ့ ဂီတနဲ့ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို သိအောင်လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလိုတစ်ဖက်တစ်လမ်းက ပါဝင်တာပါ" ဟု ပြောသည်။

ငြိမ်းချမ်းရေးဂီတပွဲတော်ကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ စစ်တွေမြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် ဇူလိုင်လ ပထမပတ်မှစတင်ကာ အပတ်စဉ်ကျင်းပသွားမည်ဟု သိရသည်။ မြို့အလိုက် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝါသနာရှင်များသည် ပထမအဆင့်အနေဖြင့် မိမိကြိုက်နှစ်သက်ရာသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ရွေးချယ်ခံရသူများသည် ဒုတိယအဆင့်တွင် သတ်မှတ်ထားသည့် ငြိမ်းချမ်းရေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ရမည် ဖြစ်သည်။ ယင်းတို့အနက်မှ လက်ရွေးစင် ၁၀ ဦးကို ရွေးချယ်ကာ တတိယအဆင့်တွင် ငြိမ်းချမ်းရေးသီချင်းသစ်များဖြင့် သီဆိုယှဉ်ပြိုင်စေမည်ဟု သိရသည်။

"ဒီပွဲတော်လုပ်ခြင်းအားဖြင့် လူငယ်တွေပါဝင်လာမယ်။ နောက်တစ်ခါ ငြိမ်းချမ်းရေးနဲ့ဆက်စပ်တဲ့ ပရဟိတလုပ်ငန်းတွေမှာ ကျွန်တော်တို့အဖွဲ့ပရဟိတအနေနဲ့ သွားမယ်။ သက်ဆိုင်ရာမြို့တွေက ပရဟိတလူငယ်တွေပါလာမယ်။ အဲဒီလူငယ်တွေက ကျွန်တော်တို့ရဲ့လုပ်ငန်းစဉ်တွေမှာ ပါဝင်လာမယ်ဆိုရင် သူတို့စိတ်ထဲမှာ ငြိမ်းချမ်းရေးဆိုတဲ့ အသိလေးက ရှိသွားမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် သူတို့ပါဝင်သင့်တယ်ဆိုတာကို သိသွားမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဆက်လက်ပြောသည်။

ဂီတပွဲတော်တွင် ပရိသတ်၏ မဲပေးမှုစနစ် ၆၀ ရာခိုင်နှုန်းနှင့် အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၄၀ ရာခိုင်နှုန်းကို ပေါင်းစပ်ကာ နောက်ဆုံးဆန်ခါတင်သုံးဦးကို ရွေးချယ်ပေးသွားမည်ဟု သိရသည်။ ပထမ ကျပ်သိန်း ၃၀၀၊ ဒုတိယ ကျပ်သိန်း ၂၀၀၊ တတိယ ကျပ်သိန်း ၁၀၀ တို့အပြင် နှစ်သိမ့်ဆု ကျပ်သိန်း ၃၀ စီ ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

"ကျွန်မတို့ အရာရာတိုးတက်ဖို့ တိုးတက်ဖို့ဆိုပြီး ပြောနေကြတယ်။ ကျွန်မတို့လည်း တိုးတက်ချင်တယ်။ အားလုံးလည်း တိုးတက်ချင်တယ်။ အကြီးအကဲတွေကလည်း တိုးတက်ချင်ကြမှာပါပဲ။ ဒါပေမယ့် ကျွန်မတို့က ပြည်တွင်းငြိမ်းချမ်းမှု မရှိဘူးဆိုရင်တော့ တိုးတက်ဖို့ဆိုတာ အဝေးကြီးလိုသေးတယ်။ အရင်ဆုံးတိုးတက်ဖို့ ပြောင်းလဲဖို့ဆိုရင် အိမ်တွင်း မိသားစုတစ်ဦးနဲ့တစ်ဦး သင့်မြတ်ကြမှ၊ ချစ်ခင်ကြမှ၊ ကြည်ဖြူကြမှပဲ ကိုယ့်အိမ်လေးက အေးချမ်းမှာ ဖြစ်ပါတယ်။အရာရာတိုးတက်မှာ ဖြစ်ပါတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့အတွက် ကိုယ့်အိမ်လေးလို သဘောထားမယ်၊ ကိုယ့်အိမ်သူအိမ်သားအချင်းချင်းလို သဘောထားပြီး သင့်မြတ်အောင်နေကြမှသာ ငြိမ်းချမ်းရေးအတွက် ရှေ့ဆက်သွားနိုင်မှာ ဖြစ်ပါတယ်" ဟု တေးသံရှင် နီနီခင်ဇော်က ပြောသည်။

ယင်းဂီတပွဲတော် သတင်းစာရှင်းလင်းပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဂီတအစည်းအရုံးမှ တာဝန်ရှိသူများ၊ တေးသီချင်းမူပိုင်ရှင်များအသင်းမှ တာဝန်ရှိသူများ၊ နာမည်ကျော်တေးသံရှင်များ၊ မီဒီယာအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဆရာတင့်တယ် နှစ်(၁၀၀)ပြည့် စာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

စာရေးဆရာကြီးတင့်တယ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးမြင့်(စိုးမှူး)(ဘဏ္ဍာရေးမှူး) က အမှာစကားပြောကြားပြီး စာရေးဆရာ စာတမ်းရှင် မောင်ခေတ်ထွန်းက "ဆရာတင့်တယ်၏ဘဝနှင့်စာပေ"၊ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)က "စိတ်အာရုံတွင် စွဲထင်နေသော ဆရာတင့်တယ်၏ဝတ္ထုများ" စာတမ်းတို့ကို ဖတ်ကြားပြီး စာရေးဆရာ တင့်တယ်၏ မိသားစုက အလှူငွေကျပ် ငါးသိန်းကို မြန်မာနိုင်ငံ စာရေးဆရာအသင်း တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် စာရေးဆရာဟိန်းလတ်က "ဆရာတင့်တယ်၏ ဘာသာပြန်လက်ရာများ" စာတမ်း၊ ဆရာ သူရဇော်က "ဆရာတင့်တယ်၏ ကလောင်ခွဲများ" စာတမ်းနှင့် ဆရာ ဦးအေးချို(မဟာဝိဇ္ဇာ)က "ဆရာတင့်တယ်ရေးသည့် နိုင်ငံရေးစာပေ" စာတမ်းများကို အသီးသီးဖတ်ကြားခဲ့ကြသည်။

စာရေးဆရာကြီး တင့်တယ် နှစ်(၁၀၀) ပြည့် စာတမ်းဖတ်ပွဲအခမ်းအနားကိုမကျင်းပမီ ဆရာကြီးတင့်တယ်နှင့် ခေတ်ပြိုင်စာရေးဆရာများ၊ ဆရာကြီး၏ တပည့်နှင့် ဆရာကြီးကို ချစ်ခင်မြတ်နိုး၍ ဆရာကြီး၏ စာပေအနုပညာလောက ကျင်လည်ပုံအကြောင်းများ ရေးသားခဲ့သော စာမူများကို စုစည်း၍ နှစ်(၁၀၀)ပြည့်အထိမ်း အမှတ်အဖြစ် ထုတ်ဝေသည့် "စာပေစင်မြင့် ဂုဏ်ရည်ဝင့်ထည် ဆရာတင့်တယ်" စာအုပ်ထုတ်ဝေခြင်း အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

ဆရာကြီး တင့်တယ်သည် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ဘာသာပြန် စသည့် စာမူပေါင်းတစ်ထောင်ကျော်ခန့်ကို ကလောင်အမည် ၂၉ ခုဖြင့် ရေးသားခဲ့ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ဘီဘီစီသတင်းဌာန(အင်္ဂလန်)တို့၌ အလုပ်လုပ်ကိုင်ခဲ့သည်။ ထို့အပြင် ဆရာကြီးသည် ရုပ်ရှင်ဒါရိုက်တာအဖြစ်နှင့် ဇာတ်ညွှန်းရေးသားသူအဖြစ်ကိုပါ လုပ်ကိုင်ခဲ့ပြီး ရုပ်ရှင်ခြောက်ကား ရိုက်ကူးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

## ကွမ်းလုံ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် Township Sport Development Program(TSDP)အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၆ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ ကျောက်တိုင်အနီး၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းက သေနတ်ပစ်ဖောက်ကာ တာလွှတ်ဖွင့်လှစ်ပေးခဲ့သည်။



ယင်းနောက် နံနက် ၇ နာရီတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ အမျိုးသားမီနီမာရသွန်ပြိုင်ပွဲတွင် မောင်ဒေါင်လွမ်း(ပထမ)၊ မောင်ချောင်ခေါင်း(ဒုတိယ)၊ မောင်ဇော်ခမ်း(တတိယ)နှင့် အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် မမိုးသီတာဇော်(ပထမ)၊ မဂျုံးနန်(ဒုတိယ)၊ မဒေါင်နန်း(တတိယ)ဆုရရှိသူများအား ပထမဆုများအတွက် ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၁၀၀၀၀၀ ၊ ဒုတိယဆုများအတွက် ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၇၀၀၀၀၊ တတိယဆုများအတွက် ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကျပ် ၅၀၀၀၀ နှင့် နံပါတ်စဉ်အလိုက် ဆုရရှိသူများကိုလည်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ကျော်စိုး(ပြန်/ဆက်)**

## ဘားအံ

၂၀၁၇ ခုနှစ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP) အရ ကျင်းပသည့် မြို့နယ်အုပ်ချုပ်ရေးမှူးဖလားနှင့် အိုလံပစ်နေ့အထိမ်းအမှတ်မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၆ နာရီက ဘားအံမြို့ နာရီစင်အနီး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးသည်။

မီနီမာရသွန်ပြိုင်ပွဲတွင် ဘားအံမြို့ပေါ်ရှိ အသက်(၂၅)နှစ်အောက် လူငယ်လူရွယ် ၂၅၈ ဦးတွင် အမျိုးသား ၁၉၅ ဦးသည် နာရီစင်မှ ဗိုလ်ချုပ်လမ်းအတိုင်း မဲဘောင်မီးပွိုင့်၊ ထိုမှ ဘားအံတက္ကသိုလ်လမ်းအတိုင်း ပြန်လည်ဝင်ရောက်ကာ သီရိလမ်းမှတစ်ဆင့် နာရီစင်သို့ လည်းကောင်း၊ အမျိုးသမီး ၆၈ ဦးသည် နာရီစင်မှ ဗိုလ်ချုပ်လမ်းအတိုင်း ဘားအံတက္ကသိုလ်လမ်းသို့ ဝင်ရောက်ပြီး သီရိလမ်းမှတစ်ဆင့် နာရီစင်သို့လည်းကောင်း ယှဉ်ပြိုင်ပန်းဝင်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**





## မန္တလေး

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကျုံးပတ်အပြေးပြိုင်ပွဲကို ဇွန် ၂၃ ရက် နံနက် ၅ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ခုနစ်မြို့နယ်တို့မှ အားကစားနှင့် ကာယပညာသိပ္ပံပညာရေးကောလိပ်၊ အခြေခံပညာနှင့် ကိုယ်ပိုင်ပညာရေးကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ အားကစားမောင်မယ်များအပါအဝင် စုစုပေါင်းကစားသမား ၅၇၀ ကျော် ပါဝင်နေရာယူကြပြီး တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

အပြေးအားကစားသမားများသည် ဗထူးကွင်းမှ ကျုံးပတ်ယှဉ်ပြိုင်ပြေးကာ ဗထူးကွင်း၌ ပြန်လည်ပန်းဝင်ခဲ့ကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက နှုတ်ဆက်အားပေးကြပြီး စေတနာရှင်အလှူရှင်များက ပန်းဝင်လာကြသောအပြေးသမားများကို ပိုကာအားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။ ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဆုငွေများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန္တလေး)**



## သံတွဲ

သံတွဲမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မီနီမာရသွန်ပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက်က သံတွဲမြို့နယ် အားကစားရုံရှေ့၌ မြို့နယ်အားကစားမှူး ဦးတင်စိန်က တာလွှတ်ပေးသည်။

အဆိုပါ မီနီမာရသွန်ပြိုင်ပွဲသို့ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၀၀ ပါဝင်ကာ သံတွဲမြို့မှ မြို့ပြင်ထိ သုံးမိုင်ကို အသွား၊ အပြန် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားအမျိုးသမီး နှစ်သိမ့်ဆု ငါးဆုစီနှင့် ပထမ၊ ဒုတိယ၊ တတိယဆုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ခရိုင်စီမံကိန်းဦးစီးမှူး ဒေါ်မာမာဆွေ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နှင်းယုဇံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အားကစားမှူး ဦးတင်စိန်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်အားပေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်(ပြန်/ဆက်)**

## မြစ်ကြီးနား

ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ကြီးကြပ်မှုဖြင့် NORTHERN GREEL BIKE နှင့် MYITKYINA X RIDER စက်ဘီးစီးအဖွဲ့တို့ ပူးပေါင်းပြီး ဇွန် ၂၄ ရက် နံနက် ၆ နာရီတွင် မြစ်ကြီးနားမြို့၌ ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲ ကျင်းပခဲ့သည်။

မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ စတင်ထွက်ခွာခဲ့ကြပြီး ယင်းနေရာတွင်ပြန်လည်ပန်းဝင်ခဲ့ကြကြောင်း၊ ပြိုင်ပွဲကို မြစ်ကြီးနားခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးယောနသန် Northern Green Bike စက်ဘီးစီးကလပ် ဥက္ကဋ္ဌဦးသောင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြပြီး ယင်းပြိုင်ပွဲ၌ အသက်(၄၀)အောက် အမျိုးသမီး ခြောက်ဦး၊ ကလေးငယ် နှစ်ဦး၊ အသက်(၄၀)နှင့်အထက်၊ အောက် အမျိုးသား ၅၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့်ပန်းဝင်သူများအား အမျိုးသား အမျိုးသမီး ပထမ တစ်သိန်း၊ ဒုတိယ ခုနစ်သောင်း၊ တတိယ ငါးသောင်း၊ နှစ်သိမ့်ဆု နှစ်သောင်းစီတို့ကို တာဝန်ရှိသူများကပေးအပ်ချီးမြှင့်ခဲ့ကြပြီး စက်ဘီးစီးပြိုင်ပွဲကို ၂၁ မိုင်ခရီးအရှည် သတ်မှတ်ခဲ့ကြသည်။ **(မင်းမင်းဦး)**



## ရန်ကုန်

၂၀၁၇ အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ လူငယ်(က)အသင်း ဗိုလ်စွဲခဲ့သည်။

အိုလံပစ်နေ့အထိမ်းအမှတ် ဟော်ကီပြိုင်ပွဲအဖြစ် လူငယ်(က)အသင်း၊ (ခ)အသင်း၊ အမျိုးသမီးလက်ရွေးစင်အသင်း၊ (၄၅)နှစ်အထက် Old Star အသင်းနှင့် Telenor Myanmar အပျော်တမ်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး လူငယ်(က)အသင်းက ပထမ၊ လူငယ်(ခ)အသင်းက ဒုတိယရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ လူငယ်(က)အသင်း၊ ဒုတိယဆုရ လူငယ်(ခ)အသင်းနှင့် ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းများအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**




---

**○ ကျောဖုံးမှ**

Miss Earth ပြိုင်ပွဲသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ယခုနှစ်တွင် (၁၇)ကြိမ်မြောက်ကျင်းပခြင်းဖြစ်ကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ မြှင့်တင်လိုသည့်ရည်ရွယ်ချက်ဖြင့် အလှမယ်များကို ရွေးချယ်ခြင်းဖြစ်သည်။

ယခုနှစ်အတွက် နိုင်ငံကိုယ်စားပြုအဖြစ် ရွေးချယ်ခံရသည့် အလှမယ်သည် နိုဝင်ဘာ ၄ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပမည့် Miss Earth ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-အေးမင်းသူ**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ဥတ္တရသီရိမြို့နယ်တွင် ရေကြီး/ရေလျှံမှုအန္တရာယ်နှင့်ပတ်သက်၍ ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော် ဥတ္တရသီရိမြို့နယ် လဲဝန်းကျေးရွာ၌ မိုးတွင်းကာလတွင် ယမန်နှစ်က ချောင်များမှ ရေကြီးရေလျှံမှုဖြစ်ပွားတတ်သဖြင့် ယခုနှစ်တွင် ဖြစ်ပွားလာပါက ကျေးရွာနေပြည်သူများ အရေးပေါ် ဆောင်ရွက်ရမည့် လုပ်ဆောင်မှုများကို သိရှိစေရန်အတွက် ဇာတ်တိုက်လေ့ကျင့်မှုကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်ဌေး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီသီချို၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ပူးပေါင်း၍ ရေကြီးရေလျှံမှု ဖြစ်ပွားပါက လူ၊ တိရစ္ဆာန်များ ဆုံးရှုံးမှုမရှိစေရေး၊ ပစ္စည်းများဆုံးရှုံးမှု မရှိစေရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်း အဆင့်ဆင့်လုပ်ဆောင်ပုံ၊ အရေးပေါ်ကျန်းမာရေး ကူညီစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပုံ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးငယ်များအား ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများသို့ ပို့ဆောင်ပေးပုံ စသည့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ **(ရွှေရဲရင့်)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုပွဲများ ပြုလုပ်

**ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် အကြိုလှုပ်ရှားမှုများကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီး၌ ပြုလုပ်ကြသည်။**



### မန္တလေး

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကာ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါပြပွဲကို ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### ပခုက္ကူ

ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက ပခုက္ကူမြို့ အထက(၈)ကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များ၊ စာပေဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာဖတ်ရှိန်မြင့်မားစေရန် သုတ၊ ရသစာအုပ်များကို လေ့လာဖတ်ရှုကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ဖားဆောင်း

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၂၀ ရက်က ကယားပြည်နယ် ဖားဆောင်းမြို့နယ် ပါပုကျေးရွာ (အမက)ကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ရသစာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကာ ကျောင်းသား ကျောင်းသူများကို ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအကြောင်း လိုက်လံရှင်းလင်း၍ အသိပညာပေးခဲ့သည်။

အလားတူ ဇွန် ၁၈ ရက်က ဖားဆောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆုပေးပွဲများကိုလည်းကောင်း၊ ဇွန် ၁၉ ရက်က ဖားဆောင်းမြို့နယ် မော်ချီးဒေသ ခဲမဖြူကျေးရွာ လမ်းပြကြယ်ဖြူ ပညာပေးရိပ်သာ၌ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းကြရန်နှင့် မူးယစ်ဆေးဝါး အန္တရာယ်နှင့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများကို နံရံကပ်စာစောင်နှင့်ဓာတ်ပုံများပြသ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

### မော်လိုက်

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ဟောပြောပွဲတွင် မူးယစ်ဆေးဝါးအကြောင်းသိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ခံစားရနိုင်သည့် ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ယင်းဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူ ၅၀ ကျော်တို့တက်ရောက်ကြကာ ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ ရောင်စုံဓာတ်ပုံပြဘုတ်များကိုကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**



# အခွန်ဆိုင်ရာ ကိစ္စရပ်များရှင်းလင်း၊ အခွန်အများဆုံး ထမ်းဆောင်သူများအား ဂုဏ်ပြု

**တောင်တွင်းကြီး ဇွန် ၂၄**

အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာ အသိပညာဗဟုသုတတိုးပွားပြီးလိုလားစွာ အခွန်ထမ်းဆောင်လာစေရန် ရည်ရွယ်၍၂၀၁၇ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်းနှင့်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကုန်သွယ်ခွန်၊ ဝင်ငွေခွန် အများဆုံးထမ်းဆောင်သူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၉ နာရီခွဲက တောင်တွင်းကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခွန်ကောက်ခံရခြင်း၏ရည်ရွယ်ချက်များ၊ ဝင်ငွေခွန် ကြေညာလွှာတင်သွင်းခြင်းလုပ်ငန်းများ၊ လက်ရှိကောက်ခံလျက်ရှိသည့်အခွန်ဆိုင်ရာဥပဒေနှင့် အခွန်နှုန်းထားများ၊ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကြေညာလွှာတင်သွင်းခြင်း ဥပဒေစည်းမျဉ်းများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝင်ငွေခွန် အများဆုံးထမ်းဆောင်သူများနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အခွန်ဦးစီးမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(နိုင်ဝင်း)**

# ဘားအံမြို့ရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးရှင်းလင်း

**ဘားအံ ဇွန် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ရွှေဆိုင်ပိုင်ရှင်များအနေဖြင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချရာတွင် အရောင်းပြေစာအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရေးအတွက် အခွန်ဆိုင်ရာပညာပေး ရှင်းလင်းပွဲကို ဇွန်၂၁ ရက် နံနက် ၁၁ နာရီက ဘားအံမြို့စုပေါင်းရုံး ဒုတိယထပ်၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူး ကုန်သွယ်ခွန်ဥပဒေနှင့် ၂၀၁၇ အခွန်အကောက်ဥပဒေတို့ကို တာဝန်ရှိသူများက ရှင်းလင်းခဲ့သည်။

ထို့သို့ ရှင်းလင်းရာတွင် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချရာတွင် ရောင်းရငွေစုစုပေါင်းအပေါ် ၁၀၀ ရာခိုင်နှုန်းဖြင့် ကျသင့်သည့်အခွန်ကို လုပ်ငန်းရှင်များက ကောက်ခံပြီး ကျသင့်အခွန်နှင့် ညီမျှသောအခွန်အမှတ်တံဆိပ်ကို အမျိုးအစားအလိုက် ကပ်နှိပ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ရွှေဆိုင်လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## မူးယစ်အန္တရာယ် ဒို့ကာကွယ်

❖ မူးယစ်ဆေးကို စမ်းသုံးမကြည့်နဲ့
အသိ သတိ ရှိရမယ်။

❖ သုံးစွဲဖို့ကွယ် မြူဆွယ်ပြတော့
ဝေးဝေးရှောင်ကြ ဒီနယ်ပယ်။

❖ စိတ်ရှင်လန်းဖွယ် နေနိုင်ရေးတွက်
မူးယစ်ဆေးကို ကွင်းရှောင်ဖယ်။

❖ လူတိုင်းကျန်းမာ ပျော်ရွှင်ကြဖို့
ရှောင်ကြ ရှားကြ မူးယစ်နယ်။

❖ မူးယစ်နွံမှာ ကျွံလို့ဆင်းရင်
သေမင်းခံတွင်းဝ ရောက်သွားမယ်။

❖ လူ့ဘောင်တစ်ခွင် မူးယစ်ကင်းမှ
သာယာသန့်ရှင်း အေးချမ်းမယ်။

❖ ကမ္ဘာ့ရန်စွယ် အန္တရာယ်ကြီးသမို့
ကာကွယ်တားဆီး တိုက်ဖျက်မယ်။
တိုက်ဖျက်မယ်။ တိုက်ဖျက်မယ်။

**(အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကိုဂုဏ်ပြုလျက်)**

တက္ကသိုလ် ဆန်းတင့်နိုင်

# ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီထုတ်လုပ်သုံးစွဲမှုဆိုင်ရာဆွေးနွေး



**ရန်ကုန် ဇွန် ၂၄**
ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီမှ ညနေပိုင်းအထိ ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် စားသုံးဆီ သုံးစွဲမှု အသိပညာပေးဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ လက်လီ၊ လက်ကားရောင်းချဖြန့်ဖြူးမှုအပေါ် ပြောင်းလဲကျင့်သုံးသင့်သည့် နည်းလမ်းများ၊ ထုတ်လုပ်မှုအပေါ် ပြောင်းလဲကျင့်သုံးသင့်သည့်နည်းလမ်းများ၊ ပြည်ပမှ တင်သွင်းမှုအပေါ် ပြောင်းလဲကျင့်သုံးသည့်နည်းလမ်းများ အစရှိသည့်ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက အုပ်စုဖွဲ့ဆွေးနွေးကြသည်။

"ဒီဟာတွေအတည်ပြုပြီးရင် သက်ဆိုင်ရာဌာနတွေပြဖို့လိုရင် တင်ပြမယ်။ ဌာနတွေတင်ပြဖို့မလိုဘူးဆိုရင် စပြီးအကောင်အထည်ဖော်မယ်။ ဘယ်နေ့ ဘယ်ရက်၊ ဘယ်ကာလ အတွင်းမှာ အကောင်အထည်ဖော်မယ်ဆိုပြီးတော့ လုပ်ငန်းစဉ်ရဲ့ခက်ခဲနက်နဲမှုအလိုက် မူတည်ပြီးလုပ်သွားမယ်"ဟု စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(ဇာနည်မောင်)**

# ရေးမြို့နယ်တွင် ငါးဖမ်းဆီးရရှိမှု ကျဆင်း

**ရေး ဇွန် ၂၄**
မွန်ပြည်နယ် ရေးမြို့နယ်ရှိ ရေးမြစ်ချောင်းအတွင်း တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ကိုင်သူ များပြားလာခြင်းနှင့် ငါးသယံဇာတရှားပါးလာခြင်းကြောင့် ငါးဖမ်းဆီးရမှုနှုန်း ယခင်ကထက် ကျဆင်းလျက်ရှိသည်။

လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ငါးဖမ်းဆီးသူ ငါးဦးလောက်သာရှိရာ ယခုအခါ ၁၀ ဆခန့်များပြားလာပြီး ငါးဖမ်းဆီးရရှိမှုနှုန်းမှာလည်း ယခင်လို မရရှိတော့ကြောင်း သိရသည်။

ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်မျိုးက "အရင်က ငါးဖမ်းသူကနည်းတော့ တစ်နေ့ကို ငါးမျိုးစုံ ငါးပိဿာလောက် ဖမ်းမိတယ်။ အခုဆို နှစ်ပိဿာလောက်ပဲ ဖမ်းလို့ရကြတယ်။ အခုလုပ်ကိုင်သူလည်း ပိုများလာကြတယ်။ ငါးဖမ်းနေရာကလည်း ကျဉ်းမြောင်းတော့ အရင်ကလို အဆင်မပြေကြဘူး"ဟု ပြောသည်။

ငါးမျိုးစုံကို ကျပ် ၁၅၀၀၀ အထိ ဈေးနှုန်းရနေခြင်းကြောင့်လည်း ငါးဖမ်းဆီးသူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်ရယူလုပ်ကိုင်ကြခြင်းဖြစ်ပြီး လွန်ခဲ့သည့် ၁၀ နှစ်တာကာလကကဲ့သို့ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေသတ္တဝါဖမ်းဆီးရရှိမှု မရှိတော့ဘဲ သိသိသာသာကျဆင်းသွားကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# တိုက်ကြီးမြို့နယ်တွင် တောဆင်ရိုင်းဝင်ရောက်သော စပါးခင်းများကို ကာကွယ်ရန် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ပေး

**တိုက်ကြီး ဇွန် ၂၄**
တိုက်ကြီးမြို့နယ်အတွင်း တောဆင်ရိုင်းများ ဝင်ရောက်မှုကာကွယ်ရန် ဒေသခံများ၏ တောင်းဆိုမှုကြောင့် လျှပ်စစ်ခြံစည်းရိုးများ တပ်ဆင်ပေးလျက်ရှိရာ ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက တိုက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လျှပ်စစ်စွမ်းအင်ပြောင်းစက်ပေးအပ်ပွဲပြုလုပ်သည်။ ယင်းသို့ လျှပ်စစ်ခြံစည်းရိုးကာရံခြင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် Smithsonian Conservation Biology Institution တို့ ပူးပေါင်း၍ ဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါပေးအပ်ပွဲတွင် တိုက်ကြီးမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်သူဦးနှင့် SCBI အဖွဲ့မှ မန်နေဂျာ ဦးခင်မောင်ကြီးတို့က လျှပ်စစ်စွမ်းအင်ပြောင်းစက်ကို ဖလုံအုပ်စုနှင့် အလယ်မြောင်အုပ်စုတို့မှ ဒေသခံများကိုပေးအပ်ခဲ့သည်။ ယခုတပ်ဆင်မည့် လျှပ်စစ်ခြံစည်းရိုးကာရံခြင်းကို ဖလုံအုပ်စုနှင့် အလယ်မြောင်အုပ်စုမှ စပါးစိုက်ခင်း ဧက ၈၀ အတွက် ကာရံပေးမည်ဖြစ်ပြီး ယခင်နှစ်က ဧက ၂၀ အတွက် လျှပ်စစ်ခြံစည်းရိုး တပ်ဆင်ပေးထားခဲ့ရာ တောဆင်ရိုင်းအန္တရာယ်မှ ကာကွယ်နိုင်ခဲ့သည်။

"ကျွန်တော်တို့ရွာ စပါးစိုက်ခင်းဧက ၂၀ လျှပ်စစ်ခြံစည်းရိုးကာထားတာ ဆင်ဝင်ရောက်မှုမှ ကာကွယ်နိုင်ခဲ့ပါတယ်။ ကျွန်တော့်လယ်ကတော့ ခြံစည်းရိုးကာတဲ့အထဲမှာ မပါတော့ သုံးဧကလောက် ဆင်ဖျက်ဆီးခံရတယ်။ စပါးတင်း ၁၅၀ လောက်ဆုံးရှုံးသွားတယ်။ အခု ဧက ၈၀ ကာမှာဆိုတော့ တောဆင်ရိုင်း ဝင်မှုမရှိတော့မှာမို့ ကျွန်တော်တို့ ဒေသခံတွေ ဝမ်းသာနေကြပါတယ်" ဟု ဒေသခံလယ်သမား ဦးဘဲက ပြောသည်။

တိုက်ကြီးမြို့နယ်တွင် ယခင်နှစ်က ရွာလေးရွာ လျှပ်စစ်ခြံစည်းရိုးကာရံပေးခဲ့သည့်အတွက် တောဆင်ရိုင်းဝင်ရောက်မှုမှ ကာကွယ်နိုင်ခဲ့၍ ယခုနှစ် ဒေသခံများ၏တောင်းဆိုမှုအရ အလယ်မြောင်၊ ကဒပ်ကုန်း၊ ချောင်းဆောက်ကျေးရွာတို့တွင် ဆက်လက်ကာရံပေးမည်ဖြစ်သည်။ စပါးစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လျှပ်စစ်ခြံစည်းရိုးကာရံမှာဖြစ်ပြီး ကျန်ရာသီတွင် ဖြုတ်သိမ်းထားမှာဖြစ်၍ တပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်းကို SCBI အဖွဲ့က တာဝန်ယူမည်ဖြစ်ကြောင်း မန်နေဂျာ ဦးခင်မောင်ကြီးက ပြောသည်။

အဆိုပါတပ်ဆင်ခြင်းဖြင့် ကုန်ကျငွေဧက ၂၀ အတွက် ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျခဲ့ပြီး SCBI က အခမဲ့တပ်ဆင်ပေးခြင်းဖြစ်သည်။ တပ်ဆင်လိုပါက ဒေသခံများတင်ပြမှု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က တင်ပြလျှောက်ထားလျှင် တပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုလို လျှပ်စစ်ခြံစည်းကာရံခြင်းဖြင့် လူနှင့် ဆင် ပဋိပက္ခဖြစ်ပွားမှု နည်းနိုင်၍ ည ၇ နာရီမှ နံနက် ၃ နာရီအထိ လျှပ်စစ်ခါတ်အား လွှတ်ထားမည်ဖြစ်ပြီး တောဆင်ရိုင်းများ ဝင်ရောက်ချိန်ကို ကာကွယ်ထားသဖြင့် တောဆင်ရိုင်းများအား ဆင်မုဆိုးများ၏အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

**ထွန်းလှိုင်(မြိုင်)**



# ကြေးမုံ သတင်းအတိုအထွာများ

## ဗောဓိမာန်အောင်ဘုရားဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်

**တာပွန် ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ ဗောဓိမာန်အောင်ငါးထပ်ဘုရားကြီး ပရိဝုဏ်အတွင်း မြက်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘုရားကြီးအား ရေသပ္ပာယ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း တို့ကို ဇွန် ၂၄ ရက် နံနက်ပိုင်းက မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ နယ်မြေရဲစခန်းမှူး ရဲအုပ်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်တပ်ဖွဲ့နှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူအကျိုးပြုလုပ်ငန်းအဖြစ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြကြောင်း သိရသည်။

(ဝ၇၁)

## မြစ်ကူး ကူးတို့စက်သမ္ဗန်များတွင် အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရေးကြပ်မတ်သင့်

**ရန်ကုန် ဇွန် ၂၄**
ဗိုလ်တထောင်ဆိပ်ကမ်းနှင့် ဒလဘက်ကမ်းသို့ စက်သမ္ဗန်များဖြင့် ကူးလူးသွားလာကြသည့် မိဘပြည်သူများကို အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရန်နှိုးဆော်ထားသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းလျက် ရှိသည်။ ခရီးစဉ်မှာ မိုးသည်းထန်ပြီး လှိုင်းလေများကြားတွင် သွားလာရသလို သင်္ဘောကြီးများ ခုတ်မောင်းရာ လမ်းကြောင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အန္တရာယ်ရှိသော်လည်း အသက်ကယ်အင်္ကျီဝတ်ဆင်ရေး နှိုးဆော်ထားမှုအပေါ် လိုက်နာမှုအားနည်းနေဆဲဖြစ်သည်။

"ကျွန်တော်က အသက်(၅၀) ရှိပါပြီ။ နေ့စဉ် ဒလကနေ ဗိုလ်တထောင်ကို စက်သမ္ဗန်စီးရပါတယ်။ ကျွန်တော်ဆို အသက်ကယ်အင်္ကျီဝတ်ချင်ပေမယ့် အင်္ကျီတွေက ဟောင်းနွမ်းနေတာရယ်၊ စီးသူတွေအတွက် အရေအတွက် မလုံလောက်တာရယ်ကြောင့် မဝတ်ရတာပါ" ဟု ဦးဘကွန်းက ပြောသည်။ အသိပေးနှိုးဆော်ထားသည်ထက် မဖြစ်မနေလိုက်နာကြလျှင် ခရီးသွားများလည်း အသက်အန္တရာယ်ကင်းဝေးနိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

(၁၉၇)

## မကွေးတိုင်းဒေသကြီး၌ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**မကွေး ဇွန် ၂၄**
မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကို မေ ၂၃ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိပြီး ဇွန် ၂၂ ရက်အထိ တစ်လအတွင်း ၂၅ မြို့နယ်၊ တောင်သူ ၈၈၇၈၄ ဦးသို့ စပါး ၁၅၈၉၈၁ ဧက၊ အခြားသီးနှံ ဧက ၃၁၇၂၃၀ စုစုပေါင်း ၄၇၆၂၁၁ ဧကနှင့် စုစုပေါင်း ငွေကျပ် သိန်း ၃၉၇၀၈၆ ဒသမ ၅၀အား ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေးသင်တန်းဆင်း

**ဝမ်းတွင်း ဇွန် ၂၄**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေးသရုပ်ပြပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ဝမ်းတွင်းမြို့ အလယ်ဂိတ်လမ်းဆုံ၌ ကျင်းပခဲ့သည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံ လူမှု/ကယ်ဆယ်ရေးအဖွဲ့ချုပ် အထက်မြန်မာပြည်နှင့် ဝမ်းတွင်းမြို့နယ်လုံးဆိုင်ရာ ပရဟိတကွန်ရက်အသင်းကြီးက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သရုပ်ပြပွဲတွင် သဘာဝဘေးအရေးပေါ်တစ်ခုခုကြုံခဲ့လျှင် အချိန်နှင့်တစ်ပြေးညီ နည်းလမ်းတကျ ကူညီဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

## တင်ဒါလုပ်ငန်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းဆိုင်ရာများ ရှင်းလင်း

**မကွေး ဇွန် ၂၄**
မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ချင်းဆက်လမ်း၊ ကျေးလက်ရုံးအဆောက်အအုံ၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်းတင်ဒါလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာများ ရှင်လင်းပွဲကို ဇွန် ၂၃ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက တင်ဒါလုပ်ငန်းနှင့်စပ်လျဉ်းသည့် အခွန်ပြည့်ဝစွာ ထမ်းဆောင်ခြင်း၊ တင်ဒါပိတ်ချိန် အချိန်မီရောက်ရှိရန်စသည့် စည်းကမ်းများအား ရှင်းလင်းတင်ပြသည်။ တင်ဒါခေါ်ယူသည့်ရက်မှာ ဇွန် ၂၃ ရက်မှ ဇွန် ၃၀ ရက်အထိဖြစ်ပြီး တက်ရောက်လာသူလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်ဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ညီညီမောင်(မကွေး)**

# ဇွန်လ တတိယပတ်အတွင်း ကျပ်သန်း ၃၀၀ ကျော်ခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၂၄**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေး အရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်မှ ၂၂ ရက်အတွင်း ခန့်မှန်းတန်ဖိုး ကျပ်သန်း ၃၀၀ ကျော်ခန့်ရှိ အကောက်ခွန်မဲ့ ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် ဇွန် ၁၆ ရက်မှ ၂၂ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများသိမ်းဆည်းရမိခဲ့ရာ ခန့်မှန်းတန်ဖိုးကျပ် ၃၃၉ ဒသမ ၃၂၅၁ သန်းခန့် သိမ်းဆည်းရမိခဲ့သည်။

ယင်းသို့ သိမ်းဆည်းခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၁၂ ဒသမ ၂၆၆၄ သန်းခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၂၃ မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၄၆ ဒသမ ၇၅၆ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းကတားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၃ ဒသမ ၃၂၃ သန်းခန့်)၊ မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၇ ဒသမ ၉၂၅ သန်းခန့်)၊ မူဆယ် (OSS) စစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးကျပ် ၄၉ ဒသမ ०၅၄၇ သန်းခန့်) စုစုပေါင်း ၅၄ မှု(ခန့်မှန်းတန်ဖိုးကျပ် ၃၃၉ ဒသမ ၃၂၅၁ သန်းခန့်)ရှိ အကောက်ခွန်မဲ့ ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ သိမ်းဆည်းမှုများအနက် ထူးခြားသိမ်းဆည်းရရှိမှု အနေဖြင့် ဇွန် ၁၆ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် Canter ယာဉ်အား ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းက တာဝန်ကျအကောက်ခွန်အဖွဲ့က တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် သွင်းကုန်ကြေညာလွှာဖြင့် တင်သွင်းလာသည့် ပန်းများနှင့်အတူ ရောနှော သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံလုပ် MFT Handset 1000 Pcs (ခန့်မှန်းတန်ဖိုးကျပ် ၃၅ သန်းခန့်အား) သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

# ကျောက်စိမ်းတုံးနှင့် ကျောက်ဖြတ်စများသယ်ဆောင်လာသည့် ယာဉ်နှစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဖွင့်လှစ် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ယာဉ်နှစ်စီးပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများနှင့် ကျောက်ဖြတ်စများကို ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Ford Ranger ယာဉ်နှင့် Mazda ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးများနှင့် ကျောက်ဖြတ်စများ (1754 Kg) နှင့် သယ်ဆောင်လာသည့် ယာဉ်နှစ်စီးအပါအဝင် ခန့်မှန်းတန်ဖိုးကျပ် ၁၃၀ ဒသမ ၇၀ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဇွန် ၂၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းတွင် တရားမဝင် ကုန်စည်တားဆီးနိုင်ခဲ့မှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၃၀ ဒသမ ၇၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးနိုင်မှုသုံးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၀ ဒသမ ၇ သန်းခန့်) စုစုပေါင်းတားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၄၁ ဒသမ ၄၀ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

(၀၀၁)

# ငွေ၊ လက်ဝတ်ရတနာနှင့် အသုံးအဆောင်ပစ္စည်း ၁၉ သိန်းကျော် ခိုးယူသွားသူအား ရက်ပိုင်းအတွင်းဖမ်းဆီးရမိ

**ရေတာရှည် ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာတွင် လက်သမားလုပ်ရင်းတည်းခိုနေထိုင်သည့် အိမ်ပေါ်မှ ငွေ၊ လက်ဝတ်ရတနာနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်း ၁၉ သိန်းကျော် ခိုးယူသွားသူအား ရက်ပိုင်းအတွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၁ ရက် နံနက်ပိုင်းက သိုင်းဝကျေးရွာနေ ဦးကျော်ငြိမ်းသည် နေပြည်တော်မှ ပြန်လည်ရောက်ရှိပြီး ငွေသားနှင့် လက်ဝတ်ရတနာများပါသည့် အိတ်ကိုခေါင်းရင်း၌ထားပြီး အိပ်ခဲ့ရာ အိတ်မှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ ဘုန်းတော်ကြီးကျောင်းတွင် လက်သမားအလုပ် လာရောက်လုပ်ကိုင်ရင်း နေအိမ်၌တဲခိုနေထိုင်သူ အောင်ဆန်းဦး(၃၀)နှစ် အုန်းတောစုကျေးရွာ သာယာဝတီမြို့နေသူမှာလည်း ပျောက်ဆုံးလျက်ရှိကြောင်း ဆွာနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။ ဆက်လက်စုံစမ်းခဲ့ရာ အောင်ဆန်းဦးက ၎င်း၏မိဘများနေထိုင်ရာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လက်ပံနွယ်ကျေးရွာသို့ ရောက်ရှိနိုင်ကြောင်း သတင်းအရ ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားခဲ့ရာ ပွင့်ဖြူမြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ဝင်များက သွားရောက်စုံစမ်းစဉ် အောင်ဆန်းဦးကို ဖမ်းဆီးနိုင်ခဲ့သည်။ ဆွာနယ်မြေရဲစခန်းမှ ဒုရဲအုပ်ထွန်းထွန်းလင်းဦးစီးအဖွဲ့က ပွင့်ဖြူမြို့မရဲစခန်းသို့ သွားရောက်၍ အောင်ဆန်းဦးအား လွှဲပြောင်းလက်ခံရယူပြီး ဆက်လက်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်းဝန်ခံ၍ ယူဆောင်သွားခဲ့သော လက်ဝတ်ရတနာပစ္စည်းများနှင့် အခြားသောပစ္စည်းများကို အပ်နှံခဲ့သဖြင့် ၎င်းအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ



# တူရိယာလုလင်အဆိုတော်ကြီး ဦးအံ့ကြီး ကွယ်လွန်

ခေတ်ဟောင်းတေးသီချင်းနှင့် မြန်မာသံစဉ်စစ်စစ် တေးသီချင်းလောကတွင် ထင်ရှားကျော်ကြားပြီး လူကြီးလူငယ်အားလုံးနှစ်သက်စွဲလမ်းခဲ့သည့် အဆိုတော်ကြီး ဦးအံ့ကြီးမှာ ယမန်နေ့ညက ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ တစ်ခေတ်တစ်ခါကသာမက ယနေ့ထက်တိုင်လူကြိုက်များနေဆဲဖြစ်သော သုံးရာသီ၊ တူရိယာလုလင်၊ ယဉ်တကိုယ်မယ်၊ ပန်းပုသူဇာ၊ ကျေးရွာဝါဒ၊ လူချွန်လူကောင်း၊ ရွှေမင်းဂံ၊ ပြုံးတုံ့လှယ်၊ စစ်ကိုင်းတောင် စသည့် တေးသီချင်းသံများကြားမည်ဆိုလျှင် အဆိုတော် ကိုအံ့ကြီးဟု လူတိုင်းသိရှိကြပြီး သောတရှင်များ၏စိတ်ဘဝင်တွင် စွဲလမ်းကျန်ရစ်ခဲ့သော သီချင်းတေးအဆိုပိုင်ရှင်ဖြစ်သည်။

အဆိုတော်ကြီး ဦးအံ့ကြီးကို ချင်းတွင်းနယ်မြေ သစ်တောဝန်ထောက် ဦးဘာတာချာဂျီနှင့် ဒေါ်ဒေါ်ဝင်းတို့က မွေးဖွားခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ ဒေါ်မေညွန့်နှင့် သားနှစ်ဦး၊ သမီးတစ်ဦးတို့အပြင် မြေးသုံးဦး၊ မြစ်တစ်ဦးကျန်ရစ်ခဲ့သည်။ ဇွန် ၂၃ ရက်(သောကြာနေ့) ည ၉ နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့၌လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ပြီး အသက် (၉၅)နှစ်အရွယ်တိုင် လူ့ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်သွားခဲ့သည်။

အဆိုတော်ကြီး ဦးအံ့ကြီးသည် သမီးဖြစ်သူ ဒေါ်ခင်မေအံ့ကြီးမိသားစုနှင့်အတူ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့နှင့် လော့စ်အိန်ဂျလိမြို့တွင် နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီးနောက် မွေးရပ်မြေအမိမြန်မာနိုင်ငံတွင် ကွယ်လွန်ခဲ့သည်။ ငယ်စဉ်ကတည်းက ဂီတကိုခုံမင်မက်မောခဲ့ပြီး တူရိယာအမျိုးမျိုးကို တီးမှုတ်နိုင်စွမ်းရှိသည်။ ညီအစ်ကိုများနှင့်အတူ ဘိတ်ဘရားသားစ်တူရိယာအဖွဲ့အမည်ဖြင့် မြန်မာ့အသံမှတေးသီချင်းများ ထုတ်လွှင့်ခဲ့သည်။ နန်းတော်ရှေ့ဆရာတင်နှင့် မြို့မငြိမ်းတို့ရေးဖွဲ့သော တေးသီချင်းများကို မြန်မာသံစစ်စစ်ဖြင့် နားဝင်ချိုဖွယ်သီဆိုနိုင်ခဲ့သူဖြစ်သည်။ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား စသည့်နိုင်ငံများစွာတို့တွင် နိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင်တေးသီချင်းများစွာတို့ကို သီဆိုခဲ့သည်။

မြန်မာသံစစ်စစ်ဖြင့် သာယာနာပျော်ဖွယ် တေးသီချင်းများကို ပိုင်နိုင်စွာသီဆိုနိုင်ခဲ့သည့် နိုင်ငံကျော်ဂန္ထဝင်ဆိုတီးပညာရှင်ကြီး ကွယ်လွန်သွားခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ဂီတလောကအတွက် ကြီးမားသောကွေလွင့်ခြင်းဖြစ်သလို နှမြောတသသတိရဖွယ်ဖြစ်ကြောင်း ကြေးမုံက သောတရှင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။ ။

❖ **ရွှေဖုံးမှ**

အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းသိန်းက "တက္ကသိုလ်ဝင်ခွင့်အတွက် ရမှတ်ကိုဦးစားမပေးဘဲ ဝါသနာပါတာကို တက်ခွင့်ပြုမယ်ဆိုတာကတော့ အမျိုးသားပညာရေးဥပဒေမှာ ပါပါတယ်။ ကိုယ်တက်ချင်တဲ့ တက္ကသိုလ်ကို လျှောက်နိုင်တယ်။ နိုင်ငံတကာတက္ကသိုလ်တွေမှာလည်း National Exam အမှတ်ကိုလည်းယူတယ်။ တက္ကသိုလ်ဝင်ခွင့် Exam နဲ့လည်း ယူတယ်ဆိုပြီးတော့ နှစ်မျိုးရှိတယ်။ လောလောဆယ် ကျွန်တော်တို့ကတော့ မနှစ်ကအတိုင်း တက္ကသိုလ်ဝင်ခွင့်အမှတ်နဲ့ပဲ ဘာသာရပ်တွေ၊ ကျောင်းတွေကို ပို့မှာဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

"အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေကို ကျောင်းသားတွေ လျှောက်ထားမှုများတာက အများစုကတော့ အဲဒီတက္ကသိုလ်တွေမှာ တက်ချင်ကြတာပေါ့။ ကိုယ့်အမှတ်ကတော့ တက်ချင်တဲ့အမှတ်ကိုမမီဘူး။ ဥပမာ-ဆေးတက္ကသိုလ်အမှတ်က ၅၀၀ ဖြတ်တယ်ဆိုရင် လျှောက်တဲ့သူက အမှတ် ၅၀၀ တော့မရဘူး။ အကုန်လုံးကတော့ ထိပ်ဆုံးကနေ စလျှောက်ကြတယ်။ ကျောင်းရဲ့ဝင်ဆံ့နိုင်တဲ့ ဦးရေအရ ဝင်ခွင့်ရသွားတာတွေလည်းရှိတယ်။ တချို့ကလည်း အမှတ်မီတဲ့ကျောင်းတွေမှာ ဝင်ခွင့်ရသွားတာ တော်တော်များများရှိတယ်။ ၁၀ တန်းအောင်ပေမယ့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်လိုတယ်။ တက္ကသိုလ်တွေရဲ့ ကျောင်းသားလိုအပ်ချက် ပေါ်မူတည်ပြီးတော့ မနှစ်ကဖြတ်ထားတဲ့ ရမှတ်အတိုင်းလည်း ဖြစ်ချင်မှဖြစ်မယ်"ဟု ဒေါက်တာဝင်းသိန်းက ဆိုသည်။

ကျင့်သုံးဆဲ တက္ကသိုလ်ဝင်ခွင့်စနစ်အရ ဝင်ခွင့်ရမှတ်များကို ကြိုတင်သတ်မှတ်ထားခြင်းမရှိဘဲ တက္ကသိုလ်အလိုက်၊ ဘာသာရပ်အလိုက် အများဆုံးလက်ခံသင်ကြားပေးမည့် ကျောင်းသားဦးရေကိုသာ သတ်မှတ်လေ့ရှိပြီး ကျောင်းသားများ၏ လျှောက်ထားမှု၊ တက္ကသိုလ်၏ လက်ခံနိုင်မှုနှင့် လျှောက်ထားသည့်ကျောင်းသားများ၏ အမှတ်အနိမ့်အမြင့်အပေါ်မူတည်၍ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ပြီးချိန်မှသာ အနိမ့်ဆုံးဝင်ခွင့်ပြုခဲ့သည့်ရမှတ်ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

"အွန်လိုင်းမှာ ပျံ့နှံ့နေတာတွေက မမှန်ပါဘူး။ ကျွန်တော်တို့က တက္ကသိုလ်ဝင်ခွင့်မှာ ဘယ်ဘာသာရပ်ကို ဘယ်အမှတ်နဲ့ ဖြတ်တယ်ဆိုတာမရှိပါဘူး။ ဥပမာအားဖြင့် ဆေးတက္ကသိုလ်ကလေးကျောင်းရှိတယ်ဆိုရင် တစ်ကျောင်းကို ၃၀၀၊ လေးကျောင်းဆိုတော့ ၁၂၀၀၊ အဲလိုဆိုရင် လျှောက်တဲ့သူတွေက ဝင်ခွင့်ကတ်တွေနဲ့ လျှောက်ကြမယ်။ အဲဒီလေးကျောင်းမှာ သူတို့ကျောင်းတွေက ခေါ်တဲ့ ၁၂၀၀ ပြည့်သွားတဲ့အခါ အနိမ့်ဆုံးအမှတ်က ဒီနှစ်အတွက် အဲဒီကျောင်းရဲ့အမှတ်ဖြစ်တယ်။ မနှစ်ကအမှတ်နဲ့လည်း ပြောလို့မရပါဘူး။ တက္ကသိုလ်ဝင်ခွင့်နဲ့ ပတ်သက်ပြီးတော့ နှစ်စဉ်လုပ်နေကျအတိုင်း လမ်းညွှန်ပဲဖြန့်ဝေမှာပါ" ဟု ဒေါက်တာဝင်းသိန်းက ပြောကြားခဲ့သည်။

**သတင်း-နိုင်လင်းကြည်၊ ဓာတ်ပုံ-စိုးအောင်(ပညာရေး)**

# ရင်ခုန်ရလွန်းလို့မောနိုင်တဲ့ Lethwei Nation Fight မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

ဇင်လင်းထွန်း(ဓနုဖြူ)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးများနှင့် လအတန်ကြာဝေးကွာနေခဲ့ရသည့် သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၏ အမာခံပရိသတ်ကြီးများအနေဖြင့် မျှော်လင့်ရကျိုးနပ်မည့် ပွဲကြီးတစ်ရပ် ယနေ့ (ဇွန် ၂၅ ရက်) မွန်းလွဲ ၁ နာရီ အချိန်တွင် စတင်အားပေးခွင့်ရတော့မည်ဖြစ်သည်။ Lethwei Nation Fight ဆိုသောခေါင်းစဉ်ဖြင့် ပထမဆုံး စတင်ကျင်းပမည့်ပွဲကို တာဝန်ယူစီစဉ်သူ ဒေါက်တာ ဖြိုးကိုကိုနိုင်ကလည်း ယခုပွဲဖြင့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲစီစဉ်သူလောကကို စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

ယခုပွဲက သိမ်ဖြူရုံ၏ ပုံမှန်ပွဲ ကျင်းပချိန် မွန်းလွဲ ၂ နာရီထက်ရှေ့ကို ၁ နာရီတိုးကာ မွန်းလွဲ ၁ နာရီအချိန် စတင်ကျင်းပမည့်အကြောင်း ရိုးရာလက်ဝှေ့ဝါသနာရှင်များ သတိထားမိဖို့လိုမည်ထင်သည်။

ထိုသို့ စီစဉ်ရခြင်းမှာ Lethwei Nation Fight တွင် ပါဝင်မည့်တွဲဆိုင်း ခုနစ်ဆိုင်းကို MRTV-4 ရုပ်သံမှ လာရောက်ရိုက်ကူးထုတ်လွှင့်ပေးမည်ဖြစ်ရာ နောက်ဆုံးအချိန်ကို ညနေ ၅ နာရီသတ်မှတ်ထားသည့်အတွက် တွဲဆိုင်းအပြည့်အစုံထုတ်လွှင့်နိုင်စေခြင်းငှာ ပွဲစတင်ချိန်ကို ၁ နာရီစောလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ MRTV-4 ရုပ်သံလိုင်း၏ ထုတ်လွှင့်မှုကို မွန်းလွဲ ၂ နာရီမှ စတင်၍ ညနေ ၅ နာရီတွင် အဆုံးသတ်မည်ဖြစ်သော်လည်း ဆက်စပ်ရုပ်သံလိုင်းဖြစ်သော Fox Sports (အခပေး) ရုပ်သံလိုင်းကမူ မွန်းလွဲ ၁ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။ ရုပ်သံရှေ့တွင် ထိုင်၍ကြည့်ရှုအားပေးရန် အဆင်မပြေသည့် ရိုးရာလက်ဝှေ့ဝါသနာရှင်များအနေဖြင့်လည်း အွန်လိုင်းမှတစ်ဆင့်ကြည့်ရှုနိုင်မည့် အစီအစဉ်တစ်ရပ်ရှိနေပြန်သည်။

MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်မှုများကို အင်တာနက်ပေါ်မှ Pyone Play အပလီကေးရှင်းဖြင့် အဆိုပါ အပလီကေးရှင်းကို ဒေါင်းလုဒ်လုပ်ထားလျှင် မိမိ၏ လက်ကိုင်ဖုန်းဖြင့်ပင် ကြည့်ရှုအားပေးခွင့်ရပေလိမ့်မည်။

သို့ရာတွင် ရုပ်ဝေးပရိသတ်နှင့် အခြေအနေမပေးလွန်းသော ပရိသတ်များမှလွဲလျှင် ဝါသနာရှင်ပရိသတ်များအနေဖြင့် သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံသို့ လာရောက်အားပေးခြင်းသည်သာ ရိုးရာလက်ဝှေ့ကို ပိုမိုချီးမြှောက်ရာရောက်သည်ဟု ဆိုရပေမည်။ ကြိုးဝိုင်းထဲတွင် ရိုးရာလက်ဝှေ့ရသပေါ်လွင်အောင် သူတင်ကိုယ်တင်ယှဉ်ကြသည့် ရိုးရာလက်ဝှေ့သမားလေးများအတွက် ပရိသတ်၏ လက်ခုပ်သံက အားဆေးတစ်ခွက်ဖြစ်သကဲ့သို့ စီစဉ်သူအတွက်လည်း နားဝင်ပီယံဖြစ်စေပါလိမ့်မည်။ ထိုပီတိမျိုးလိုလားသည့်အတွက် စီစဉ်သူက ရုံဝင်လက်မှတ်တန်ကြေးကို ထက်ဝက်လျှော့ချပေးထားကြောင်း ဆိုလာသည်။ ကြိုးဝိုင်းဘေးရှေ့ဆုံးတန်းကို ယခင်ပွဲများတွင် ငွေကျပ်တစ်သိန်း သတ်မှတ်ခဲ့ကြသော်လည်း ယခုပွဲစီစဉ်သူက ကျပ်ငါးသောင်းအထိ လျှော့ချလိုက်ပြီး ယခင်အနိမ့်ဆုံး ရုံဝင်လက်မှတ်ကြေး ကျပ်တစ်သောင်းကို ကျပ်ငါးထောင်အထိ လျှော့ချပေးလာသည်။ မည်သို့ပင်ဖြစ်စေ ရုပ်သံမှ ကြည့်ရှုအားပေးရသည့် ရသ၊ ရုံထဲဝင်၍ ရင်ခုန်ရသည့် ရသက ပိုမိုကောင်းမွန်ကြောင်း ကိုယ်တွေ့ခံစားသိရှိထားသည့် ပရိသတ်များကတော့ သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံထဲသို့ မွန်းလွဲ ၁ နာရီ အမီရောက်ရှိလာကြမည်သာ။ ထိုသို့သော ရုံထဲလာသည့် အမာခံပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်တစ်ရပ်ဖြင့် ကျေးဇူးဆပ်မည်ဖြစ်ကြောင်း စီစဉ်သူက ပြောကြားသည်။

" ယခင်တစ်ကြိမ်ဆုံတွေ့ခဲ့မှုတွင် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်) ကို ရှုံးနိမ့်ခဲ့ရသော ရဲရင့်သွေး (1886 Mandalay) ၏ မကျေပွဲဖြစ်နေသောကြောင့်ပင်။ နင်းခြေ၊ တားခြေ၊ တံတောင်၊ ဒေါင်ဗလာဒူး၊ ချုပ်တိုက်ဒူးများဖြင့် ပြိုင်ဘက်ကို ဖြိုချလေ့ရှိသော ဆလိုင်းချမ်းမြေ့ကိုသည် လူသစ်တန်းပွဲများမှ အချိန်တိုအတွင်း နာမည်ပေါက်လာခဲ့သူဖြစ်ရာ သိမ်ဖြူရုံ၏ အမာခံပရိသတ်များတွင် ဆလိုင်း၏ ပရိသတ်ထက်ဝက်မျှ ပါနေနိုင်သည်။ ရဲရင့်သွေးအနေဖြင့်လည်း ဆလိုင်းချမ်းမြေ့ကိုနှင့်ဆုံတိုင်း အရှုံးလောင်းရိပ်အောက်သို့သာ ရောက်နေပါက ရှေ့ဆက်၍ ရိုးရာလက်ဝှေ့သမားဘဝ ထွန်းပဖို့ မလွယ်။ ထို့ကြောင့်ပင် ဆရာချောလု၏ အပြင်းအထန်လေ့ကျင့်သင်ကြားမှုများကိုခံယူရင်း ရှုံးကြွေးဆပ်ဖို့အခွင့်အရေးစောင့်နေခဲ့ခြင်းဖြစ်ပေရာ မီးကုန်ယမ်းကုန်တိုက်ပွဲတစ်ပွဲဖြစ်ပေါ်လာမည်ဟု ခန့်မှန်းရပေသည်။ "

ရုံထဲဝင်သည့် ပရိသတ်များ ပထမဆုံးရင်ခုန်ရမည့်တွဲဆိုင်းက ဒေါင်းဖြူလေး (Adventure) နှင့် ခွန်လင်းထက် (ဘိလပ်မြေစက်ရုံ) တို့ဖြစ်သည်။ ဒေါင်းဖြူလေးက နာမည်ကျော် ဒေါင်းသည်းခြေ၏ ညီငယ်ဖြစ်ပြီး လူပုံချောသလောက် ခြေကန်ပြင်းသူဖြစ်သည်။ အစ်ကိုဖြစ်သူ၏ ပွဲသိမ်းကန်ချက်ကို လက်ဆင့်ကမ်းအမွေခံနိုင်ကြောင်း ပြသခဲ့သည့် ပွဲမှတ်တမ်းကောင်းများရှိထားသည်။ ခွန်လင်းထက်က ဒေါင်းဖြူထက်စာလျှင်ပါဝါနည်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဘိလပ်မြေစက်ရုံကလပ်၏ ငယ်မွေးခြံပေါက်ပီပီထိုးလုံးသတ်ကွက်စုံလင်ပြီး သက်လုံနှင့် မာဂုဏ်လည်းရှိပေရာ ဒေါင်းဖြူ၏ ပါဝါကန်ချက်ကိုပိတ်ဆို့ကာကွယ်ရင်း ကောင်တာဖိုက်တာလုပ်သွားလိမ့်မည်ဟု မှန်းဆရပေသည်။ ဒုတိယမြောက်တွဲဆိုင်းကတော့ ပရိသတ်၏ ရင်ခုန်သံကို ပို၍အရှိန်မြှင့်ပေးမည့် သဘောရှိနေသည်။ ယခင်တစ်ကြိမ် ဆုံတွေ့ခဲ့မှုတွင် ဆလိုင်းချမ်းမြေ့ကို(ထွန်းသွင်)ကို ရှုံးနိမ့်ခဲ့ရသော ရဲရင့်သွေး (1886 Mandalay) ၏ မကျေပွဲဖြစ်နေသောကြောင့်ပင်။ နင်းခြေ၊ တားခြေ၊ တံတောင်၊ ဒေါင်ဗလာဒူး၊ ချုပ်တိုက်ဒူးများဖြင့် ပြိုင်ဘက်ကို ဖြိုချလေ့ရှိသော ဆလိုင်းချမ်းမြေ့ကိုသည် လူသစ်တန်းပွဲများမှ အချိန်တိုအတွင်း နာမည်ပေါက်လာခဲ့သူဖြစ်ရာ သိမ်ဖြူရုံ၏ အမာခံပရိသတ်များတွင် ဆလိုင်း၏ ပရိသတ်ထက်ဝက်မျှ ပါနေနိုင်သည်။ ရဲရင့်သွေးအနေဖြင့်လည်း ဆလိုင်းချမ်းမြေ့ကိုနှင့်ဆုံတိုင်း အရှုံးလောင်းရိပ်အောက်သို့သာ ရောက်နေပါက ရှေ့ဆက်၍ ရိုးရာလက်ဝှေ့သမားဘဝထွန်းပဖို့မလွယ်။ ထို့ကြောင့်ပင် ဆရာ ချောလု၏ အပြင်းအထန်လေ့ကျင့်သင်ကြားမှုများကိုခံယူရင်း ရှုံးကြွေးဆပ်ဖို့အခွင့်အရေးစောင့်နေခဲ့ခြင်းဖြစ်ပေရာ မီးကုန်ယမ်းကုန်တိုက်ပွဲတစ်ပွဲဖြစ်ပေါ်လာမည်ဟု ခန့်မှန်းရပေသည်။

အဆိုပါ ပြည်တွင်းစိန်ခေါ်ပွဲတွဲဆိုင်း နှစ်ဆိုင်းမှာပင် ရင်ခုန်သံစည်းချက်မြန်နေလောက်သော ပရိသတ်များသည် မြန်မာ့ရိုးရာလက်ဝှေ့သမားများက တွဲဆိုင်းတစ်ခြမ်း ပြည်ပလက်ဝှေ့သမားများက တွဲဆိုင်းတစ်ခြမ်း ယှဉ်ပြိုင်ကြမည့် တွဲဆိုင်း ငါးဆိုင်းကိုတော့ တစ်ဆင့်ထက်တစ်ဆင့် ပို၍မြင့်လာသော ရင်ခုန်သံတို့ဖြင့် အားပေးရမည်ထင်သည်။ ကရင်ပြည်နယ်သားတစ်ယောက်ဖြစ်ပြီး လက်သီးယိုစီးမှုအဖြစ် ထိုင်းနိုင်ငံဘက်သို့ အလုပ်သွားလုပ်ရင်းမှ မွေထိုင်းပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပွဲများသောကြောင့် ဖာဒေါ်ဝှစ်ဟု နာမည်ကျော်နေသော ကရင်လေးနှင့် ဘိုနန်(ထိုင်း)တို့ပွဲသည် ကရင်လေးက မကျေပွဲစိန်ခေါ်သည့် အနေအထားလည်းဖြစ်နေပြန်သည်။ မွေထိုင်းပွဲတွင် တင်ခဲ့သောကြွေးကို မြန်မာ့ရိုးရာလက်ဝှေ့ပွဲ၊ မြန်မာပရိသတ်များရှေ့မှောက်၌ ကရင်လေးက အရင်ကြွေးချေမည့်အပြင် လှလှပပ အလဲထိုးအနိုင်ယူမည်လားဆိုသည်မှာ စိတ်လှုပ်ရှားစရာ ဖြစ်နေသည်။ ထို့နောက် မိုးဟိန်း (ဘိလပ်မြေစက်ရုံ)နှင့် လိုင်ဖေး(ကမ္ဘောဒီးယား)၊ စောမိုက်ရိုင်း(ရွှေဖူး)နှင့် တူလာဆေး (ဥဇဘက်ကစ္စတန်)၊ ကြယ်စင် ဖြိုး(ရိုးရာပုဂံ)နှင့် ဒင်ဘိုဆိုင်း (ထိုင်း)၊ စောဂေါ်မူတို(သတ္တိ)နှင့် ပရော့စမွေ(ခ) ဝီဂျစ်တို့တွဲဆိုင်းများသည် တစ်ပွဲထက်တစ်ပွဲ အသည်းတယားယား ရင်တဖိုဖိုဖြစ်စေလိမ့်မည်ဟု တွက်ဆရပေသည်။

အထူးသဖြင့် နောက်ဆုံးပိတ်စိန်ခေါ်ပွဲကြီးယှဉ်ပြိုင်ကြမည့် စောဂေါ်မူတိုနှင့် ဝီဂျစ်တို့တွဲဆိုင်းသည် သူ့တာကိုယ့်တာ လုံအောင်ကာရမည့် သဘောရှိနေသည့်အတွက် မျက်စေ့တစ်မှိတ်လျှပ်တစ်ပြက်မှ အခွင့်အရေးပေး၍ မရသည့်အနေအထားဖြစ်သည်။ စောဂေါ်မူတိုက ၂၀၁၆ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် ၇၁ ကီလိုတန်း ရွှေခါးပတ်ချန်ပီယံဖြစ်ထားသူမို့ ရိုးရာလက်ဝှေ့ဂုဏ်သိက္ခာကို ကာကွယ်ရမည့် သဘောရှိနေသလို ဝီဂျစ်ကလည်း သူ့နိုင်ငံသူ့ပြိုင်ပွဲများတွင် ရွှေခါးပတ်များရှင်တစ်ယောက်အဖြစ် နာမည်ကျော်နေသူဖြစ်ပေရာ ထိုသိက္ခာကို ကာကွယ်ရပေတော့မည်။ ဝီဂျစ်သည် လွန်ခဲ့သည့်နှစ်က ရေးမြို့ ရွှေဆံတော်နှင့် စကားတောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတွင် သံမဏိစိုးကြီးဟု နာမည်ကျော်သူ စိုးလင်းဦးကို ပါဝါကန်ဖြင့် အမှတ်စဉ်အရေခံခဲ့စေခဲ့ဖူးသည်။ လက်သီးပါဝါရှိသလို လျင်မြန်ဖြတ်လပ်မှုလည်းရှိသည့်အတွက် စိုးလင်းဦးအတော်ပင် ရုန်းကန်ရင်ဆိုင်လိုက်ရသည်။ နောက်ပိုင်းတွင် စိုးလင်းဦး၏ မရပ်မနားတိုက်စစ်ဆင်မှုကြောင့် ဝီဂျစ်အနားတောင်းခဲ့ရပြီး သရေပွဲဖြစ်သွားခဲ့သည်။ ယခုပွဲအတွက် ဝီဂျစ်က အထူးပြင်ဆင်လေ့ကျင့်ထားမည်ဖြစ်သကဲ့သို့ စောဂေါ်မူတိုဘက်ကလည်း အဓိကစိန်ခေါ်ပွဲကြီး နေရာယူရသည့် အခြေအနေမျိုးတွင် မိမိအစွမ်းအစပြနိုင်ရမည်ဆိုသော စိတ်ဓာတ်ဖြင့် ပွဲဖြတ်ဖို့ကြိုးစားမည်ထင်သည်။ အသွားအပြန်အမှားမခံသောပွဲဖြစ်ပေရာ ရုံထဲဝင်၍ ရင်ခုန်လာသော ပရိသတ်ကြီးကို ရင်ခုန်ရလွန်းလို့ မောမှာစိုးမိပါတော့သည်။

## အလာဗက်စ်နည်းပြဟောင်း ပယ်လီဂရီနိုကို ဆောက်သမ်တန်နည်းပြအဖြစ် ခန့်အပ်



ဆောက်သမ်တန်အသင်းသည် လာလီဂါကလပ် အလာဗက်စ်နည်းပြဟောင်း ပယ်လီဂရီနိုကို နည်းပြသစ်အဖြစ် ဇွန် ၂၄ ရက်တွင် ခန့်အပ်လိုက်ပြီဖြစ်သည်။ ယခုလအစောပိုင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခံရသူ ကလော်ဒီယိုပေါလ်၏နေရာတွင် အသက်(၄၅)နှစ်အရွယ်အာဂျင်တိုင်းသား ပယ်လီဂရီနိုကို အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ပယ်လီဂရီနိုမှာ ဘာစီလိုနာကိုအရေးနိမ့်ခဲ့သည့် ကိုပါဒယ်ရေးဖလားအပြီး ပြီးခဲ့သည့်မေလအတွင်းတွင် အလာဗက်စ်နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့သူဖြစ်ပြီး အလာဗက်စ်အသင်းကို လာလီဂါတွင် အဆင့် (၉)၊ ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင်ကူညီပေးနိုင်ခဲ့သူဖြစ်သည်။ ပယ်လီဂရီနိုမှာ လီဗာပူးအသင်းတွင် နောက်ခံလူတစ်ဦးအဖြစ် ကစားခဲ့ဖူးပြီး ပရီမီယာလိဂ်ဘောလုံးလောကနှင့် ရင်းနှီးသူတစ်ဦးဖြစ်သည်။


မေလွဲ့သင်း-ရေးသားသည်



## မန်ယူနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက် ရယူနိုင်ခဲ့ပြီဖြစ်တဲ့ မာတစ်

ချယ်လ်ဆီးကွင်းလယ်လူ မာတစ်သည် ဆရာဟောင်း မော်ရင်ဟိုနှင့် ပြန်လည်ပူးပေါင်းရန်အတွက် မန်ယူနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။ မာတစ်မှာ ပြီးခဲ့သည့် ဘောလုံးရာသီ ချယ်လ်ဆီးအသင်းကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြ ကစားနိုင်သူဖြစ်သော်လည်း အပြောင်းအလဲများစွာ ပြုလုပ်ရန်ဆန္ဒရှိနေသည့် ချယ်လ်ဆီးနည်းပြ ကွန်တီအတွက် မာတစ်မှာ အနာဂတ်အစီအစဉ်တွင် ပါဝင်ရန် မသေချာသည့် အနေအထားဆိုက်နေသည်။ ယင်းအခြေအနေကြောင့် မော်ရင်ဟိုက ချယ်လ်ဆီးတွင် နှစ်ရာသီကြာ လက်တွဲဖူးသည့် မာတစ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် ကြိုးပမ်းနေရာ ယခုကဲ့သို့ ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်ဟူသော သတင်းများထွက်လာခဲ့ခြင်း ဖြစ်သည်။

## လာမည့်ရက်သတ္တပတ်အတွင်း အာဆင်နယ်နှင့် လာကာဇက်တီတို့ အပြောင်းအရွှေ့ အပြီးသတ်မည်



လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူရန် အချိန်အတော်ကြာ ကြိုးပမ်းနေခဲ့သည့် အာဆင်နယ်အနေဖြင့် လာမည့်ရက်သတ္တပတ်အတွင်း လာကာဇက်တီကို အပြီးသတ်ခေါ်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ အာဆင်နယ်အသင်းဘက်မှ လာကာဇက်တီအတွက် ကလပ်အသင်း စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၄၄ သန်း ပေးချေရမည်ဖြစ်ရာ ၂၀၁၃ ခုနှစ် ကွင်းလယ်လူ မီဆပ်အိုဇေးလ်အတွက် အသုံးပြုခဲ့တဲ့ ပေါင် ၄၂ ဒသမ ၅ သန်းကိုပင် ကျော်လွန်မည်ဖြစ်သည်။ အာဆင်နယ်၏ ပြောင်းရွှေ့ကြေးအမြင့်ဆုံး ကစားသမားငါးဦးမှာ မီဆပ်အိုဇေးလ် (ပေါင် ၄၂ ဒသမ ၅ သန်း)၊ မူစတာဖီ (ပေါင် ၃၅သန်း)၊ ဇာကာ (ပေါင် ၃၃ ဒသမ ၈ သန်း)၊ ဆန်းချက်ဇ် (၃၀ ဒသမ ၇ သန်း)နှင့် လူးကပ်စ်ပီရက်ဇ် (၁၇ ဒသမ ၁ သန်း)တို့ ဖြစ်ကြသည်။ ❑

# ကိုရီးယား–မြန်မာ ချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရေးစီမံကိန်း မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်း ဇူလိုင်လကုန်၌ ပြီးစီးရန်ခန့်မှန်း

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအားဖွံ့ဖြိုးတိုးတက်စေမည့် ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရေးစီမံကိန်းအား စတင်နေပြီဖြစ်ရာ ယခုအခါ မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်း ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်းကိုလာမည့် ဇူလိုင်လကုန်ပိုင်း၌ ဆောင်ရွက်ပြီးစီးရန် ခန့်မှန်းထားကြောင်း ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား (ဒလ) တည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

ရန်ကုန်ဘက်အခြမ်းဖြစ်သော ဘုန်းကြီးလမ်းတစ်လျှောက် ကမ်းနားလမ်းဘယ်ဘက်အခြမ်းနှင့် ညာဘက်အခြမ်း၌ မြေသား ခံနိုင်ဝန်စမ်းသပ်ရန်အတွက်ပွိုင့် ၅၀ (Bore hole) တွင်းကျော်ရှိပြီး ဒလဘက်ခြမ်းတွင် ကမာကဆစ်ရပ်ကွက်ရှိ လှေဆိပ်ထိပ်မှ နာရီစင်အဝိုင်းထိ မြေသားခံနိုင်ဝန်စမ်းသပ်ရန်အတွက် ပွိုင့်၁၄ (Bore hole)တွင်း ရှိမည်ဖြစ်သည်။ Soil Test ပွိုင့် တူးဖော်ရရှိသည့်ရလဒ်များအပေါ် မူတည်ကာပွိုင့် အတိုးအလျှော့များရှိမည်ဖြစ်ပြီး ပွိုင့် ၁ (Bore hole) တွင်း၏ အနက်မှာမီတာ ၇၀ ဝန်းကျင်စီရှိကာ ပွိုင့်အကျယ်မှာ ၁၀၀ မီလီမီတာစီရှိမည်ဖြစ်သည်။ မြစ်အတွင်းပွိုင့် ၆ (Bore hole) တွင်းရှိမည်ဖြစ်ပြီး ကမ်းစပ်တစ်ဖက်စီ၌ မြေသားခံနိုင်ဝန်စမ်းသပ်ရန်အတွက် ပွိုင့် ၂ (Bore hole) တွင်းစီလုပ်ဆောင်မည်ဖြစ်သည်။

လက်ရှိအနေအထားအရ ဘုန်းကြီးလမ်းဘက်အခြမ်း၌ ဗိုလ်ချုပ်လမ်းမှ ကမ်းနားလမ်းအထိအဖြောင့်အတိုင်းမြေသားခံနိုင်ဝန် စမ်းသပ်ရန်အတွက်ပွိုင့် ၁၄ (Bore hole) တွင်းကိုလွန်တူးစက် လေးစီးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ဒလဘက်ခြမ်းတွင် ကမာကဆစ်ရပ်ကွက်ရှိ လှေဆိပ်ထိပ်မှ နာရီစင်အဝိုင်းထိ ပွိုင့် ၁၄ (Bore hole) တွင်းကို လွန်တူးစက်နှစ်စီးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

ဒလဘက်ခြမ်း၌ မြေသားခံနိုင်ဝန်စမ်းသပ်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဒလကမ်းစပ်ဘက်အခြမ်း၌ ပွိုင့်တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ ရန်ကုန်ဘက်ခြမ်း၌ မြေသားခံနိုင်ဝန် စမ်းသပ်ခြင်းလုပ်ငန်း ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်း၌ Geo-technical အင်ဂျင်နီယာဦးရေ ကိုးဦးရှိပြီး ဝန်ထမ်းနှင့် လုပ်သားအင်အား ၅၀ ဦးဖြင့် စီမံကိန်း မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်းလုပ်ဆောင်နေသည့် SUNTAC TECHNOLOGIES ကုမ္ပဏီလီမိတက်မှ Operation မန်နေဂျာဦးမင်းသက်ဇော်က "ကျွန်တော်တို့အနေနဲ့ ခံနိုင်ရည်စွမ်းကောင်းမွန်တဲ့ မြေကြီးရောက်တဲ့အထိ မရောက်မချင်းစမ်းသပ်မှုများ လုပ်ဆောင်နေပါတယ်။ မြေစမ်းသပ်မှုလုပ်ဆောင်ရာမှာ ဒလဘက်ခြမ်းက အခက်အခဲမရှိပေမယ့် ရန်ကုန်ဘက်ခြမ်းမှာက မြေအောက်ကေဘယ်ကြိုးများ၊ ရေပိုက်လိုင်းများ လွတ်ကင်းအောင် တူးဖော်ဆောင်ရွက်ရပါတယ်။ နောက်ကြုံလာမယ့် အခက်အခဲကတော့ ဘုန်းကြီးလမ်းကမ်းနားဘက်ခြမ်းမှာ ဟိုးအရင်ကတည်းကရှိနေတဲ့ မြစ်ရေထုတ်မြောင်းပါ။ ဒီမြောင်းက လမ်းလယ်မှာရှိနေတော့ အဲ့ဒီနေရာလုပ်ဆောင်တဲ့အခါမှာ အခက်အခဲဖြစ်နိုင်သလို နောက်ပိုင်း ဖောင်ဒေးရှင်းလုပ်ငန်းလုပ်ဆောင်တဲ့အခါမှာလည်း အဲ့ဒီအပိုင်းကို ထည့်စဉ်းစားရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း မြစ်တစ်ခုရဲ့ တစ်ဖက်တစ်ချက်စီမှာ ကြည့်လိုက်မယ်ဆိုရင် စည်ကားလှပစွာရှိနေပြီး ခေတ်မီတဲ့ပုံစံကို တွေ့မြင်ရနိုင်ပါတယ်။ ဒီတံတားကြီးတည်ဆောက်ပြီးစီးသွားပြီဆိုရင်တော့ ရန်ကုန်ဘက်ခြမ်းရော ဒလဘက်ခြမ်းပါ ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးပါအစစအရာရာ အဆင်ပြေလာမှာပါ။ ပြီးတော့ မြစ်ကိုလှေနဲ့ ဖြတ်သန်းပြီးအလုပ်လုပ်ကိုင်နေကြရတဲ့ ပြည်သူများရဲ့ အသက်အန္တရာယ်ပါ လုံခြုံစိတ်ချရစေမှာဖြစ်ပါတယ်။ ဒီမြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်းမှာလည်း အခြားအခက်အခဲနဲ့ ရာသီဥတုအခက်အခဲမရှိဘူးဆိုရင် ဇူလိုင်လကုန်လောက် ဆောင်ရွက်ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်" ဟု လုပ်ငန်းခွင်အတွင်း ရှင်းပြသည်။

လမ်းအသုံးပြုသူများအတွက် အဆင်ပြေစေရန်ဆောင်ရွက်နေသော ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ)တည်ဆောက်ရန်အတွက် ပြီးခဲ့သည့် ဧပြီနောက်ဆုံးအပတ်က မြေသားစမ်းသပ်ခြင်း (Soil Test) လုပ်ငန်းများအားစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးစီမံကိန်းမှ သိရသည်။

**(စိုးဝင်း–MLA)**



bkfuDrjwpfvmuf&Srom;prfoyfcif;(Soil Test) vkyfief;t m;awGU&pOf

# နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရေး ဟိုတယ်ဆိုင်ရာ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ဘားအံ ဇွန် ၂၄**
ကရင်ပြည်နယ် ဘားအံမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၁၆ ခုရှိရာ နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ဒေသနေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ရည်ရွယ်ကာ ဘားအံမြို့ ဟိုတယ်ခရီး ညွှန်ကြားမှုဦးစီးဌာနနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ အိန်ဂျယ်လန်းဟိုတယ်တွင် ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲကိုကရင်ပြည်နယ် ပြည်နယ်စီမံကိန်း ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ကရင်ပြည်နယ်တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းလေးမျိုးအား ၂၀၁၆ ခုနှစ်တွင်ခြောက်ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း ခုနစ်ကြိမ်တွင် သင်တန်းသား ၉၁၀ တို့အား လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်ပေးတဲ့ ဟိုတယ်ဆိုင်ရာ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဟာဆိုရင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံသင်တန်းကိုလည်း ဖွင့်လှစ်ပေးမှာဖြစ်ကြောင်း၊ ကရင်ပြည်နယ်အစိုးရ အနေဖြင့် မြဝတီနယ်စပ်ဂိတ်မှ ဘားအံသို့ ထိုင်းနိုင်ငံသားများအား တစ်ပတ်ခရီးလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘားအံမြို့ရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများရှိ ဝန်ထမ်းများ၊ စိတ်ပါဝင်စားသူ သင်တန်းသား၊ သင်တန်းသူ ၅၅ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကာလ တစ်လကြာမည်ဖြစ်ကြောင်းနှင့် ဘားအံမြို့အနေဖြင့် သဘာဝလိုဏ်ဂူများ၊ ရှေးဟောင်းစေတီပုထိုးများနှင့် တောတောင်ရေမြေသဘာဝအလှများရှိသဖြင့် နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ဧည့်သည် ၁၅၉၇၄၉ ဦးရှိခဲ့ပြီး ယခုနှစ် ၂၀၁၇ ခုနှစ် မေလအထိ ၁၁၀၅၅၇ ဦး ရှိခဲ့ရာ ယခင်နှစ်၏ ၆၉ ရာခိုင်နှုန်း ဝင်ရောက်မှုရှိကြောင်း ဘားအံမြို့ဟိုတယ်ခရီး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရွှေမှော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့ အလှူငွေများလှူဒါန်း

**ကျောက်တန်း ဇွန် ၂၄**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေမှော်ဝန်းလူမှုယဉ်ကျေးကူညီရေးအဖွဲ့မှ ကျောက်တန်းမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာများ၊ နာရေးကူညီမှုအသင်း၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ စာကြည့်တိုက်များ၊ ကျောင်းပြင်ပ ပညာသင်ကျောင်းများသို့ အလှူငွေများပေးအပ်လှူဒါန်းပူဇော်ကန်တော့ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် နာယကကြီး ဦးခင်ညွန့်က လှူဒါန်းရခြင်းအကြောင်းနှင့် အသင်းကြီးတည်ထောင်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လူမှုအဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့် ဆုရကျောင်းသားများ တက်ရောက်ခဲ့ကြပြီး လှူဒါန်းငွေအစုစုမှာ ကျပ်သိန်းပေါင်း ၁၈၀ ခန့်ရှိကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# စက်ဘီးစီးပြိုင်ပွဲ အမေရိကန်နိုင်ငံသူတစ်ဦး ပါဝင်ယှဉ်ပြိုင်

**မြစ်ကြီးနား ဇွန် ၂၄**
ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန Northern Green Bike and Myitkyina X} Rider စက်ဘီးအဖွဲ့တို့ ပူးပေါင်း၍ ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် စက်ဘီးစီးပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က မြစ်ကြီးနားမြို့ ဧရာရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီး၌ ကျင်းပရာ ပြိုင်ပွဲ၌ အမေရိကန်နိုင်ငံသူ အမျိုးသမီးတစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲအား စီစဉ်ကျင်းပသူ Northern Green Bike ဥက္ကဋ္ဌ ဦးသောင်းက "ပြိုင်ပွဲမှာ အမျိုးသမီးကစားသမား ခြောက်ဦး၊ အသက် (၁၅) နှစ်အောက် ကစားသမား နှစ်ဦး၊ အသက် (၄၀) နှစ်အထက် ကစားသမား ၂၀ ကျော်နဲ့ အသက် (၄၀) နှစ်အောက် ကစားသမား ၄၀ ကျော် စုစုပေါင်း ကစားသမား ၇၀ ကျော် ပါဝင်ယှဉ်ပြိုင်ပြီး အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ (Trocaire) အဖွဲ့မှ မြစ်ကြီးနားတာဝန်ခံ အမေရိကန်နိုင်ငံသူ Ms. Emily လည်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ အသက် (၄၀) နှစ်အောက်၊ အသက် (၄၀) နှစ်အထက်နဲ့ အမျိုးသမီးအားကစားသမားများကို သီးခြားစီ ဆုများအသီးသီး ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ပြိုင်ပွဲအား နံနက် ၅ နာရီ ၄၅ မိနစ်တွင် တာလွှတ်ပေးခဲ့ပြီး ဆွမ်ပရာဘွမ် လမ်းမကြီးအတိုင်း မြစ်ကြီးနားမြို့ နောင်နန်းကျေးရွာ ဂျော်ဘွမ်သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် အသွားလမ်းအတိုင်း နောက်ကြောင်းသို့ ပြန်လည်စီးနင်း၍ အသွားအပြန်ခရီး (၂၁) မိုင်ခန့်အား ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများက စီးနင်းယှဉ်ပြိုင်ကြပြီး ဆုရအားကစားသမားများနှင့် နှစ်သိမ့်ဆု၊ အထူးဆုရ အားကစားသမားများအား ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ခိုင်နှင့် တာဝန်ရှိသူများက ပထမဆုငွေသားကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ၇၀၀၀၀၊ တတိယဆု ငွေကျပ် ၅၀၀၀၀ နှင့် နှစ်သိမ့်ဆုအသီးသီးအား ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဦးလေးကြီး**




r*vmawmifhefrfU,ftrSwf(4) tajccHhmtxufvef;aumifr*vmoDcefrüZef23&uf eHu9em&Du rdU &pcef;rS'krSaZmfi;EHu rl,pfq;0;tEÅ,fvm;qD umu,f&;toyhmay;a[majymchumifo&donf owif;EShwfkaumf

# ဟင်္သာတအကျဉ်းထောင်၊ အချုပ်ခန်းများစစ်ဆေး

**ဟင်္သာတ ဇွန် ၂၄**
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးဝင်းမြင့်သည် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်နှင့်အတူ ဟင်္သာတအကျဉ်းထောင်နှင့် ဟင်္သာတမြို့မရဲစခန်း အချုပ်ခန်း၊ ဇလွန်မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အကျဉ်းသား၊ အချုပ်သားများ ဥပဒေပါအခွင့်အရေးများရရှိခြင်း ရှိ-မရှိ၊ နေရာထိုင်ခင်းသက်သာချောင်ချိမှု ရှိ-မရှိ၊ အစားအသောက်အာဟာရသင့်တင့်မျှတမှု ရှိ-မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသရန်အခွင့်အရေး ရှိ-မရှိ စသည်များကို အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းမေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မှာကြားသည်။

ထို့နောက် ဟင်္သာတခရိုင်တရားရုံးအား စစ်ဆေးကြည့်ရှုပြီး ခရိုင်တရားရုံးအစည်းအဝေးခန်းမတွင်အမှုများမှန်ကန်မြန်ဆန် ထိရောက်စွာ ပြီးပြတ်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ တရားရုံးလုံခြုံရေးကိစ္စ ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားဆွေးနွေးသည်။ အခမ်းအနားသို့ ခရိုင်တရားသူကြီး၊ ဒုတိယခရိုင်တရားသူကြီးနှင့် ခရိုင်အတွင်းရှိ တရားသူကြီးများ တက်ရောက်ကြောင်း သိရသည်။

**မိုးဃန်းကျ(မြစ်ကြီးနား)**













# ဗြိတိန် ခွဲထွက်မှု အီးယူ ကွဲအက်မှုလော

ကို ရင် ဩ


ဓာတ်ပုံ– express.co.uk

ယခုရက်သတ္တပတ်အတွင်း ဥရောပတိုက်တစ်လွှား လှုပ်ခတ်သွားရသည့် ဖြစ်စဉ်တစ်ရပ်မှာ ဥရောပ ၂၈ နိုင်ငံတို့မှ ခေါင်းဆောင်ကြီးများ၏ ထိပ်သီးဆွေးနွေးပွဲဖြစ်သည်။ ဥရောပသမဂ္ဂ(အီးယူ) အဖွဲ့ဝင် ၂၈ နိုင်ငံတို့မှ ခေါင်းဆောင်များသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာတွင် အများက ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်ခဲ့ကြရသည့် အကြောင်းခြင်းရာတစ်ရပ်သည်ကား အီးယူမှ ဗြိတိန်နိုင်ငံနုတ်ထွက်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အပေးအယူ၊ အညှိအနှိုင်း မည်သို့ပြုလုပ်ကြလေမည်နည်းဟူသော ပုစ္ဆာတစ်ရပ်ပင်ဖြစ်လေ၏။

အီးယူနိုင်ငံများမှ နိုင်ငံသားများကို ဖမ်းစားနေသည့် လှုပ်ခတ်မှုတစ်ခုမှာ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး(ခွဲရေး) လုပ်ငန်းစဉ်အပြီးတွင် ယင်းနိုင်ငံသားများအားကာကွယ်စောင့်ရှောက်ပေးမည့် အစီအမံများကို ဗြိတိန်နိုင်ငံက မည်ကဲ့သို့ ချမှတ်ဆောင်ရွက်ပေးနိုင်ပါမည်နည်း ဟူသော ငံ့လင့်ချက်ပါပေတည်း။

ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေက အီးယူထိပ်သီးဆွေးနွေးပွဲတွင် မည်သို့မည်ညာ ပြောကြားလာပါအံ့နည်းဟု အားလုံးက စေ့ငုလိုကြပေသည်။

အီးယူမှ ဗြိတိန် ခွဲထွက်ရေးကိစ္စနှင့် ပတ်သက်၍ စေ့စပ်ဆွေးနွေးမှုကို ဇွန် ၁၉ ရက်တွင် စတင်ခဲ့ပြီဖြစ်ရာ ဥရောပခေါင်းဆောင်များကတစ်ဖက်၊ ဝန်ကြီးချုပ်မေကတစ်ဖက် ထိပ်သီးဆွေးနွေးပွဲတွင် စွပ်စွပ်ရွပ်ရွပ်တွေ့ကြလေပြီတကားဟု ဆိုနိုင်ပေ၏။

ဗြိတိန်ရောက် အီးယူနိုင်ငံသားများ၏ အခွင့်အရေးများအား မည်သို့မည်ပုံ ကာကွယ်စောင့်ရှောက်ပေးမည်ကို မိမိအနေဖြင့် အဆိုပြုတင်ပြရန်ရှိကြောင်း ဝန်ကြီးချုပ်မေက ပြောကြားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ ဇွန် ၂၀ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ ထိပ်သီးဆွေးနွေးပွဲကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ကိစ္စရပ်က အရိပ်မည်းကြီးပမာ လွှမ်းမိုးထားသေးသည်။ ဘရပ်ဆယ်ရှိ ဘူတာကြီးတွင် ဗုံးခွဲတိုက်ခိုက်သူအဖြစ် မသင်္ကာရသူကို ရဲတပ်ဖွဲ့က အသေဖမ်းဆီးခဲ့ပုံကို လောလောဆယ် လူတိုင်းမမေ့ပျောက်နိုင်ကြသေး။ ဥရောပမြို့ကြီးများတွင် ဆက်တိုက်ဆိုသလို အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် ပုံရိပ်လွှာများကလည်း လူတိုင်း၏ စိတ်ဝယ် ဝေ့လည်လည်ရှိနေကြသေး။

"အွန်လိုင်းကနေ လှုံ့ဆော်နေကြတဲ့ အကြမ်းဖက်သမားတွေကို ဖော်ထုတ်နိုင်ဖို့ ကျွန်မတို့ခေါင်းဆောင်တွေ ပူးပေါင်းလုပ်ကြပါစို့" ဟု မေက တိုက်တွန်းခဲ့သည်။

ဘာသာရေးအစွန်းရောက်သမားများက ဂူဂဲလ်၊ တွစ်တာနှင့် ဖေ့စ်ဘွတ်တို့အပေါ် စွယ်ယောင်ပြကာ လှုပ်ရှားနေကြမှုများကို ရပ်တန့်နိုင်ရေးအတွက် ဥပဒေအရ ဖိအားပေးမှုများပြုလုပ်ကြရန်လည်း သူက တိုက်တွန်းခဲ့၏။

**ထိပ်သီးဆွေးနွေးပွဲအပေါ်**
**အရိပ်မည်းကြီး လွှမ်းမိုး**

ဥရောပနိုင်ငံများမှ ခေါင်းဆောင်ကြီး ၂၈ ဦးတို့၏ ထိပ်သီးဆွေးနွေးပွဲ၌ ဦးသျှောင်ကြီးများမှာ ဥရောပရေးရာများနှင့် ပတ်သက်၍ တသီတတန်းကြီး ဆွေးနွေးရန်ရှိနေရကား 'ခွဲရေး' ကိစ္စကို အကန့်အသတ်ပြု၍သာလျှင် ဆွေးနွေးခွင့်ရကြလေသည်။

သို့ဖြစ်လင့်ကစား အီးယူ၏ လိုလားချက်မှာ ဗြိတိန်၌ နေထိုင်လျက်ရှိကြသော အီးယူနိုင်ငံသား ၃ ဒသမ ၂ သန်းခန့်အတွက် ဘဝရှေ့ရေး အာမခံချက် တိတိပပရှိရန် ဝန်ကြီးချုပ်မေက အာမဝန္တာခံစေလိုခြင်းဖြစ်၏။

ဥရောပသမဂ္ဂ၏ အခြားသော အဖွဲ့ဝင် ၂၇ နိုင်ငံတို့တွင်လည်း ဗြိတိန်နိုင်ငံသား ၁ ဒသမ ၂ သန်းရှိနေပြန်သည်။ ဤသည်မှာကား အီးယူအားကောင်းစဉ်က တစ်ခုတည်းသော 'ဘုံဈေးကွက်' ထူထောင်ခြင်း၏ ရလဒ်တစ်ခုပါပေ။

ဥရောပခေါင်းဆောင် အများစု တုန်လှုပ်ကြရသည်မှာ ခွဲရေးသဘောတူညီချက်ရရှိရေးအတွက် တင်းကျပ်သော အချိန်ဇယားသတ်မှတ်ထားခြင်းနှင့် မကြာမီက ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်မေ၏ ကွန်ဆာဗေးတစ်ပါတီ အရေးမလှဖြစ်ခဲ့ရခြင်းနှင့်အတူ 'အနည်းစု' အစိုးရအဖွဲ့ဘက်သို့ ဦးလှည့်လိုက်ရခြင်းတို့ဖြစ်လေသည်။

အီးယူနှင့် ဗြိတိန်နိုင်ငံသားများ အချင်းချင်း သူ့နိုင်ငံ၊ ကိုယ့်နိုင်ငံ အခြေစိုက်နေထိုင်ကာ အလုပ်လုပ်ကိုင်လျက်ရှိကြပေရာ ဗြိတိန် ခွဲထွက်သွားပြီးချိန်တွင် မိမိတို့၏ ရှေ့ရေးမည်သို့ရှိလာမည်နည်းဟု အားလုံးက စိုးရိမ်ပူပန်ကြရသည်။ ခွဲရေးလုပ်ငန်းစဉ်အတွက် နောက်ဆုံးအချိန်ဇယားသတ်မှတ်ချက်မှာ ၂၀၁၉ ခုနှစ် မတ် ၃၀ ရက်ဖြစ်ပြီး ယင်းရက်စွဲနောက်ပိုင်း ရွှေ့ပြောင်းလုပ်သားတို့၏ ရပ်တည်ချက်အတွက် အာမခံချက်များ ပီပီပြင်ပြင်ရှိရန် လိုအပ်လာမည်ဖြစ်သည်။ အကယ်၍ အီးယူနှင့် ဗြိတိန်အကြား ရွှေ့ပြောင်းလုပ်သားအရေးနှင့် ပတ်သက်၍ အာမခံချက်မရှိပါလျှင် ပြည်နှင်ခံရမည်ဟု ဝေးတစ်မြေရောက် လုပ်သားများ စိုးရိမ်ပူပန်စပြုကြလေပြီ။

ဥရောပတစ်လွှားမှ နိုင်ငံသားများ ဗြိတိန်နိုင်ငံသို့ လာရောက်၍ အခြေစိုက်နေထိုင်အလုပ်လုပ်ကိုင်သူဦးရေကို လျှော့ချမည်ဟု ဝန်ကြီးချုပ်မေက ကတိကဝတ်ပြုခဲ့ပြီးဖြစ်ရာ ဗြိတိန်ရောက် ဧည့်လုပ်သားများ စိုးထိတ်ဗျာပါဖြစ်ကြရ၏။

အီးယူ၏ ဥပဒေ စည်းမျဉ်းအရ လွတ်လပ်သော ကုန်သွယ်ရေးအုပ်စုဝင် နိုင်ငံတိုင်းမှာ အလုပ်သမားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်ကို ခွင့်ပြုပေးထားပြီးဖြစ်သည်။

"ခွဲရေးကိစ္စဟာ ဘယ်ရှုထောင့်ကပဲကြည့်ကြည့်၊ အင်မတန်စိတ်ပျက်စရာကောင်းလှပါတယ်" ဟု နယ်သာလန်ဝန်ကြီးချုပ် မတ်ရုက ပြောကြားသည်။ နယ်သာလန်နိုင်ငံသည် ဗြိတိန်၏ အီးယူမဟာမိတ်များအနက် အရင်းနှီးဆုံး မဟာမိတ်ဖြစ်ပြီး လွတ်လပ်သော ကုန်သွယ်ရေးကို တစိုက်မတ်မတ် အားပေးထောက်ခံလာခဲ့သည်။

အီးယူ၏ တစ်ခုတည်းသော ဈေးကွက် (ဝါ) ဘုံဈေးကွက်မှ ဗြိတိန်နုတ်ထွက်မည်၊ အကောက်အခွန်သမဂ္ဂမှလည်း နုတ်ထွက်မည်ဟု ဝန်ကြီးချုပ်မေက သန္နိဋ္ဌာန်ပြုခဲ့ပြန်ရာ အနာဂတ်တွင် ဘုံဈေးကွက်သို့ ဗြိတိန်ဝင်ရောက်နိုင်တော့မည်မဟုတ်ပေ။

အီးယူနှင့် ဗြိတိန်အကြား ကုန်သွယ်ရေးဆက်ဆံမှုအသစ် ပြန်လည်တည်ဆောက်ရန် လိုအပ်လာမည်ဖြစ်ပေရာ ကုန်သွယ်ရေးသဘောတူညီချက်သစ်တစ်ရပ်ကို ရေးဆွဲနိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုများကို အင်တိုက်အားတိုက် လုပ်ဆောင်လာရမည်မှာ မလွဲပါချေ။

အကယ်၍ ၂၀၁၉ ခုနှစ် မတ်လထက်နောက်မကျဘဲ ခွဲရေးသဘောတူညီချက်ကို အပြီးအပြတ် မရရှိပါက ဗြိတိန်နိုင်ငံအနေဖြင့် အီးယူနိုင်ငံများနှင့် ကုန်သွယ်ရာတွင် ပိုမိုကြီးလေးသော အခွန်အကောက်များနှင့် ရင်ဆိုင်လာရမည့်အပြင် ပိုမိုကြန့်ကြာစေမည့် ကြိုးနီစနစ်နှင့်လည်း တွေ့ကြုံလာရနိုင်ပေသည်။

**အရေးအပါဆုံးနိုင်ငံ**

ဥရောပသမဂ္ဂ၏ အရေးအပါဆုံး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမှာ ဗြိတိန်နိုင်ငံဖြစ်ပေရာ အီးယူ၏ ကျန်ရှိသောအဖွဲ့ဝင်နိုင်ငံများနှင့် ဗြိတိန်နိုင်ငံအကြား လက်တွေ့ကျသည့် ဆက်ဆံရေးတစ်ရပ် ထူထောင်ရန် လိုအပ်လျက်ရှိကြောင်း ဥရောပပါလီမန်ဥက္ကဋ္ဌ အန်သော်နီယူတာ ဂျာနီက ပြောကြားသည်။

အီးယူ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)တွင် ဂျာမနီ (၂၀ ရာခိုင်နှုန်း) ပြီးလျှင် ဗြိတိန်က ၁၇ ရာခိုင်နှုန်းအထိ ပါဝင်သည်။ ပြင်သစ်က ၁၄ ရာခိုင်နှုန်း၊ အီတလီက ၁၁ ရာခိုင်နှုန်း အသီးသီးရှိသည်။

ဗြိတိန်က အီးယူမှ ခွဲထွက်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်အံ့သော အကျိုးဆက်များမှာ အများအပြားရှိသည်။ ဗြိတိန်နိုင်ငံသည် ဥရောပတွင် ဘဏ္ဍာရေးဝန်ဆောင်မှု အချက်အခြာ နိုင်ငံတစ်နိုင်ငံဖြစ်ခြင်းကြောင့် ယင်းနိုင်ငံ၏ ဘဏ္ဍာရေးဝန်ဆောင်မှုများ တုံ့နှေးသွားနိုင်ကြောင်း ဘဏ်လုပ်ငန်းရှင်များက ခန့်မှန်းထားချက်မှာ အကျိုးဆက်တစ်ရပ်ဖြစ်လာနိုင်သည်။

ဗြိတိန်နိုင်ငံ လန်ဒန်၏ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍမှာ အလုပ်သမား တစ်သန်းကျော်ဖြင့် လည်ပတ်နေသော လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်အတွက် အခွန် ၁၂ ရာခိုင်နှုန်းခန့်ကို ပေးဆောင်နေသော လုပ်ငန်းကဏ္ဍလည်းဖြစ်သည်။

ဗြိတိန်ရှိ ဘဏ်ဝန်ထမ်းများကို အခြားသော ဥရောပနိုင်ငံများဘက်သို့ ရွှေ့ပြောင်းရန်လည်း ယခုအခါ အစီအစဉ်များ ရေးဆွဲနေကြရသည်ဟု ကြားသိရ၏။

လွန်ခဲ့သည့် မတ်လက သက်တမ်း နှစ် ၆၀ ပြည့်မြောက်ခဲ့ပြီဖြစ်သော အီးယူမှ ဗြိတိန်ခွဲထွက်ရန် ဆွေးနွေးရေး လုပ်ငန်းစဉ်စတင်ခဲ့ပြီဖြစ်ရာ ဥရောပတစ်ဝန်းရှိ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဌာနချုပ်များကို ဗြိတိန်နိုင်ငံမှ ရွှေ့ပြောင်းထွက်ခွာကြရန်လည်း စီစဉ်ထားကြပြီဖြစ်သည်။

စီးပွားရေးရှုထောင့်မှကြည့်လျှင် ဗြိတိန်၏ ခွဲထွက်မှုသည် ဥရောပနိုင်ငံများကိုရော ဗြိတိန်နိုင်ငံကိုပါ အကျိုးသက်ရောက်မှုပြင်းထန်မည်ကား သေချာလှသည်။

အီးယူတွင် နှစ်ပေါင်း ၄၀ ကြာမျှ ပေါင်းစည်းခဲ့ပြီးနောက် ဗြိတိန်က ခွဲထွက်ရန် ခြေလှမ်းပြင်လိုက်ခြင်းဖြင့် ဘူမိ-နိုင်ငံရေးအရလည်း အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာမည်မှာ မလွဲပါချေ။

အီးယူမှ ဗြိတိန်ခွဲထွက်ခြင်းဖြင့် ကျန်ရှိသော နိုင်ငံများ ပိုမိုစည်းလုံးမှုရရှိသွားမည်လော၊ သို့တည်းမဟုတ် သဘောထား ကွဲလွဲမှုများ ပိုမိုဆိုးရွားသွားမည်လောဆိုသည်မှာ ဥရောပနိုင်ငံများအချင်းချင်း စေ့စပ်ညှိနှိုင်းမှုအပေါ် မှီတည်ပေလိမ့်မည်။

ခွဲရေးကိစ္စကြောင့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ရပ်တည်ချက်ကိုလည်း ထိခိုက်နိုင်ပေသည်။ တစ်ဖက်တွင် နိုင်ငံတကာစနစ်အရ ဥရောပနှင့် အမေရိကန်အကြား ဆက်ဆံရေးကဏ္ဍသစ်ကို ပုံဖော်ထုဆစ် ကြရပေဦးမည်။

၁၉၇၃ ခုနှစ်တွင် အီးယူ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာသော ဗြိတိန်နိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တစ်နှစ်လျှင် ပေါင်ငွေ ၁၂ ဘီလီယံကျော်ကို အီးယူသို့ ထည့်ဝင်လျက်ရှိပြီး ခွဲရေးထောက်ခံသူ ဗြိတိန်ပြည်သူများက တနင့်တပိုး ကျခံရသည့် ငွေကြေးပမာဏအဖြစ် ရှုမြင်ကြသည်။ တွဲရေးလိုလားသူများကမူ ဈေးကွက်ကြီးကြီးအတွင်း ဝင်ရောက်လှုပ်ရှားနိုင်ခြင်းကြောင့် အီးယူတွင် ဗြိတိန်ဆက်လက်ရှိနေစေလိုသည်။

နိုင်ငံခြားသား လုပ်သားများ တိုးလာခြင်းကြောင့် ဒေသခံများ အလုပ်အကိုင်နေရာဆုံးရှုံးရပြီး ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်ပေးရမှုများအတွက် စရိတ်တိုးလာသည်ဟု ခွဲရေးသမားများက ရှုမြင်ကြသည်။

အီးယူတွင် ဗြိတိန်နိုင်ငံ ဆက်လက်ရှိနေစေရန် လိုလားသူများတွင် နည်းပညာဆိုင်ရာ လုပ်ငန်းများ၌ လုပ်ကိုင်သူများဖြစ်ကြသည်။ လန်ဒန်သည် ဥရောပတွင် နည်းပညာလုပ်ငန်းများ၏ ဗဟိုချက်အဖြစ် ရပ်တည်လျက်ရှိရာ ခွဲထွက်ပြီးလျှင် နည်းပညာဆိုင်ရာ လုပ်ငန်းကဏ္ဍ ထိခိုက်သွားနိုင်မည်ဟု ရှုမြင်ကြသည်။

သက်တမ်း နှစ် ၆၀ ရှိ အီးယူသည် နိုင်ငံပေါင်းစုံ အဖွဲ့အစည်းကြီးအဖြစ် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် အတူယှဉ်တွဲနေထိုင်မှုတို့ကို စံတန်ဖိုးများအဖြစ် အလေးပေးလျက်ရှိသော်လည်း စိန်ခေါ်မှုအမျိုးမျိုး ရင်ဆိုင်လာနေရပုံကို တွေးတောမိရင်း **"ဗြိတိန် ခွဲထွက်မှု အီးယူကွဲအက်မှုလော"** ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Ref: UK in Brexit pledge on citizens' rights at EU summit*


ဓာတ်ပုံ– အေအက်ဖ်ပီ

# ကောလာဟလများကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ယခုသတင်းပတ်အတွင်း ပေါ်ထွက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလ သတင်းတွေထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။***

## ကောလာဟလတွေအကြားက ဇေမာလိခ်နဲ့ ဂျီဂျီဟာဒစ်ဒီတို့ရဲ့ ဆက်ဆံရေး

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ “One Direction”အဖွဲ့ဝင်ဟောင်း ဇေမာလိခ်နဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဒီတို့ဟာ လတ်တလောမှာ လမ်းခွဲတော့မယ်ဆိုပြီး သို့လောသို့လော ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲတော့မယ့်အကြောင်း စတင်ပေါ်ထွက်လာခဲ့တာကတော့ ဂျီဂျီရဲ့ဘက်က စတင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



အောင်မြင်တဲ့ မော်ဒယ်လ်တစ်ဦးဖြစ်ပြီး ဗစ်တိုးရီးယားစီးကရက်ထ် မော်ဒယ်လ်တစ်ဦးအဖြစ်လည်း လူသိများတဲ့ ဂျီဂျီဟာဒစ်ဒီက လတ်တလောမှာ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်နေတဲ့ ဇေမာလိခ်ရဲ့ အခြားသူအပေါ် မှီခိုလွန်းတဲ့စရိုက်ကို မကြိုက်နှစ်သက်တာကြောင့် လမ်းခွဲချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်လာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် (၂၂)နှစ်ရှိပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်ဒီနဲ့ ဇေမာလိခ် တို့ရဲ့ ချစ်သူသက်တမ်းဟာ လက်ရှိမှာ နှစ်နှစ်နီးပါးရှိလာခဲ့ပြီဖြစ်ကာ ချစ်သူသက်တမ်းတစ်လျှောက် ဇေရဲ့ အပြုအမူကို သည်းခံပေးခဲ့ရပြီး နောက်ဆုံးသည်းခံနိုင်တဲ့အတိုင်းအတာကို ကျော်လွန်ခဲ့ပါက နှစ်ဦးသားဇာတ်လမ်းကို အဆုံးသတ်လိုက်ဖို့ ဂျီဂျီဘက်က ဆန္ဒတွေရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဇေမာလိခ်ရဲ့ အခြားသူအပေါ် မှီခိုတတ်တဲ့ အကျင့်ဟာ သူ့ရဲ့ စိုးရိမ်စိတ်များလွန်းတာကြောင့်ဖြစ်ပြီး ဒီလို စိုးရိမ်စိတ်တွေ ဝင်ရောက်လာခဲ့တာဟာ သူ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေပျောက်ဆုံးနေရာက စတင်ခဲ့တာဖြစ်တယ်လို့လည်း ဇေမာလိခ်က မကြာသေးမီက အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့ပါ တယ်။ ဒ့ါအပြင် ဇေမာလိခ်က သူ့ကိုယ်တိုင်ကလည်း ပိုမိုရင့်ကျက်လာအောင် ကြိုးစားနေထိုင်ရင်း စိုးရိမ်စိတ်တွေလျော့နည်းစေဖို့ ကြိုးစားနေတယ်လို့လည်း ဖွင့်ဟခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အဆိုပါကြယ်ပွင့်စုံတွဲဟာ မိသားစုဘဝတစ်ခုကို စတင်ဖို့ရာ စိတ်ကူးနေကြပြီး အင်္ဂလန်မှာ အခြေချဖို့ရာ ပြင်ဆင်နေတယ်လို့ သတင်းတွေလည်း ထွက်နေကာ ကာယကံရှင်တွေဘက်ကတစ်စုံတစ်ရာငြင်းချက်ထုတ်တာမျိုး လတ်တလောအချိန်အထိ မရှိသေးကြောင်းလည်း သိရပါတယ်။

## အဖေများနေ့ကို ချစ်သူရဲ့ မိသားစုတွေနဲ့အတူ ဖြတ်သန်းခဲ့တဲ့ တေလာဆွစ်



ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ကတော့ သူနဲ့ ဇာတ်လမ်းတွေဖြစ်နေတယ်လို့ အသံတွေထွက်နေတဲ့ ချစ်သူသစ်လေး ဂျိုးအော်ဝင်န်နဲ့ နှစ်ဦးကြားဆက်ဆံရေးပိုမိုခိုင်မာလာခဲ့ပြီဆိုတာကို လှစ်ဟပြလိုက်ပါတယ်။ တေလာက ပြီးခဲ့တဲ့ အဖေများနေ့မှာတော့ ချစ်သူရဲ့ မိသားစုတွေနဲ့တွေ့ဆုံခဲ့ကာ အချိန်တွေကို ကုန်ဆုံးခဲ့ပြီး ဂျိုးအော်ဝင်န်ရဲ့ မိသားစုတွေအပေါ်ထားရှိတဲ့ သူ့ရဲ့ချစ်ခင်မှုတွေကို ဖော်ပြခဲ့တာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ တေလာဆွစ်ဟာ လန်ဒန်မြောက်ပိုင်းမှာရှိတဲ့ သူငှားရမ်းထားတဲ့နေအိမ်မှာ ဂျိုးအော်ဝင်န်ရဲ့ မိသားစုတွေနဲ့အတူရှိနေခဲ့ပြီး ဂျိုးအော်ဝင်န်ရဲ့ မိဘတွေက တေလာက အစားအစာတွေချက်ပြုတ်ကျွေးမွေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုအပြုအမူတွေကို ကြည့်ခြင်းအားဖြင့် တေလာနဲ့ ချစ်သူသစ်လေး ဂျိုးအော်ဝင်န်တို့အကြားက ဆက်ဆံရေးဟာ ပိုမိုခိုင်မာလာခဲ့ပြီဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလိုချစ်သူရဲ့ မိသားစုတွေနဲ့အတူ အဖေများနေ့ကို အတူဖြတ်သန်းဖို့အတွက် တေလာက လန်ဒန်ကို ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ လာရောက်ခဲ့တာလည်း ဖြစ်ပါတယ်။

ဗြိတိန်သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်ရဲ့ မိဘတွေက တေလာဆွစ်ကို ဗြိတိန်လူမျိုးတွေရဲ့ အပြုအမူတွေကို ပြသလိုတဲ့အတွက် ယခုလိုချက်ပြုတ်ပြင်ဆင်ပေးခဲ့တာဖြစ်ပြီး တေလာဆွစ်အနေနဲ့ ဗြိတိန်နိုင်ငံသားတွေရဲ့ ယဉ်ကျေးမှုတွေမှာ ပျော်ဝင်နေကာ သာမန်လူတစ်ဦးကဲ့သို့ နေထိုင်နိုင်ဖို့အတွက် တတ်နိုင်သမျှအကောင်းဆုံးကြိုးပမ်းနေတယ်လို့လည်း တေလာနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ပြောကြားချက်အရ သိရပါတယ်။

အသက် (၂၆)နှစ်အရွယ် မင်းသား ဂျိုးအော်ဝင်န်ဟာ မကြာသေးမီက တေလာဆွစ်နဲ့အတူ အမေရိကန်မှာ လိုက်ပါနေထိုင်ဖို့အတွက် နေရပ်မှ ထွက်ခွာလာခဲ့တာလည်း ဖြစ်ပါတယ်။ ဒီလို အမေရိကန်ကို အတူလိုက်ပါလာခဲ့တဲ့ ဂျိုးအော်ဝင်န်ကို တေလာက သူ့ရဲ့မိသားစုတွေနဲ့ တွေ့ဆုံပေးခဲ့ပါတယ်။ ယခုလအစပိုင်းက တေလာဆွစ်ရဲ့ ကြီးပြင်းခဲ့တဲ့မြို့လေးဖြစ်တဲ့ နက်ရှ်ဗေးလ်မှာ အတူတွဲကာ တွေ့ခဲ့ရတဲ့ ကြယ်ပွင့်စုံတွဲဟာ ပျော်ရွှင့်ပေ့ါပါးနေခဲ့ပြီး ဂျိုးနဲ့ တေလာဆွစ်ရဲ့ မိသားစုဝင်တွေတွေ့ဆုံခဲ့ရာမှာလည်း တေလာဆွစ်ရဲ့ မိခင်ဖြစ်သူက ခန့်ညားပြီး ယောကျ်ားပီသတဲ့ ဂျိုးအော်ဝင်န်ကို သမီးဖြစ်သူနဲ့ လက်တွဲဖို့ရာသဘောတူခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**



## မင်းရဲ့ နှလုံးသားလေး လှည့်စားခံရမှာစိတ်ပူတယ်ကွယ်

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရက်ပ်တေးသံရှင် ဒရိတ်ခ်အနေနဲ့ စိတ်ဝင်စားနေသူတစ်ဦးထပ်မံပေါ်ထွက်လာခဲ့ပြီဖြစ်ကာ ဒရိတ်ခ်ရည်ရွယ်နေသူမှာ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဘယ်လာဟာဒစ်ဒီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ ဒီလိုသတင်းတွေပေါ်ထွက်လာပြီးတဲ့နောက်မှာတော့ ဒရိတ်ခ်ရဲ့ တစ်ချိန်က ဇာတ်လမ်းတွေကိုသိနေပြီး ဘယ်လာနဲ့လည်း ရင်းနှီးတဲ့ တေးသံရှင် ရီဟားနားက ဘယ်လာကို ဒရိတ်ခ်အပေါ် စိတ်လုံးလုံးနှစ်လိုက်ဖို့ မသင့်ကြောင်းနဲ့ ဇာတ်လမ်းတွေရှုပ်တတ်သူတစ်ဦးဖြစ်တဲ့ ဒရိတ်ခ်ကြောင့် ဘယ်လာရဲ့နှလုံးသား အလှည့်စားခံရမှာကို စိတ်ပူကြောင်း သတိပေးပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရီဟားနားက မိန်းကလေးတွေနဲ့ ရှုပ်တတ်တဲ့ ဒရိတ်ခ်နဲ့ပတ်သက်ပြီး ဘယ်လာကို သတိပေးစကားပြောကြားခဲ့ပေမယ့် ဘယ်လာကိုယ်တိုင်ကလည်း ဒရိတ်ခ်ရဲ့ ဇာတ်လမ်းတွေကို သိနေသူတစ်ဦးဖြစ်တာမို့ အသည်းခွဲခံရမှာတော့ မဖြစ်နိုင်ဖို့များပါတယ်။ ဒါပေမယ့်လည်း လတ်တလောမှာ ဘယ်လာဟာ အသက် (၂၀) သာရှိသေးတဲ့ ငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးဖြစ်တာကြောင့် ဒရိတ်ခ်ရဲ့ အနိုင်ယူခြင်းခံရမှာကို ရီဟားနားက စိုးရိမ်နေတာလည်း ဖြစ်ပါတယ်။

ဒရိတ်ခ်နဲ့ ဘယ်လာတို့နှစ်ဦးပတ်သက်နေကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပြီးနောက်မှာ ရီဟားနားက ဘယ်လာဆီကို စာရေးသားပေးပို့ကာ သတိပေးစကားဆိုခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၂၁ ရက်မှာ ဘယ်လာဟာဒစ်ဒီနဲ့ “Hotline Bling“ တေးသံရှင် ဒရိတ်ခ်တို့ဟာ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ကလပ်တစ်ခုမှာ ပါတီပွဲအတူဆင်နွှဲခဲ့ကြပြီးနောက် သူတို့နှစ်ဦးရဲ့ ကောလာဟလတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဒရိတ်ခ်ဟာ မကြာခဏဆိုသလို အမျိုးသမီးတွေနဲ့ သတင်းတွေထွက်လေ့ရှိတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်နှစ်ပတ်အတွင်းမှာပဲ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်သူ မရက်ရ်ှကာလေးနဲ့ ကောလာဟလတွေပေါ်ထွက်ခဲ့ကာ အခြားသော အမျိုးသမီးတစ်ဦးနဲ့လည်း ရင်းရင်းနှီးနှီးတွဲတာ တွေ့ခဲ့ပါတယ်။ ဒ့ါအပြင် ယခင်ကလည်း နာမည်ကျော်ကြယ်ပွင့်တွေနဲ့ သတင်းတွေထွက်ခဲ့ဖူးသူဖြစ်ပြီး ဒရိတ်ခ်နဲ့တွဲခဲ့သူတွေထဲမှာ တေလာဆွစ်နဲ့ ဂျနီဖာလိုပက်ဇ်တို့လည်း ပါဝင်နေတာ တွေ့ရပါတယ်။


ခေါင်းကိုက်ခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ နှာစေးခြင်းတို့အတွက်
NEO
MIXAGRIP
နီယို မစ်ဆာဂရစ်
ဆေးဝါးမှတ်ပုံတင်အမှတ် - R2001AA1988
NEO
MIXAGRIP
4 caplets
Prevention and Treatment of Cold and Catarrh
ခေါင်းကိုက်ခြင်း
ကြွက်သားများနာကျင်ခြင်း
ကိုယ်ပူဖျားနာခြင်း
နှာစေးခြင်း
အဖေအားမရှိလို့ ဒီလိုဝေဒနာတွေ ခံစားနေရတယ် ..
ဒီအတွက်တော့ မပူပါနဲ့ နီယို မစ်ဆာဂရစ် ရှိတယ် ..
MIXAGRIP
နီယို မစ်ဆာဂရစ် က ခေါင်းကိုက်ခြင်း၊ ကိုယ်ပူဖျားနာခြင်း၊
နှာစေးခြင်းတို့ကို လျင်မြန်ထိရောက်စွာ သက်သာပျောက်ကင်းစေပါတယ် ..
အခုတော့ ပျော်ရွှင်ဖွယ် မိသားစုဘဝကို ပိုင်ဆိုင်ရပြီပေါ့ ..
MIXAGRIP
နီယို မစ်ဆာဂရစ် နဲ့ဆို
ကွက်တိဘဲ
Mixagrip Myanmar
KALBE

Shenton Institute of Applied Finance

**Diploma in Logistics and Supply Management**

ဤဒီပလိုမာသင်တန်းသည် ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်မှု စီမံခန့်ခွဲရေးလုပ်ငန်းနယ်ပယ်များတွင် ကျွမ်းကျင်စွာစီမံခန့်ခွဲလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။

ဤဒီပလိုမာအား Singapore Institute of Purchasing and Materials Management (SIPMM) မှ ပေးအပ်မည်ဖြစ်ပြီး World Certification Institute (WCI) မှ အသိအမှတ်ပြု၍ Logistics & Supply Management လုပ်ငန်းနယ်ပယ်တွင် နိုင်ငံတကာအသိအမှတ်ပြု ပရော်ဖက်ရှင်နယ် တစ်ဦးအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

သင်တန်းကာလ - 6 months
သင်တန်းချိန် - 2:00 to 5:00 (Sunday Only)

**Enroll now for August Intake!**

S-9, U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon
Contact Us : 01553897, 09250793994



ပညာရေးမှ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီး ၏
နှစ်စဉ်ကျင်းပမြဲ (၁၅)ကြိမ်မြောက် ဝါတွင်းရက်(၁၀၀)အထူးတရားစခန်းပွဲကြီး

ရန်ကုန်တိုင်းဒေသကြီးသာကေတမြို့နယ်(၉)ရပ်ကွက်နေရာတွင် ပညာရေးမှ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ... [illegible]

[illegible]

အသေးစိတ်သိရှိလိုပါက - ပညာရေးမှ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဖုန်း - ၀၉-၄၂၀၁၈၉၉၃၃၊ ၀၉-၅၉၀၃၃၀၀၀၊ ... [illegible]



Copyright: AKK(AZ)

မြန်မာ့ဂီတ မန်နေဂျီ တေးသံသွင်း

**စိုင်းသူရ**
**ပုံရိပ်မဲ့သစ္စာ**

AKK

COMPOSERS SAI THURA
BAND ART ROBOTS
ARRANGEMENT NAING ZAW
STUDIO ESUSS
MIXING SAW THAR GYI ESUSS

disc

Audio CD ထွက်ပြီ



ကိုရီးယားဘာသာ အခမဲ့ အထူးသင်တန်း
- အခမဲ့သင်ကြားပေးမည့် ကိုရီးယားစကား ပြောသင်တန်း
- ကိုရီးယား(4 Skills/ EPS-Topik)
လူဦးရေကန့်သတ်ထားပါသဖြင့် ၂၉-၆-၂၀၁၇ ရက် နောက်ဆုံးထား၍ ... [illegible]
... ဖုန်း- ၀၉ ၄၂၀၆၂၈၅၅ ၀၉ ၇၇၇၄၄၄၁၀၀၀



၂၀၀၇-၂၀၀၈ ခုနှစ်
ဆရာမဒေါ် ... 
M.Sc (Botany)
၉/၁၀ တန်း(Biology)
အိမ်အရောက် အထူးသင် ကြားပေးသည်။
09-49002663



**Keen Cie Health Care Services 09-452744184, 09-73076404**

သင့်တော်သောနှုန်းထားဖြင့် အရည်အသွေးမီ ပြုစုပေးခြင်း
အိမ်တိုင်ရာရောက်သူနာပြုဝန်ဆောင်မှုလုပ်ငန်း
(ရုံးချိန်အတွင်းသာ)

[illegible]



(၁၀) တန်းရာနှုန်းပြည့်အောင်မြင်လိုသူများအတွက်

W7 PNY EC

**ပညာရှာ** အဆင့်မြင့်ဘော်ဒါ

**Repeater တန်းခွဲ ဖွင့်ပြီ။**

အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
☎ : 09-505 5412, 09-965055412, 01-510367



**NANYANG INTERNATIONAL COLLEGE**

NIC

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ထားသူများအတွက်
"International Foundation Program"

MBA (18 Months)
↑
Bachelor (12 Months)
↑
HND (18 Months)
↑
Foundation (3 Months)



စီးပွားရေးစီမံခန့်ခွဲမှု Bachelor Degree တက်ရောက်မည့် လူငယ်များအတွက်

Enroll before 31st July, 30% Dis

Duration : 3 Months (Full Time)
Start On : 22nd August, 2017

Call Now ! (09)420163316, (09)254269644

New Compus : မြေအမှတ် - 124(C)၊ ကမ္ဘာအေးဘုရားလမ်း။ (နန်ရန်ကျောင်း၊ ထ(၂)ဟန်းအနီး)
Registration Office : No - 24(C)၊ ဝေဇယန္တာလမ်း (Park Royal Hotel အနီး)



Home

မိုးရာသီ Promotion

ဂရစ်ပ်/ဂရစ်ဗ် Vinyl Floor

100% Water Proof

အထူးလက်ဆောင်

ကြမ်းခင်း 3 ကျင်း ဝယ်ယူသူတိုင်းအတွက် →



Shelf

** Terms & Conditions applied


➤ အမှတ် F.(2~8) ပ-ထပ်၊ ဆောင်အမှန်ကွင်း (မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
➤ အမှတ် (11)၊ မင်းကြီးလမ်း၊ အင်းစိန်ဈေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

☎ 09-79 700 70 70
09-79 700 70 80

[illegible]




**Grand Diamond Castle Co.,Ltd.**
Aluminium window, Door product & Services

၁။ ပစ္စည်းအရည်အသွေးအာမခံ။
၂။ နောက်ဆုံးပေါ်စက်ကိရိယာကြီးများဖြင့် ထုတ်လုပ်မှု။
၃။ နှစ် (၄၀)ကျော်အတွေ့အကြုံရှိ စင်ကာပူကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပံ့ပိုးမှု။
၄။ Singapore BCA လက်မှတ်ရကျွမ်းကျင်ပညာရှင်များ၏ လက်ရာ
၅။ Design နှင့် Budge အပေါ်မူတည်ပြီး ရွေးချယ်နိုင်သော ပြတင်းတံခါး Series (၅)မျိုးနှင့် Tempered Door, Partition များ။
၆။ အခမဲ့ဝန်ဆောင်မှုဖြင့် အိမ်တိုင်ရာရောက်တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပေးခြင်း၊ Design ကူညီပုံဖော်ပေးခြင်း။



◆ [illegible] GDC
- အကောင်းဆုံးအရည်အသွေး ၊ လေလွှင့်မှုအနည်းဆုံး System,
- ဘီးချော်မထွက်နိုင်ခြင်း၊ ရေမယိုစိမ့်စေခြင်းနှင့် သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသော ...
- ထုတ်လုပ်တပ်ဆင်သူများ လွယ်ကူ အဆင်ပြေ၍ တွက်ခြေကိုက်စေမည့် Minimalist Design "E Series" Sliding Window Frame များကို အမြို့မြို့အနယ်နယ်သို့ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ်(၂၁၂)၊ ရွှေဂုံတိုင်တာဝါ၊ အရှေ့ရွှေဂုံတိုင်လမ်းမ(MPT ရုံးချုပ်ရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-960188922, 09-964321988, 01-558228 Email: gdc.purchase@gmail.com

## Yangoonian Realtor နိုင်ငံခြားသား သီးသန့် အိမ်ခြံမြေ အကျိုးဆောင်

လူကြီးမင်းတို့ ပိုင်ဆိုင်သော ပြင်ဆင်ပြီး အဆင့်မြင့် Condo များ၊ Residence များ၊ တိုက်ခန်းများ၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသည့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ၊ NGO ရုံးများနှင့် အခြားသော ပြည်ပ အခြေစိုက် Company များ ရှိနေပါသဖြင့် အမြန်ဆုံး ဆက်သွယ်အပ်နှံပေးပါ ခင်ဗျာ။

Phone; 09 788 600 166, 09 788 600 177, 09 788 600 188
Viber; 09 96 770 6619

CAR RENTAL
ALPHARD, HIACE
09 25 358 2510

## Khine ကိုရီးယားဘာသာသင်တန်းကျောင်း

E.P.S (TOPIK)
Form
Ph : 09-73026940, 09-250641687
09-5162790

## လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း တန်းခွဲသစ် စမည်။
LCCI & Dip: IFR

| Level I+II | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 7-9 | (am) | 17.June |
| Sec(B) | Sat+Sun | 9-11 | (am) | 24.June |
| Sec(C) | Sat | 11-3 | (pm) | 1.July |
| Sec(D) | Sun | 11-3 | (pm) | 2.July |
| Sec(E) | Mon+Tue | 6-8 | (pm) | 3.July |
| Sec(F) | Fri | 12-4 | (pm) | 7.July |
| Sec(G) | Mon to Fri | 1-4 | (pm) | 3.July |

| Level III | | သင်တန်းချိန် | | စမည့်ရက် |
|---|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 | (pm) | 24.June |
| Sec(B) | Wed to Sun | 6- 8 | (pm) | 28.June |
| Sec(C) | Mon to Fri | 8-12 | (am) | 4.July |

June/July တန်းခွဲသစ်စမည်
နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922

## KMD Computer & Mobile

တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအတွက်
ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများ အထူးလျှော့ဈေး...
◀ 25 June - 10 July 2017 ▶

Mobile & Tablet
20,000/-KS
Student Discount

Notebook & Desktop Discount
30,000/-KS
50,000/-KS
1D-4D Discount
100,000/-KS
5D-6D Discount

ပန်းဆိုးတန်း စင်တာ | လမ်းမတော် စင်တာ | မြေနီကုန်း စင်တာ | မန္တလေး 77 Mobile & IT Mall

## Monsoon Special Promotion

HYUNDAI

Save $ 1,400 or Only Pay $ 3,400 First
1st ~ 30th June, 2017

H-100
FRESH STYLING AND TOP DYNAMIC PERFORMANCE

- 2.6 L Diesel (Natural Aspiration)
- 5-Speed M / T
- 9.8 Km/L (Combined)

မြန်မာနိုင်ငံနှင့်အထူးသင့်လျော်သော
အကောင်းဆုံး ဟွန်ဒိုင်း Light Truck (H-100)




FREE GIFT
DVD player, Roof & seats




Hyundai Showroom သို့ လာရောက်လည်ပတ်ရင်း အမှတ်တရ အထူးလက်ဆောင်များကို ရယူနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

INTERNATIONAL KLM Co.,Ltd. Take this chance now ! Visit Hyundai Showroom or call us...

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.
Showroom : 09 2531 51970, 09 4539 55560 Service Center : 09 421 888 220, 09 4539 58560
www.hyundaimotor.com.mm | info@hyundaimotor.com.mm | www.facebook.com/hyundaimm

3 YEARS WARRANTY

All information and illustrations are based on data avilable at the time of publication and subject to change without notice.

## SYP ဆေးရိုးမင်

ဖုန်းနံပါတ်

Ph: 645757, 095408777, 095145162, 0973021997, 09455081166,09-965145162

## San brotherhood

Air-Con,

Servicing




290000Ks
(၃ နှစ်အာမခံ)
Brand (Compressor)
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation

FMI City 709373,09-5084831,682445(Ext)1421
01-704101 , 09-5002738, 09-450023810
681854, 706193, 09-73116475
01-704649,09-73066836,09-73004800
Capital 09-5053114, 73251545, 01-708842
09-43083868, 01-703241
09-5190383,09-73251535
CNG 01-703684,09-43130068
Victoria 01-704467,09-73217035
01-709114, 09-5019316


UNITED9
Company Limited
SAMSUNG
မိုးရာသီအထူးပရိုမိုးရှင်း
( 5 - 6 - 2017 ) မှ
( 30 - 6 -2017 ) အထိ
SAMSUNG တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များ
ဝယ်ယူပြီး PHILIPS အမှတ်တံဆိပ်လက်ဆောင်ပစ္စည်းများ
ရယူလိုက်ပါ....
UA48H5003TK
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၅,၀၀၀ တန်ဖိုးရှိ
Blender ရယူလိုက်ပါ
SAMSUNG 48" TV
PHILIPS HR 2051
UA32J4003AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၂၁,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG 32" TV
PHILIPS GC 1418/02
UA40J5000AKXMR
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၃၃,၀၀၀ တန်ဖိုးရှိ
Kettle ရယူလိုက်ပါ
SAMSUNG 40" TV
PHILIPS HD4646/56
RT22FGRADSA/L
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/21
RT20FGRVDSA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/20
RR19H1046UT/SA
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG REFRIGERATOR
PHILIPS GC 120/19
WA12J5710SG
ဖော်ပြပါပစ္စည်းဝယ်ယူပြီး
ကျပ် ၁၉,၀၀၀ တန်ဖိုးရှိ
Iron ရယူလိုက်ပါ
SAMSUNG WASHING MACHINE
PHILIPS GC 120/20
M9 PUBLIC CO.,LTD. Samsung Brand Shops
M9 PUBLIC CO.,LTD. Authorized Master Distributor of SAMSUNG 09-977233196 , 09-977233159

**သီတဂူရှေ့ပြည်တိုက်ကြီး ဓာတ်ဆေးဆိုင်၏ ဇူလိုင်လ ၁၅၊ ၁၆ (စနေ၊ တနင်္ဂနွေ) ကြိမ်မြောက် မျက်စိခွဲစိတ်ကုသပေးခြင်း အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇူလိုင်လ ၁ ရက်တွင် စတင်လက်ခံ၍ ဇူလိုင်လ ၁၅၊ ၁၆ ရက်များတွင် ၈၁-ကြိမ်မြောက် ဦးရေ (၁၀၂၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို မျက်စိအထူးကုဆရာဝန်ကြီးများ၏ လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရှေ့ပြည်တိုက်ကြီး ဓာတ်ဆေးဆိုင်၊ ရွှေပြည်တိုက်ကြီးစေတီ၊ ပြည်သာယာ၊ ရွှေတိဂုံ (ကမ္ဘာ့ကျော်ရွှေတိဂုံစေတီ ... ) ဖုန်း - ၀၁-၅၅၁၄၉၃၊ ၀၉-၇၃၀၅၆၅၈၉၊ ၀၉-၄၄၃၀၅၆၅၈
ရွှေတိုက်ဘဏ်အကောင့် - (Account No. 007-50100701690301) ဘဏ်စာရင်းသို့ ငွေလွှဲ၍ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**Edu Study Guide**
(Int'l School & မူကြိုမှ အထက်တန်းအထိ)
Teaching & Guide
Edu မှ သင်ကြားမှုကျွမ်းကျင်၍ အတွေ့အကြုံရှိသော
09-43118125, 09-5412613, 09-43192684

**ရှိုင်းရယ် ပတ္တမြား** — အထူး Promotion
ငပလီ - မန္တလေး
မန္တလေး-ပြင်ဦးလွင်-ကျောက်စိမ်းဘုရား (၂) ညအိပ် 39000/-
ပုဂံ-ပုပ္ပါး-ရွှေဇီးခုံ-... (၃) ရက် 39000/-
မှန်/ကရင်ပြည်နယ်ဘုရားစုံ-... 50000/-
09-444462599, 09-252055609

**ပညာတံခွန်**
စာသင်ကျောင်းများ၊ သင်တန်းများ
-စာများကိုတစ်ထိုင်တည်းကျက်ပေး...
(၂၀၁၇)ခု ၈၀%အောင်မြင်မှုရှိသည်။
09-420275663, 09-73152254

**ဦးအောင်ဝင်း**
(ဓမ္မတံဆိပ်ဆုရှင်-လန်ခန်)
LCCI Level - I&II, III တရင်းကိုင်
သင်တန်းများ ဖွင့်လှစ်ပေးနေပါသည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံ
သင်ကြားမှုပြီးပြည့်စုံသည်။
အမှတ်(၂၀)၊ ... ဖုန်း - 09-776349905, 978578325, 01-371741, 240824

**ROLEX, OMEGA နှင့် SWISS** နာရီကောင်းများမှန်လျှင် — (၃) နှစ်တစ်ကြိမ်စစ်ဆေးရန်လိုပါသည်။
လူကြီးမင်းတို့၏ တန်ဖိုးထားသောနာရီများအတွက် "အတု - အစစ်" စစ်ဆေးပေးခြင်း၊
စျေးနှုန်းပေါက်ပေးခြင်း၊ **SERVICE** ပြုလုပ်လိုပါက စေတနာမှန် — ဝက်ကစ်ရှိသာပစ္စည်းအမှန် —
နှစ်ကြာကြာ တာရှည်သုံးစွဲလိုပါကနိုင်ငံခြားပြန် **ROLEX** ဦးညွှန်မှတ်၏ သားတော်များမှ
မိတ်ဟောင်း/မိတ်သစ်များအားအရိုးနှင့်တစ်ပြေညီ စိတ်တိုင်းကျအကောင်းဆုံးဝန်ဆောင်မှု
ပေးနေပါသည်။ ... (၅၀)ကျော် စဉ်ဆက်မပြတ် အားပေးလျက်ရှိသော
မိတ်ဆွေများကျေးဇူးတင်လျက် ...
ရွှေလောင်း — ...
အမှတ်(၁၇၁)၊ ... ဖုန်း၊ ၀၁-၂၄၆၈၂၄

ဦးကြည်မိုးဆောင်း M.A.Teaching of English as a Foreign Language
Dip. English Language Teaching Methodology
(ဆေးတက္ကသိုလ်လက်ထောက်ကထိကဟောင်း)

***Must*** **ENGLISH LANGUAGE CENTRE**

- M.Med Sc Entrance For Doctors and other Health Professionals

| | | | |
|---|---|---|---|
| Section | (A) | Sat/Sun | 8:00 - 10:00 AM |
| Section | (B) | Sat/Sun | 10:00 - 12:00 AM |
| Section | (C) | Sat/Sun | 1:00 - 3:00 PM |
| Section | (D) | Tue/Wed | 5:00 - 7:00 PM |

- M.Med Sc Exam Practice (ပုံမှန်သင်တန်းတက်ရောက်ပြီးသူများအတွက်သာ)

| | | | |
|---|---|---|---|
| Section | (A) | Thu/Fri | 5:00 - 7:00 PM |

- IELTS PREPARATION COURSE (Sat/Sun 3:00 - 5:00 PM)
ပြည့်စုံသော စာအုပ်စာတမ်း၊ CD, DVD များဖြင့်သင်ကြားသည်။

* 1.7.2017 (Sat) တွင် တန်းခွဲသစ်များစတင်မည်။

English is a *Must* for everyone. *Must* is a *Must* for the learners of English.

32 A (ဒုတိယထပ်) ရွှေဂုံတိုင်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 5043424, 09 73152995, 09 73099562


**Teacher ဖြိုး**
B.Sc(Hons:)M.Sc(Maths)
သင်္ချာတန်းစုံ
Ph-09 420083128

**ဟန်းဂုရ် (HANGUK) ကိုရီးယားဘာသာစကားသင်တန်း**
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အခြေခံ)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914, 09-784899915

**GW** 0973226006, 0973133528, 0973077569
အိမ်ပြောင်း အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

**ရွှေနန်းစံ**
အိမ်ပြောင်း/အိမ်ရွှေ့ဝန်ဆောင်မှု (မြို့တွင်း/နယ်ဝေး)
Ph: 09-425308777, 09-770639155, 09-261111549

**WINN GENERAL ELECTRIC**
WGE Company Limited
PHONE: 09-794987585, 09-794987590, 09-2021046, 09-792021046
Oraginal Core, ... (၅) နှစ်အာမခံ



ဝယ်ယူနိုင်သည့် နေရာများ
WGE Company Limited
Ph: 09-965153886, 09-73504617, 09-2021046, 09-91001782
ရွှေ Family ...
B-14 ... Ph: 02-60339, 09-2022660, 09-2022606
... Ph: 09-2165767, 09-402510400
KKK ...
Ph: 09-2045947
... Ph: 086-20036, 09-449249797
... Ph: 09-402711813, 09-790204424
... Ph: 09-73151202, 09-5160084
... Ph: 09-590002, 09-73207076, 09-79013859
www.winngeneralelectric@gmail.com
09-794987588, 09-794987589, 09-91001782



DESIGN IS IN THE DETAILS

Every feature you find inside the Mazda CX-5 echoes the attention to detail our designers and manufacturers put into each Mazda car. Get ready for pure exhilaration.



CX-5 ကို ရန်ကုန်လိုင်စင် ရရှိနိုင်မည့်အခွင့်အရေး

(အရေအတွက် အကန့်အသတ်ဖြင့်သာ)

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.

Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991

Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05

Made In JAPAN

3 YEARS MAZDA WARRANTY

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်ကျင်းပသည့်

ORIGANIZED BY myanmar GH Myanmar Golden Hand

THE FIRST & THE LARGEST
DIGITAL INKJET PRINTING
SIGN EXPO IN MYANMAR (2017)

July လ(၁၅ - ၁၆) ရက် နှစ်ရက်ကိုကြိုတင် စာရင်းပေးသွင်းထားသော visitor များကို Sim Card + Handset ကံစမ်းမဲ ဖောက်ပေးပါမည်။

ပါဝင်ပြသမည့်ပစ္စည်းများ
- Digital Inkjet Machine
- HP Latex Printer
- Textile Printing Machine
- CNC Cutter Machine
- Laser Cutter Machine
- Display Products အမျိုးမျိုး
- UV Flatbed & Roll to Roll Machine

HOT LINE : 09-777588878 , 09-777588898

Venue : Tamadaw Hall,U Wisara Road,Yangon.
Date : July 14th to 16th 2017
Time : 9:00 to 5:30

MAIN SPONSORS BY
GOLDEN HEROES COMPANY LIMITED
New Harmony Digital Inkjet Printing & Material

CO SPONSORS BY
ASP
MARS
iPentum TECHNOLOGY
EVER LUCKY


telenor
၁ မိနစ်
၅/-
နဲ့
တယ်လီနောအချင်းချင်း
ဝိုဝိုပြီးပြော
TELENOR
ကွက်တိ
DIAL *979*1#
ဇွန်လ(၅)ရက်မှ ရက်(၃၀) ပရိုမိုးရှင်းအစီအစဉ်
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။

ကုန်အမှတ်တံဆိပ် မှတ်ပုံတင် TMR 004815(0317) / TMR 000394(0317)

ကျမ်းရွက်ပုံ ဆေးကောင်း

ကျွမ်းရွက်ပုံတံဆိပ်အတုအယောင်များ ဈေးကွက်အတွင်း တွေ့ရှိနေသဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေများ အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဂမုန်းရှင်

လေငန်းကာကွယ်လိမ်းဆေးရည်

LCCI - EDI (UK)

စီးပွားပန်းခင်း

LCCI Level 1+2 & 3

AutoCount Computerised Accounting

2017 December Series(July) (8.7.2017)

10% Discounts

09-5118647-73009869-73013432-73028433

4D-5D

ခ-၉-၁၀တန်း

အဆင့်မြင့် စာသင် စာကျက် စာစစ်ဝိုင်း ဘော်ဒါ

လစဉ်ပေး ဘော်ဒါ (အားလုံးအပြီးအစီး) (၂၅၀,၀၀၀/ကျပ်)

နေ့ကျောင်း ဘော်ဒါ လစဉ်ပေး (၁၂၀,၀၀၀/ကျပ်)

Tel: 09-430 43465 09 8637377

HOME GALAXY Interior Mall

Manufacturing UPVC Window & Door

UPVC Frame & Aluminium Frame PVC Printing Sheet

PVC printing Sheet

ABS Door

UPVC Window & Door

UPVC window & Sliding Door ( Double Glass )

Showroom I - Junction Square Shop-House (7), Pyay Road, Yangon. 01-2304351,2304352,2304337

ShowroomII - No (15),Pyay Road & Corner of Weikzamyinaung St., 9Mile, Yangon. 01-664675

MNC MYANMAR NOBLE COLLEGE

Pearson

Higher National Diploma Course




UK Pearson ပညာရေးအဖွဲ့အစည်းမှ တိုက်ရိုက်အသိအမှတ်ပြုမည့် HND Level 3 Diploma Course နှင့် HND Foundation Course (July Intake) အတွက် သင်တန်းလျှောက်လွှာများ လက်ခံနေပါပြီ။

MNCEducation

Early Bird Promotion! Enroll early and enjoy BIG SAVINGS!

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ အထက-ဒေးပေါက်၊ တက္ကသိုလ်ဝင်တန်းမှ မဆွေဆွေလှဲ၏ ဖခင်အမည်မှန်မှာ ဦးနိုင်မင်းထွန်း[၁၂/သခန(နိုင်)၀၈၅၆၅၃]ဖြစ်ပါကြောင်း။

**ဦးနိုင်မင်းထွန်း**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Ph: 09-797920009

1 Sqft = 3500 Ks

ACE PE WATER TANK

KOREA HI-TECH



သန့်ရှင်းစေတ်မီ ACE ရေတိုင်ကီ

* Silver Nano treated BACTECIDE®
* (အမေရိကန် FDA လက်မှတ်ရ ကုန်ကြမ်း)
* နှစ်(၁၀)အာမခံပါသည်။
* Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်




HORIZONTAL TYPE (အလျားလိုက်)

70, 110, 170, 220, 250 GAL

VERTICAL TYPE (ဒေါင်လိုက်)

70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL

ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။

Ph: 01 684743, 09 73094221, 09 450048469

အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

နတ်ရေစင်ချိုင့်ဖြာ သခန်းဆေးဆေးစော …

နတ်ရေစင်

နလုံးအားတိုးဆေး

TMR 001386 (0217)

ရွှေကံနှင့်ရီ (MOVING HOUSING SERVICE)

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

အိမ်ခန်း၊ ဆိုင်ခန်း၊ ရုံးခန်း၊ ဂိုဒေါင်၊ စက်ကိရိယာ၊ ဌာနဆိုင်ရာရုံးခန်းများ ပြောင်းရွှေ့လိုပါက 10', 14', 15', 16', 17', 24', 10 ဘီး၊ 12 ဘီးကားများနှင့် အလုပ်သမားများ တပါတည်း ပြောင်းရွှေ့ပေးနေသည်။

(မြို့တွင်း / နယ်ဝေး)

Ph: 09 2532 77776, 09 2532 66667, 09 2532 66668, 09 2532 66669

ချော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ ခိုင်ငြားမုန့်ဖုတ်သင်တန်း

Jelly Candy

MASTER

01-389340, 01-248014, 01-379071, 09-73181875

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်း၊ အထက(၁) နဝမတန်း(J)မှ မထက်ထက်ဇော်နှင့် သတ္တမတန်း(E)မှ မမြဒါလီကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင်ဖြစ်ပါသည်။

**ဦးထွန်းထွန်းနိုင်**
**[၈/စလန(နိုင်)၁၀၈၀၀၃]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂/တိုးချဲ့၊ မြေကွက်အမှတ်-၂၂၂၊ မြေကွက်တည်နေရာအမှတ်(၂၂၂)၊ ဇော်ဂျီလမ်း၊ ၄၂ ရပ်ကွက်၊ ဒဂုံမြောက် ဒေါ်ယဉ်ယဉ်အေး [၁၂/စခန(နိုင်)၀၀၃၂၈၃] အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဒေါ်ယဉ်ယဉ်အေးထံမှ ၁၂-၅-၁၉၉၄ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဒေါ်လှလှမြင့်မှ လည်းကောင်း၊ ဒေါ်လှလှမြင့်ထံမှ ၇-၁၂-၁၉၉၇ရက်စွဲပါ အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မာဝင်း [၁၂/ဥကမ(နိုင်)၁၄၉၅၁၁] နှင့် ဒေါ်စန်းစန်းမော် [၁၂/ခရန(နိုင်)၁၁၃၃၅၁] တို့မှလည်းကောင်း ဝယ်ယူခဲ့ပြီး ပါမစ်မူရင်း (မိသားစုဓာတ်ပုံမှတ်တမ်းပါ) (ပါမစ်မစုံ)၊ အမည်ပေါက်၏ဓာတ်ပုံနှင့် နိုင်ကတ်မိတ္တူတို့မှာ နာဂစ်မုန်တိုင်းတိုက်ခတ်၍ အိမ်ပြောင်းရွှေ့စဉ် ပြုတ်ထွက် ပျောက်ဆုံးသွားသောကြောင့် ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်အမှတ်စဉ် - ၂၇၈၈/၁၆-၂-၂၀၁၇ကို တင်ပြ၍ ဂရန်သစ်လျှောက်ထားရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

Than Htut Company Limited

ဓေတ်မီကြော်ငြာဘုတ်အမျိုးမျိုး လက်ခံ ဆောင်ရွက်ပေးနေပါပြီ

LED,LCD,Signboard,composite,Billboard
Sticker,Lightbox,Logo,Design,Pamphlet
Calendar, Silk Screen Printing,Vinyl Printing
--------------Installation Service--------------
Ph.0950 77999,0978 5077999

# Miss Earth Myanmar သရဖူ အလှမယ် တင်စန္ဒာမျိုး ရရှိ


Miss Earth Myanmar 2017 တင်စန္ဒာမျိုးအား တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၂၄**

Miss Earth Myanmar 2017 အလှမယ်ရွေးချယ်ပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ခါးနံပါတ်(၂၅) အလှမယ် တင်စန္ဒာမျိုးက ရွေးချယ်ခြင်းခံခဲ့ရသည်။ သူသည် ပြိုင်ပွဲဝင်အလှမယ် ဆန်ခါတင် ၂၆ ဦးထဲမှ ရွေးချယ်ခံခဲ့ရခြင်း ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Winner ဆုအဖြစ် Miss Earth Myanmar ဆုအပြင် အခြားဆုများဖြစ်သည့် Miss Myanmar Air 2017 ဆုကို ခါးနံပါတ်(၁၄) ဆူဇန်ရှိုင်းက လည်းကောင်း၊ Miss Myanmar Water 2017 ဆုကို ခါးနံပါတ်(၇) ဆုဝတ်ရည်က လည်းကောင်း၊ Miss Myanmar Fire 2017 ဆုကို ခါးနံပါတ်(၆) ယဉ်ယဉ်ထက်က လည်းကောင်း၊ Miss Myanmar Eco-tourism 2017 ဆုကို ခါးနံပါတ်(၁၁) နှင်းဝေဝေလွင်က လည်းကောင်း၊ Miss Myanmar Teen ကို ခါးနံပါတ်(၄) ယူကီစံက လည်းကောင်း အသီးသီး ရရှိခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**


ယူ -၂၂ အသင်းနှင့် MNL All Star အသင်း ယှဉ်ပြိုင်နေစဉ်။

# ခြေစမ်းပွဲတွင် ယူ-၂၂ အသင်း အနိုင်ရ

**ရန်ကုန် ဇွန် ၂၄**

ဆီးဂိမ်းပြိုင်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းသည် MNL All Star အသင်းနှင့် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားသည်။

| | | |
|---|---|---|
| **မြန်မာယူ-၂၂** | - | **နှစ်ဂိုး** |
| **MNL All Star** | - | **တစ်ဂိုး** |

MNL All Star အသင်းသည် လက်ရွေးစင်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားပြီး ပထမပိုင်းတွင်ရန်ပိုင်၏ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ကစားသမားအများစုကို စမ်းသပ်ခဲ့ပြီး ပထမဆုံးပွဲဖြစ်သောကြောင့် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းမှ ချေပဂိုးနှင့် အနိုင်ဂိုး ရခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✱**

# ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၄**

KBZ Bank Cup 2017 လေးနိုင်ငံ ယူ-၂၂ ဖိတ်ခေါ်ပြိုင်ပွဲများကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဖိတ်ခေါ်ကျင်းပသွားမည်ဖြစ်သည်။

ဇွန်၂၈ ရက် ညနေ ၃ နာရီတွင် ဟောင်ကောင်ယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ကမ္ဘောဒီးယား ယူ-၂၂ အသင်း၊ ဇွန် ၃၀ ရက် ညနေ ၃ နာရီတွင် ဂျပန်တက္ကသိုလ်အသင်းနှင့် ကမ္ဘောဒီးယားယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် ဟောင်ကောင်ယူ-၂၂ အသင်းနှင့် မြန်မာယူ-၂၂ အသင်း၊ ဇူလိုင် ၂ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယား ယူ-၂၂ အသင်းနှင့် ဟောင်ကောင်ယူ-၂၂ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာယူ-၂၂ အသင်းနှင့် ဂျပန်တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ပြိုင်ပွဲအားလုံးကို အမှတ်ပေးပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်း ယှဉ်ပြိုင်သည့်ပွဲစဉ်များကို MRTV Sports Channel မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပန်းတောင်းမြို့နယ်ရှိ ကျေးရွာအချို့ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကာ နေအိမ်များ အရေးပေါ်ပြောင်းရွှေ့နေရ

**ပန်းတောင်း ဇွန် ၂၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းတွင် မြစ်ရေ/ချောင်းရေများတိုက်စားကာ ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်နေသည့်အတွက် ယင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့မှနေအိမ်များ အရေးပေါ်ပြောင်းရွှေ့မှုများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုမှာ ဧရာဝတီမြစ်၊ ဗူးရိုးချောင်း၊ သနီချောင်း၊ သူရဲတန်းချောင်း စသည့် မြစ်ချောင်းများမှ ရေတိုက်စားမှုများဖြစ်ပေါ်ကာ ကမ်းပါးများပြိုကျနေသည့်အတွက် ပန်းတောင်းမြို့နယ်အတွင်းရှိ ကျွန်းမီးကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ အထက်ဝဲကြီးကျေးရွာ၊ ဇရပ်လှကျေးရွာများမှ နေအိမ် အလုံး ၃၀ ခန့်အား ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပြောင်းရွှေ့မှုများပြုလုပ်နေရပြီး အဆိုပါကမ်းပါးပြိုကျမှုကြောင့် နေအိမ်များအပြင် စိုက်ပျိုးမြေများပါ ရေတိုက်စားသည့်အထဲ ပါဝင်နေသည့်အတွက် အခက်ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောသည်။ လက်ရှိကြုံတွေ့နေသည့် အခြေအနေနှင့် ပတ်သက်၍ ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ပန်းတောင်းမြို့နယ်အတွင်းတွင်

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✱**



ဝတ္ထုတို


ဝင်းကျော်(ကလေး)
**BA** (ဒဿနိက)




# မိစံ

**အခန်း( ၁ )**

မိစံ အိမ်မှာ နေကိုမနေချင်တော့ဘူး။ အမေက အတူတူမွေးထားတဲ့ သားသမီးချင်းကိုတောင် ချစ်တာချင်းကမတူဘူး။ ရှိတာမှ မောင်နှမလေးနှစ်ယောက် ဒါလေးပဲရှိတာ။ ဒါကို အမေက ခွဲခြားခွဲခြားနဲ့။

သူ့သားမှသူ့သား။ အဖေကျတော့ အမေ့လို မဟုတ်ဘူး။ တန်းတူချစ်တာလို့ မိစံ မြင်တယ်။ အမေကသာ။

ဟင်းကောင်းလေးများချက်ရင် ပါသမျှ အသားက သူ့သားအတွက်ချည်းပဲ။ ဝက်သားချက်ရင် အဆီနဲ့အခေါက်က မိစံတို့ပဲ။ စားချင်စား မစားရင်နေ ဒါပဲရှိတာဆိုတဲ့အထာနဲ့ အမေတို့က အဲလို။ ကြက်သားချက်ရင် ပိုတောင်ဆိုးသေးတယ်။ ခေါင်း၊ ခြေထောက်၊ လည်ချောင်းဆို လာထားပဲ။ ဘယ်သူ့အတွက်လဲ မမေးနဲ့ မိစံအတွက်ပဲ။

“သားကြီးက တစ်နေကုန် ပင်ပင်ပန်းပန်းနဲ့ ကုန်ထမ်းနေရတာလေ သမီးရဲ့။ ဟင်းကောင်းထမင်းကောင်းလေးစား အားရှိမှ ဒါမျိုးအလုပ်က လုပ်နိုင်တာ။ အမေတို့ သားအမိ သားအဖ တစ်တွေက ဘာနဲ့စားစား ဝင်ပါတယ်ကွယ်”

ဟင်းကောင်းချက်တိုင်း အဲဒီလိုစကားတွေက မိစံအတွက် အမေ့ဆီက အမြဲကြားကြားနေရတဲ့စကားတွေပါ။ ဒီလိုစကားတွေကြားရတိုင်း မိစံ အမေ့ကို အမြင်မကြည်ရာကနေ အမုန်းတွေအဖြစ် ပြောင်းလဲလာတယ်။ ပြီးတော့ အမေဆိုတာ မိစံအတွက်တော့ ရှင်နေလျက်နဲ့ သေနေတဲ့သူတစ်ယောက်။

နောက်တော့ မိစံ အမေလို့တောင်မခေါ်တော့ဘဲ သားချစ်ကြီးလို့ပဲ စိတ်ထဲကနေ တွင်တွင်ခေါ်နေမိတော့တယ်။

**အခန်း(၂)**

တစ်နေ့တော့ ကံကြမ္မာဆိုးက မိစံတို့မိသားစုကိုဖြိုခွဲဖို့ တိုးဝှေ့ပြီးဝင်ရောက်လာပါတော့တယ်။ ခြောက်လလောက်လေဖြတ်နေတဲ့ အဖေက

“ငါ့သား၊ ငါ့သမီးတွေနဲ့ နောက်ခြောက်နှစ်မက အဖေနေလို့ရပါသေးတယ်”လို့ပြောပြီး တစ်နှစ်အတွင်းမှာပဲ အဖေက တစ်မိသားစုလုံးကို ထားသွားခဲ့တယ်။ မိစံကို နားလည်ပေးတဲ့အဖေ အိမ်မှာမရှိတော့တဲ့နောက်ပိုင်း သားချစ်ကြီးကပါ အချိုးတွေ ချက်ချင်းပြောင်းလာခဲ့တယ်။ အဖေဆုံးပြီး သုံးလလောက်ကြာတော့ အစ်ကိုကြီးကပါ အိမ်ထောင်ကျပြီး ဆံထုံးနောက်သျှောင်ပါသွားတယ်။ သားချစ်ကြီးကတော့ တစ်နေ့တစ်နေ့ မစားနိုင် မသောက်နိုင် မျက်ရည်နဲ့မျက်ခွက် မစဲဘူး။ တမှိုင်မှိုင် တတွေတွေနဲ့။ ဟိုကဖြင့် တစ်လနေလို့ အမေနေကောင်းလားတောင် ဖုန်းတစ်ကောခေါ် ဖော်ရတာမဟုတ်ဘူး။ သူ့မယားနဲ့ ပျော်နေတာနဲ့ မေ့တောင်နေလောက်ပြီ။ သားချစ်ကြီးကတော့ အစားမမှန်၊ အအိပ်မမှန်နဲ့ ရောဂါတွေများရလို့။ မနေ့ညကတည်းက ချောင်းတွေတဟွတ်ဟွတ်ဆိုးနေတာ မိစံ သိသားပဲ။ ခံလေဦးတော့ပေါ့။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲလေ။ နေမှမနေတတ်တာ။ အတူနေနေတဲ့ မိစံကျ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မထင်ဘူး။ အခုလို မကျန်းမမာနေမကောင်းတော့ သူ့သားကြီးက ဘာလာလုပ်ပေးလို့လဲ။ အနားမှာရှိတဲ့မိစံပဲ လုပ်ပေးနိုင်မှာပေါ့။ ဒါကိုများ မိစံကိုဆို နည်းနည်းလေးမှ အမြင်မကြည်ဘူး။ ထစ်ခနဲရှိ ဆူဖို့ ငေါက်ဖို့ပဲ။ လုပ်ပေးတော့လည်း အကောင်းမပြောအတူတူ မိစံလည်း ကိုယ့်ဘာသာ မသိချင်ယောင်ပဲ ဆောင်နေလိုက်တယ်။

အဖေမရှိတော့တဲ့နောက်ပိုင်း အရင်က တော်ရုံတန်ရုံမပြောတဲ့ ကိစ္စအသေးအဖွဲ့လေးတွေတောင် အခုဆို သားချစ်ကြီးက

“ဟိုဟာမလုပ်နဲ့၊ ဒီဟာမလုပ်နဲ့၊ ဒီလမ်းမသွားနဲ့၊ ဟိုလမ်းလည်းမသွားရဘူး”နဲ့ အတင်းချုပ်ချယ်လာတယ်။

အဲလို ချုပ်ချယ်လေ မိစံက ပိုဆိုးလေပဲ။ ဟုတ်တယ်လေ။ မိစံလည်း ကလေးမှမဟုတ်တော့တာ။

ဒီလမ်းမသွားနဲ့ဆို သွားလိုက်တာပဲ။ ဒီဟာမလုပ်နဲ့ဆို လုပ်လိုက်တာပဲ။ မိစံကို တစ်ခွန်းပြောရင် နှစ်ခွန်းပြန်ပြောတတ်တာ အဲဒါ မိစံအကျင့်။

ဟိုတစ်ခါတုန်းက မိစံရန်ဖြစ်ပြီး အိမ်ပေါ်ကနေ ဆင်းသွားပြီးကတည်းက အခုနောက်ပိုင်းတော့ သားချစ်ကြီးက စိတ်တွေလျှော့လာတယ်ထင်ပါရဲ့။ မိစံကို အရင်ကလောက်တော့ မချုပ်ချယ်ပြန်တော့ဘူး။

**အခန်း(၃)**

အိမ်မှာ နှစ်ယောက်တည်းရှိနေပေမယ့် မိစံနဲ့ သားချစ်ကြီးက သိပ်ပြီးစကားပြောဖြစ်ကြတာ မဟုတ်ဘူး။ မိစံက အဝေးသင်ပထမနှစ်တက်နေတာ။ မိစံလည်း သူများတွေလို ဒေးတက်ချင်တာပေါ့တော်။ အစတုန်း(အဖေရှိတုန်း)ကတော့ ဒေးတက်မလို့လုပ်နေတာပဲ။ အဖေမရှိတော့တာနဲ့ပဲ ချက်ချင်းဆိုသလို သားချစ်ကြီးက ခိုတစ်ကောင်လိုညည်းပြပါလေရော။

“နင်တို့အဖေလည်း မရှိတော့ဘူးသမီး။ အမေတစ်ယောက်လုပ်စာနဲ့ ငါ့သမီး ဒေးတက်ရင် အဆင်ပြေပါ့မလား။ သူငယ်ချင်းတွေကြားမှာ ငါ့သမီးလေးမျက်နှာငယ်မှာလည်း အမေမလိုလားဘူးသမီးရယ်။ ပြီးတော့ နင့်အစ်ကိုကလည်း မကြာခင် အိမ်ထောင်ပြုတော့မှာလို့ တစ်နေ့က အမေ့ကိုဖွင့်ပြောတယ်။ ငါ့သမီးလည်း မျက်နှာမငယ်ရအောင် အဝေးသင်ပြောင်းတက်ပါလားကွယ်”

အဲဒီကနေစပြီး မိစံ အဝေးသင်တက်ဖြစ်တော့တာ။ ဘယ်မှာကျေလို့လဲ မိဘဝတ္တရား။ အစကတော့ ဒေးတက်ရမယ်လို့ မိစံ အပျော်ကြီးပျော်နေခဲ့မိတာ။ သူငယ်ချင်းတွေကြားမှာရောပတ်ဝန်းကျင်မှာပါ မိစံ ဒေးတက်မှာလို့လည်း ကြွားထားတာ။ အခုတော့ သားချစ်ကြီးကြောင့် ကြားထဲကနေ မိစံကပဲ လူလိမ်လူညာမကြီး ဖြစ်ရပြန်တယ်။ စိတ်ထဲကတော့ သိပ်ပြီးအခဲကြေတာမဟုတ်ဘူး။ ဒီလိုနဲ့ မိစံ သားချစ်ကြီးကို ခပ်စိမ်းစိမ်းပဲနေတော့တယ်။အမေဆိုတဲ့ စကားဆို မိစံနှုတ်က ယောင်လို့တောင်ထွက်တော့တာမဟုတ်ဘူး။

မနက်မိုးလင်းတာနဲ့ မိစံက ကျောင်းကိုသွားတယ်။ သားချစ်ကြီးကလည်း ဈေးတောင်းကို ခေါင်းပေါ်တင်ပြီး ပျံကျဈေးထဲမှာ ဈေးရောင်းဖို့သွား။ ညဘက်ကျတော့လည်း မိစံက အိမ်စာတွေနဲ့ အချိန်ကုန်။ သားချစ်ကြီးကလည်း မနက်ဈေးထွက်ဖို့အတွက် ညနေကတည်းက စက်ဘီးတစ်စီးနဲ့ စိုက်ခင်းတွေထိအောင် အသီးအရွက်တွေလိုက်ယူနေတာနဲ့ ထမင်းလက်ဆုံတောင် စားဖြစ်ကြတာမဟုတ်ဘူး။ တစ်ခါတလေကျ ဆုံနေရင်တောင် တမင်မဆုံအောင် မိစံက စာအုပ်တစ်အုပ်ကို ဖင်လှန်ခေါင်းလှန်လုပ်နေတတ်တာမျိုး။

**အခန်း(၄)**

နွေကျောင်းပိတ်ရက်ရောက်ပြီ။ အခုရက်ပိုင်းအတွင်း သားချစ်ကြီးက ချောင်းတွေတဟွတ်ဟွတ်နဲ့ အဆက်မပြတ်ဆိုးနေတာ မိစံအတိုင်းသားကြားနေရတယ်။ နေ့ဘက်ဆိုအကြောင်းမဟုတ်ဘူး။ ညဘက်မှာ ချောင်းဆိုးတော့ မိစံ အိပ်ရေးပျက်တာပေါ့။

အခုတလော မိစံလည်း ကျောင်းပိတ်တာနဲ့ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတုန်း . . .

“သမီး ရပ်ကွက်ထဲက ဘုန်းကြီးကျောင်းမှာ လူငယ်တရားစခန်းပွဲရှိတယ်။ မနက်ဖြန်စမှာတဲ့။ အဲဒါ သမီး တရားစခန်းဝင်ပါလား”

သားချစ်ကြီးက ဟင်းရွက်သင်နေရာကနေ ဇန်းကို မ,လာပြီး မိစံအနားကို ကပ်ထိုင်ပြီး ပြောတယ်။

ဟွန်း ပြောပုံက ကြည့်ပါဦး။ မိစံကပဲ အရိုင်းအစိုင်းကြီးဖြစ်နေလို့ တရားစခန်းကို ဝင်စေချင်တဲ့သဘော။

မိစံကို အိမ်မှာ အလကားအချိန်ဖြုန်းပြီး သူ့လုပ်စာထိုင်စားနေလို့ ကြည့်မရတာနဲ့ မကောင်းကျောင်းပို့နေတာနေမှာပေါ့။ ရတယ်လေ။ အိမ်မှာနေတာနဲ့စာရင် မကြားရ၊ မမြင်ရတဲ့နေရာမှာ နေရတာကမှ ပိုတောင်ကောင်းသေးတယ်။

“ကောင်းပြီလေ။ ဒါဆို မိစံ တရားစခန်းဝင်မယ်။ ဟိုမှာလိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေဝယ်ဖို့ ပိုက်ဆံပေးလေ”

မိစံဖုန်းပွတ်နေရာကနေ ပိုက်ဆံတောင်းလိုက်တယ်။

“အမေပေးမှာပေါ့ သမီးရဲ့။ အမေဝမ်းသာလိုက်တာကွယ်။ ရော့ ရော့ အမေ့လက်ထဲရှိတာ အကုန်ယူသွား”

သားချစ်ကြီး ခွေးခံအိတ်ထဲက အလျင်စလိုထုတ်ပြီးပေးလိုက်တဲ့ ပိုက်ဆံကို မိစံ ရေကြည့်လိုက်တယ်။ တစ်သောင်းနှစ်ထောင်တည်း။

“ပိုက်ဆံလေး သောင်းနှစ်ထောင်နဲ့ ဘာဝယ်လို့ရမှာလဲ။ တစ်သောင်းခွဲပေး”

မိစံအလိုမကျတဲ့မျက်နှာနဲ့ ပြန်ပြောတော့

“ဒါဆို ခဏလေးစောင့်ပေးသမီး”

သားချစ်ကြီးက မှန်တင်ခုံရှေ့သွားတော့ မိစံ တစ်ချက်လှမ်းကြည့်လိုက်တယ်။ သွားခါနီး အုန်းဆီလိမ်းပြီး ခေါင်းဖြီးနေတဲ့ သားချစ်ကြီးကို

“အမယ်လေး ပြောရင်လည်း မိစံလွန်ရာကျဦးမယ်။ ဒီအရွယ်ထိ လှချင်ပချင်စိတ်က မကုန်သေးဘူး ဟွန်း. . . ”

မိစံစိတ်ထဲကနေပြောပြီး မျက်စောင်းတစ်ချက်ထိုးလိုက်တော့မှ ထွက်သွားတယ်။

**အခန်း(၅)**

ကြာလိုက်တာ။ ပိုက်ဆံလေး သုံးထောင်ရှာတာ အဲလောက်တောင်ခက်ခဲနေလားမသိပါဘူး။ မိစံ သိပ်ပြီးစိတ်မရှည်ချင်တော့။ ထွက်သွားတာ တစ်နာရီလောက်ရှိနေပြီ။ အခုထိ အရိပ်အယောင်တောင် မတွေ့မိသေးဘူး။ ဟော. . . လာနေပြီ။ လူတစ်ယောက်ပျာတာပျာတာနဲ့။ မိစံမျှော်တာကတစ်ယောက်။ ရောက်လာတာကတစ်ယောက်။ သားချစ်ကြီးမဟုတ်မှန်း သေချာတော့ မိစံ မျက်နှာလွှဲမယ် အလုပ်. . .

“မိစံ ရပ်ကွက်ထဲမှာ နင့်အမေ ဆိုင်ကယ်တိုက်ခံရလို့”

“ရှင်. . . ”

ရပ်ကွက်ထဲက အသိတစ်ယောက်က လာပြောသွားတာ။ ကြားလိုက်ရတဲ့စကားက မိစံဘယ်လိုမှ ထင်မှတ်မထားတဲ့စကား။ မိစံ ဘာဆက်လုပ်ရမယ်မသိတော့။ တွေတွေကြီး မတ်တတ်ရပ်နေမိတယ်။

“ငါလိုက်သွားရမှာလား။ ငါဘာလုပ်ရမှာလဲ ဟင်. . . ” မိစံသူ့ကိုယ်သူ ဒီမေးခွန်းကို ထပ်တလဲလဲ မေးနေမိတယ်။

“နင့်ကြောင့် နင့်အမေ အခုလိုဖြစ်တာလေ အမိုက်မရဲ့။ ဒါကို လိုက်မသွားဘဲ ဒီမှာ ဘာရပ်လုပ်နေတာလဲ။ လိုက်သွားလေ”

လူတစ်ယောက်က မိစံအနားကို လာပြောနေသလို။ မိစံ အသိဝင်လာတာနဲ့ ခြေလှမ်းတွေ စလှမ်းလိုက်တယ်။ ခြေလှမ်းတွေက တဖြည်းဖြည်းနဲ့ မြန်လာတယ်။ နောက်တော့ မြန်ရာကနေ မိစံ ပြေးနေမိတာ ဖိနပ်တောင် မပါတော့ဘူး။

“အား . . . ”မိစံ ခြေထောက် ဘာစူးသွားလဲမသိ။ မကြည့်အားဘူး။ အမေ့စိတ်နဲ့ပဲ မိစံဆက်ပြေးနေတယ်။ ပြေးလမ်းတစ်လျှောက်မှာ သွေးတွေက တန်းလန်းကြီးပေကျန်နေခဲ့တယ်။

ဘယ်ကနေဘယ်လိုရောက်လာမှန်းမသိတဲ့ မျက်ရည်တွေက ပိုးပိုးပေါက်ပေါက်နဲ့ လမ်းပေါ်မှာ ခုန်ဆင်းပြီးနေခဲ့ပြန်တယ်။ “အမေ ဘာမှမဖြစ်ပါစေနဲ့တော်”လို့ စိတ်ထဲကနေ ဆုလည်းတောင်းရင်း၊ ပြေးရင်းလွှားရင်း. . .။

လူတွေအုံနေတဲ့ကြားထဲကို မိစံ အတင်းတိုးဝင်ကြည့်လိုက်တယ်။ တွေ့လိုက်ရတဲ့ မြင်ကွင်းက မယုံနိုင်စရာ။ မြေကြီးပေါ်မှာ သွေးတွေက အိုင်ထွန်းလို့။ မိစံဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘူး။ အမေ့ကို ထွေးပွေ့လိုက်တယ်။

**အခန်း(၆)**

“အမေ အမေ သမီးမိစံလေ။ အမေ့သမီး မိစံလေ အမေရဲ့။ အမေ့ရှေ့ရောက်နေတာ အမေ့သမီးမိုက်ကြီး မိစံလေ အမေရဲ့. . .။ မိစံကြောင့် အမေ အခုလိုဖြစ်ရတာအမေရဲ့။ သိရဲ့လား”

အမေက သွေးတွေတရွှဲရွှဲပေကျံနေတဲ့ကြားကနေ မိစံကို ခေါင်းခါပြနေတယ်။ ပြီးတော့ ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ လက်တစ်ဖက်ကို မိစံဆီကို ကမ်းပေးနေပြန်တယ်။ မိစံ အမေ့လက်လာရာဆီကို ငူငူကြီးစိုက်ကြည့်ပြီး အမေ့လက်ကို ဖြန့်ကြည့်လိုက်တော့ ပိုက်ဆံသုံးထောင်။ သွေးတွေတောင်စွန်းနေပြီ။ မိစံရင်ထဲ ဆစ်ခနဲနာကျင်သွားတယ်။ မျက်ရည်တွေက အရှိန်အဟုန်ပြင်းပြင်းနဲ့ မျက်ဝန်းနှစ်ခုဆီကနေ တရစပ်ဖြာကျလာတယ်။

အမေက ချည့်နဲ့ပြီးသွေးတွေပေကျံနေတဲ့ လက်နဲ့ ပိုက်ဆံသုံးထောင်ကို မိစံဆီ ထိုးပေးနေပြန်တယ်။ မိစံ အမေ့လက်ကိုရင်ဘတ်မှာကပ်ပြီး. . .

“သမီးမလိုချင်တော့ပါဘူး အမေ။ အမေ့ကိုပဲ ပကတိအတိုင်း သမီးပြန်ရချင်တယ်။ ပြန်လိုချင်တယ်အမေ။ အမေ့ကို စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်ခဲ့တဲ့သမီးကို ခွင့်လွှတ်ပါနော် အမေ။

မိစံ အမေ့ဦးခေါင်းကို ပေါင်ပေါ်တင်ပြီး လက်နှစ်ဖက်ကိုပူးကာ လက်အုပ်ချီ အနေအထားကနေ ပြောနေမိတယ်။ အမေက ခေါင်းတစ်ချက်ညိတ်ပြပြီး ငြိမ်ကျသွားတယ်။ မိစံ မျက်လုံးတွေပြူးကျယ်သွားတယ်။ ပြီးတော့ ဦးခေါင်းတစ်ခုလုံးကလည်း အိုးထိန်းစက်သဖွယ် ချာချာလည်သွားတယ်။

“အမေ. . . ”

မိစံ အသံကျယ်ကြီးနဲ့ အော်ငိုလိုက်တော့ နံဘေးလူတွေက အထိတ်တလန့်ဖြစ်ကုန်ကြတယ်။ ပြီးတော့ မိစံကို ဝိုင်းဆွဲကြတယ်။

မိစံ ဘာကိုမှမသိတော့ဘူး။ အရူးတစ်ယောက်လို စကားတွေ တရစပ်ပြောနေတော့တယ်။

“မိစံလေးခမျာ သနားပါတယ်ဟယ်”

“ဟုတ်ပ့ါဟယ်။ အဖြစ်ကလည်း ဆိုးလိုက်တာ” တစ်ယောက်တစ်မျိုးစီ ပြောနေကြစဉ်မှာပဲ ရပ်ကွက်ထဲက ဆံပင် ရောင်း/ဝယ်တဲ့ ဦးသာဝစကား ကြားရလိုက်ရတဲ့အချိန်မှာတော့ နံဘေးက မိစံတို့သားအမိအဖြစ်ကို သနားတဲ့ အကြည့်တွေနဲ့ကြည့်နေတဲ့ လူတွေအားလုံး ငြိမ်ကြကုန်ပါတော့တယ်။

“ဒေါ်သန်းကြည်လို မိဘမျိုးကတော့ တကယ့်ကိုရှားပါပေတယ်ဗျာ။ စောစောလေးကပဲ ကျုပ်မဝယ်ပါဘူးဆိုနေတဲ့ကြားကနေ သူ့သမီးလေးအတွက် ပိုက်ဆံသုံးထောင်လောက် အရေးပေါ်လိုနေလို့ကူညီပါဆိုတာနဲ့ သူ့ဆံပင်ကို ဖြတ်ရောင်းသွားတာ”။

ဝဝဝ

ဆောင်းပါး

# ပန်းကလေးတွေ ပျိုးကြမယ်

## သုမေ(ကျိုက်လတ်)

"ဟဲ့ကောင်မလေး နင်က အခုဘယ်မှာ လုပ်နေတာလဲ"ဟုမေးသံကြား၍ ကျွန်မ လှည့်ကြည့်မိတော့ ၇-၈ နှစ်အရွယ်လောက်သာရှိဦးမည့် ကလေးမလေးတစ်ယောက် မှန့်လာဝယ်သည်ကို သူ့အသိက လှမ်းမေးပုံရသည်။ "ရွှေပြည်စိုးလက်ဖက်ဆိုင်မှာပါ"ဟု ကလေးမက ပြန်ဖြေတော့ မေးသူအဒေါ်ကြီးထံမှ စကားသံတို့က ဆက်လက်ထွက်ပေါ်လာလေသည်။ "သူများကလေးတွေများ ဒီအရွယ်ကတည်းက အလုပ်လုပ်နေပြီ။ အိမ်က ကလေးတွေများ ဂျီကျလို့ကောင်းတုန်း"ဟူသော အသံကို ကြားလိုက်ရသောအခါ ကျွန်မတို့ ပတ်ဝန်းကျင်၏ တလွဲဖြစ်နေသော "စံနှုန်း"ကို တွေးမိတော့သည်။ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ"ဟူသည့်အတိုင်း အလုပ်လုပ်သည်ကို ကျွန်မလည်း သဘောကျပါသည်။ သို့သော် ပညာရှာရမည့်အရွယ်ကလေးများက လူကြီးလေးတစ်ယောက်လို မိသားစုဝန်ကို ဝင်ထမ်းနေရသည်ကိုမူ မနှစ်မြို့လှပါ။

ကလေးအချို့မှာ ဘဝပေးအခြေအနေအရ မဖြစ်မနေ အလုပ်လုပ်မှဖြစ်မည့် အနေအထားမျိုးဖြစ်သော်လည်း ကလေးအလုပ်သမားအများစုမှာ သူတို့မိဘများ၏ လွဲမှားသောစံနှင့် တွေးခေါ်ပုံတို့ကြောင့် အလုပ်လုပ်နေကြရခြင်းဖြစ်သည်။ သိတတ်သောအရွယ်မှစတင်ကာ အလုပ်လုပ်စေခြင်းဖြင့် မိဘများ ထမ်းပိုးထားရသော ဝန်ထုပ်ဝန်ပိုးကိုလျော့စေသည့်အပြင် တစ်ဖက်တစ်လမ်းမှ ငွေဝင်သောကြောင့် အကောင်းဆုံးနည်းလမ်းအဖြစ် ရှုမြင်ထားကြလေသည်။ ထိုသို့ ကလေးငယ်များ၏ အနာဂတ်ကိုစတေးကာ မိသားစု၏လိုအပ်ချက်ကို ဖြည့်ဆည်းကြပါသော်လည်း ထိုမိသားစုများတွင် သိသာသောပစ္စည်းဥစ္စာတိုးတက်ခြင်းကိုမူ မတွေ့မမြင်မိပေ။ ရရစားစားနှင့်သာ ကုန်သွားတတ်ကြပြီး ကလေးများ၏ အညွန့်တလူလူတက်နေသောအနာဂတ်များ အငွေ့ပြန်ပျောက်ဆုံးသွားရခြင်းသာ အဖတ်တင်လေသည်။ ထိုသို့သောကလေးများမှာ ပညာသင်ခွင့်မရသည့်အပြင် ရင်စည်းခံကြရလေသည်။

ပညာမတတ်သည့်အပြင် စီးပွားရေးကျပ်တည်းမှုဒဏ်ကိုခံနေရသော ထိုမိဘများသည် ကလေး၏ အနာဂတ်ကို ထည့်တွက်နိုင်စွမ်းမရှိပေ။ ထိုသို့သောကလေးများမှ လူကြီးအဖြစ်ကြီးပြင်းလာပြီး အနာဂတ်နိုင်ငံတော်၏ ပြည်သူများဖြစ်လာသောအခါ၊ အနာဂတ်နိုင်ငံတော်၏ ဘဝဖြစ်လာသောအခါ ပညာမတတ်ဘဲ သိမ်ငယ်စိတ်တို့ဖြင့်သာ ကြီးပြင်းလာခဲ့ရသော လူအများစုဖြစ်နေမည့် ဤနိုင်ငံတော်သည် အဘယ်ပုံများရှိနေပါလိမ့်မည်နည်း။ ကိုယ်ပိုင်တွေးခေါ်ဆုံးဖြတ်နိုင်ခွင့်ဆုံးရှုံးကာ သူများခိုင်းသမျှကိုလုပ်ရင်း ကိုယ်တိုင်တွေးခေါ်ဆင်ခြင်၊ တီထွင်စဉ်းစားနိုင်စွမ်းမရှိသူတို့ များနေမည့်အခြေအနေဖြစ်နေမည်ကို ထိုမိဘများမှာ မြော်တွေးနိုင်ခြင်းမရှိကြဘဲ လတ်တလောပြေလည်မှုကိုသာ ရွေးရှုဆုံးဖြတ်ကြလေသည်။

အချို့မိဘများဆိုလျှင် ကလေးငယ်များကို ဇန်းပြကာ တောင်းစားသူတို့ထံသို့ လသားအရွယ်လူမမယ်ကလေးများကိုပင် အခကြေးငွေဖြင့် ငှားစားခြင်းများပါ ရှိနေလေသည်။ ထိုသို့ငှားစားခံကလေးများသည် မိခင်နို့ကိုစို့ခွင့်နည်းရုံသာမကဘဲ ပိန်လှီသောကလေးကသာ သနားစဖွယ်ပုံပေါက်သောကြောင့် ပိန်လှီနေစေရန် အနည်းငယ်သာ ကျွေးမွေးတတ်ကြပြန်သေးလေသည်။ ယခင်ခေတ်များတွင် ကလေးအလုပ်သမားများမှာ ၁၀ နှစ်အထက်အရွယ်ယောကျ်ားလေးများသာ အတွေ့များခဲ့သော်လည်း ယခုအခါတွင်မူ ၁၀ နှစ်အောက်ကလေးများ အတွေ့များလာသည့်အပြင် မိန်းကလေးများပါ အလုပ်လုပ်နေကြသည်ကို တွေ့မြင်နေရသည်။ ထိုသို့ ကလေးအလုပ်သမားများ သိသိသာသာများပြားလာခြင်းအပြင် ကလေးခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အမှိုက်ကောက်ကြံရာကျပန်းလုပ်ရင်း ငွေရှာရာမှ အလစ်သမား၊ ကော်ရှူသူများ ဖြစ်သွားရရှာသောကလေးငယ်များ၊ မိဘကိုယ်တိုင်က အပျိုစင်ဘဝကိုရောင်းစားရာမှ လိင်ကျွန်ဖြစ်လာရသော မိန်းကလေးငယ်များပါရှိနေလေရာ တိုင်းပြည်၏အနာဂတ်ဖြစ်သော ကလေးငယ်များ၏ ဘဝများမှာ စိုးရိမ်ဖွယ်ဖြစ်နေလေသည်။

**ယနေ့ခေတ်လူကြီးအများစုမှာ တိုင်းပြည်မတည်မငြိမ်မှုကိုလည်း ကြုံခဲ့ဖူးလေပြီ။ စီးပွားရေးကျပ်တည်းမှုကိုလည်း ရင်ဆိုင်ဖူးခဲ့ကြပြီ။ ပြည်တွင်းစစ်၏ မြေစာပင်များကိုလည်း မြင်ခဲ့ဖူးပြီ။ အိမ်နီးချင်းနိုင်ငံများထက် နိမ့်ကျမှုကိုလည်း ကြုံဖူးခဲ့ကြပြီး ဖြစ်သည်။ ထိုအခြေအနေများကို ရင်ဆိုင်ခဲ့ရသော ကျွန်မတို့သည် အနာဂတ်တွင် ထိုအခြေအနေများ ထပ်မကြုံရလေအောင် ကာကွယ်တည်ဆောက်သင့်ပြီ**

အလုပ်သမားဟူသောဘဝသည် ပြောဆိုဆူဆဲခံဘဝမျိုးသာများလေရာ ကလေးများခမျာ အရွယ်နှင့်မလိုက်သော ခန္ဓာကိုယ်ပင်ပန်းမှု၊ စိတ်အားငယ်မှု၊ သိမ်ငယ်စိတ်တို့နှင့်အတူ ချောင်ပိတ်ခံ၊ အသုံးချခံဘဝမျိုးကို ဖြတ်သန်းကြရလေသည်။ အချို့တောရွာမှ မိဘများဆိုလျှင် ကလေးကို မြို့သို့ပို့ကာ အလုပ်သမားအဖြစ်အပ်နှံပြီး သူတို့က လစာငွေ ကြိုတင်ထုတ်ယူသွားကြတတ်သည်။ သူတို့၏ အမြင်အရ စီးပွားရေးကျပ်တည်းနေသော သည်ခေတ်ကြီးတွင် ကလေးကို အလုပ်သမားအဖြစ် အပ်နှံထားခြင်းဖြင့် ကျွေးမွေးစရိတ်သက်သာသည့်အပြင် ကလေး၏လစာငွေကြောင့် မိသားစုတစ်ဖက်တစ်လမ်းမှ ပြေလည်စေသည်ဟု ယုံကြည်ထားကြလေသည်။ အလုပ်ရှင်၏အိမ်တွင် ကျန်ခဲ့ရသည့်ကလေးခမျာမှာ မလုပ်ချင်ဘဲအိမ်သို့ ပြန်ချင်စေကာမူ မိဘ၏ကြိုတင်ထုတ်ယူငွေကြောင့် ပြန်ခွင့်မရရှာဘဲ ကြုံလာသမျှကို အရွယ်နှင့်မမျှအောင်

မိဘများကရော ဘာကြောင့်များ မိမိ၏သားသမီးများကို ထိုကဲ့သို့ မညှာမတာ ခိုင်းစားရက်ကြပါသနည်း။ ထိုအခါ "ဆင်းရဲ မွဲတေမှု"ဟူသော အကြောင်းပြချက်က ခေါင်းပြူ၍ ထွက်လာလေသည်။ ကျွန်မ၏အမြင်တွင် ဆင်းရဲမွဲတေမှုတစ်ခုတည်းကြောင့်တော့ ဤမျှထိ ခိုင်းစားရက်ကြမည်ဟု မထင်ပါ။ ထိုအဖြစ်များ၏ တွဲဖက်တရားခံမှာ "ပညာမတတ်ခြင်း"ကြောင့်ဟု မြင်မိသည်။ ရသမျှဝင်ငွေကို အဖေက အရက်သောက်ပစ်သည်။ အမေက နှစ်လုံး သုံးလုံးထိုးပစ်သည်။ သူတို့သည် ကိုယ့်ဝင်ငွေကိုလည်း မစဉ်းစားနိုင်၊ ကိုယ့်အနာဂတ်ကိုလည်း မစဉ်းစားနိုင်ဘဲ ထိုသံသရာကြောတွင်သာ မျောနေကြလေသည်။ ထိုသူများသာ ပညာတတ်မည်ဆိုလျှင်၊ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိမည်ဆိုလျှင် ကလေးများလည်း ဤမျှဆိုးရွားသောအဖြစ်မျိုးမကြုံရလောက်ပါဟု ထင်မိသည်။

ကျွန်မတို့သည် ထိုသို့သောမိဘများကို သွားရောက်ပြုပြင်ပေးနိုင်လောက်အောင် မစွမ်းနိုင်ကြပါ။ သို့သော် ပြုပြင်၍ရနိုင်သေးသော ထိုကလေးများကိုမူ တတ်စွမ်းသရွေ့ အားထုတ်ပြုပြင်ပေးရန် ကြိုးစားသင့်လှသည်ဟု ထင်မိသည်။ ထိုကဲ့သို့ မပြုပြင်ပေးခဲ့လျှင် "ထိုအသိပညာနည်းသော ကလေးများ"သည် တစ်ချိန်တွင် "အသိပညာနည်းသောမိဘများ" ဖြစ်လာပြန်ကာ နောက်ထပ် သူတို့ကလေးများ၏ အနာဂတ်ကို ထပ်မံဖျက်ဆီးကြမည်မှာ မလွဲပေ။ ထို့ကြောင့် သူခိုးဖြစ်စေ၊ တောင်းရမ်းသောကလေးဖြစ်စေ၊ လိင်ကျွန်ဖြစ်နေသော မိန်းမငယ်လေးများဖြစ်စေ ကြုံတွေ့ရသောအခါ ပစ်ပစ်ခါခါ ဆက်ဆံခြင်းထက် နွေးထွေးညင်သာစွာ ဆက်ဆံရင်း ပညာသင်ကြားလာနိုင်စေရန် ကူညီပေးသင့်လှသည်။

ပညာတတ်များပေါများသောနိုင်ငံသည် ပညာတတ်နိုင်ငံဖြစ်သကဲ့သို့ သူဌေးပေါများသောနိုင်ငံသည် ချမ်းသာသောနိုင်ငံဖြစ်သကဲ့သို့ အကျင့်ပျက်သူများပေါများလျှင် အကျင့်ပျက်ကာ မျှော်လင့်ချက်မဲ့သောနိုင်ငံသာဖြစ်လာပါလိမ့်မည်။ ထိုသို့မဖြစ်စေရန် ကလေးများကို ကူညီဖေးမပြီး သင်ကြားပေးကြရန်မှာ အရေးကြီးလှသည်။ လမ်းဘေးကလေးမို့၊ တောင်းရမ်းသူမို့ဟုဆိုကာ ဖမ်းဆီးခြင်းများထက် နွေးထွေးကြင်နာစွာဖြင့် လမ်းမှန်သို့ရောက်အောင် ဖေးမကူညီခြင်းကသာ ပိုမိုထိရောက်သောနည်းလမ်း ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့ တိုင်းပြည်၏အနာဂတ်ဖြစ်သော ကလေးများကို ကြင်နာသောလက်များဖြင့် ကမ်းလင့်ကူညီကြစေလိုသည်။

ထိုမျှသာမကသေးဘဲ ပညာသင်ခွင့်ရသော ကလေးများတွင်လည်း အသိဉာဏ်ပညာကို အသုံးချခွင့်၊ စူးစမ်းလေ့လာသင်ယူခွင့်များပေးရန်လည်း လိုအပ်သည်။ များသောအားဖြင့် ကျွန်မတို့၏ပတ်ဝန်းကျင်တွင် ကလေးက မေးမြန်းစူးစမ်းသည့်အခါ "ကလေးက ကလေးလိုနေစမ်း"ဟု ပိတ်ပင်တားမြစ်တတ်ကြသည်။ ထိုသို့ပိတ်ပင်လိုက်ခြင်းသည် ကလေး၏ သင်ယူလိုစိတ်၊ စဉ်းစားတွေးခေါ်လိုစိတ်များကို အညွန့်ချိုးသတ်ပစ်လိုက်သည်နှင့် သဏ္ဌာန်တူသည်။ ပညာသင်ကြားထားသော်လည်း တွေးခေါ်ဆင်ခြင်နိုင်စွမ်းမရှိပါလျှင် တိုးတက်သင့်သလောက် တိုးတက်မည်မဟုတ်ပေ။ ထို့ကြောင့် ကျွန်မတို့လူကြီးများက ကလေးများလွတ်လပ်စွာ တွေးခေါ်သင်ယူစူးစမ်းလုပ်ကိုင်နိုင်စွမ်းများကို လေ့ကျင့်ပျိုးထောင်ပေးသင့်လှသည်။

ကလေးများသည် တိုင်းပြည်၏အနာဂတ်များဖြစ်သည်။ ထိုအနာဂတ်လေးများသည် ကျွန်မတို့၏ လက်ထဲတွင်ရှိနေပြီး ကျွန်မတို့လူကြီးများ၏ ပျိုးထောင်နိုင်စွမ်းအပေါ်မူတည်ကာ တိုင်းပြည်၏အနာဂတ်မှာ ပြောင်းလဲသွားနိုင်သည်။ ပိုကောင်းသောအနာဂတ်ကို ဖန်တီးရန်မှာ အစိုးရ၏လုပ်ဆောင်မှုဖြင့် မလုံလောက်နိုင်ဘဲ ကျွန်မတို့ ပြည်သူတစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုမှာလည်း အရေးပါလှသည်။ ယနေ့ခေတ်လူကြီးအများစုမှာ တိုင်းပြည်မတည်မငြိမ်မှုကိုလည်း ကြုံခဲ့ဖူးလေပြီ။ စီးပွားရေးကျပ်တည်းမှုကိုလည်း ရင်ဆိုင်ဖူးခဲ့ကြပြီ။ ပြည်တွင်းစစ်၏ မြေစာပင်များကိုလည်း မြင်ခဲ့ဖူးပြီ။ အိမ်နီးချင်းနိုင်ငံများထက် နိမ့်ကျမှုကိုလည်း ကြုံဖူးခဲ့ကြပြီး ဖြစ်သည်။ ထိုအခြေအနေများကိုရင်ဆိုင်ခဲ့ရသော ကျွန်မတို့သည် အနာဂတ်တွင် ထိုအခြေအနေများ ထပ်မကြုံရလေအောင် ကာကွယ်တည်ဆောက်သင့်ပြီဟု ထင်မိပါသည်။

ကျွန်မတို့သည် အနာဂတ်တွင် ဉာဏ်ရည်မြင့်မားကာ တီထွင်တွေးခေါ်နိုင်စွမ်းများဖြင့် အရည်အသွေးပြည့်နေမည့် အနာဂတ်ပန်းခင်းလေးကို ပျိုးကြမည်။ တလွဲစံနှုန်းများကို စွန့်ပစ်ကာ အတိတ်ကိုသင်ခန်းစာယူရင်း ထိုအဖူးအသစ်လေးများ မထိခိုက်လေအောင် ကာကွယ်ပေးကြမည်။ ကျွန်မတို့သည် အနာဂတ်နိုင်ငံတော်ကို ပျိုးထောင်ကြမည့်သူများအဖြစ် ပါဝင်ကြရင်း တောက်ပစွာဖူးပွင့်လာမည့်အနာဂတ်တိုင်းပြည်ကို စောင့်ကြည့်ကြပါစို့လေ။ ။

## ပွင့်သောပန်းတိုင်း မွှေးပါစေ

ကြိုးစားမှုရဲ့ ရလဒ်ဟာ
အောင်မြင်မှုတွေပါ။
လဲကျရင်သာ ပြန်ရုန်းထ
အရှုံးမပေးဘူးဗျ။
ကိုယ့်ဝါသနာ ကိုယ့်ပညာ
မှန်စွာ ရွေးချယ်ပါ။
အနာဂတ်မှာ ပွင့်သောပန်း
သင်းပျံ့ ကြူလို့လန်း။
ပွင့်သောပန်းတိုင်း မွှေးပါစေ
တောင်းဆု မေတ္တာခြွေ။
ကမ္ဘာမကျေ မြန်ပြည်သား
ကြိုးစားကြစို့လား။

ပုညခေတ် (မန္တလေး)

## လဝါဆိုဦး အလှထူး

အုန်းအင်သံချို တေးကိုဆို
ဖားငယ်မိုးကိုကြို။
ရစ်ခွင်တိမ်ညို မှောင်မှောင်မည်း
ငြိမ်းငြိမ်းညံလို့သည်း။
လယ်ကွင်းလေးထဲ ထွန်ရေးငင်
ကောက်စိုက်တေးသံလွင်။
တို့ပတ်ဝန်းကျင် စိမ်းစိုအေး
ပုန်းညက်ပန်းတွေမွှေး။
ကသိုလ်ရေးလည်း မနေးမြန်
ပြုကြအချိန်မှန်။
နိဗ္ဗာန်ရည်မှန်း မြတ်သက်န်း
ကပ်လှူစိတ်ရွှင်လန်း။ ။

ကိုမျိုး(ရေတော်)

## ပုံပြင်ဖတ်ပါ ပျော်ရွှင်စရာ

စာအုပ်ကလေး ခုံမှာတင်
စာဖတ်ဖို့ပြင်ဆင်
ပုံပြင်ထဲက ငလက်မ
သတ္တိလွန်ရှိလှ
ယုန်ကလေးက ဉာဏ်ကောင်းတယ်
မြေခွေး လူဆိုးကွယ်
ဇီးကွက်ကြီးက ဆုံးဖြတ်ပေး
ကျားကြီး ထွက်လို့ပြေး
ပုံပြင်ထဲက တောအုပ်ဟာ
ပျော်ဖို့လွန်ကောင်းတာ
တရားသူတွေ အနိုင်ရ
အားလုံး ပြုံးပျော်ကြ။

(ထက်လူအောင်)

ဝတ္ထုတို

# အနှစ်နှင့်အကာ



## နှင်းနွယ်(ကလေး)

"စကြာဝဠာကမ္ဘာအနန္တ ရုပ်နာမ်ရှိသမျှ ခန္ဓာငါးပါးရှိသမျှ နတ်ဒေဝါအပေါင်းတို့နှင့် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်၊ ဒါနရှင်အပေါင်းတို့သည် နိဗ္ဗာန်ရသည်အထိ အားလုံး ကျန်းမာကြပါစေ၊ အားလုံး ချမ်းသာကြပါစေ။ သာဓု သာဓု သာဓု"

မနက်အရုဏ်ဦး နေခြည်နွေးက လောကကို အမှောင်ခွင်းအလင်းဆောင်ချိန်တွင် ကြားနေကျ ဒေါ်သီရိ၏မေတ္တာပို့သံကို နားထောင်လိုက်ရတိုင်း ဆောင်း သာဓုခေါ်မိမြဲပင်။ ကြေးစည်သံဝေနေတတ်သည့် ဒေါ်သီရိ အိမ်နားမှာ နေခွင့်ရသည့်အတွက် ကျေနပ်ကြည်နူးမိသည်။ အမျှဝေသံကြားလိုက်ရတိုင်း သာဓုလိုက်ခေါ်ရလျှင် ဒေါ်သီရိ၏ ကုသိုလ်တွေ ကိုယ်တိုင်ရလိုက်သလို ခံစားရသည်။ ဆောင်းကိုယ်တိုင်ကတော့ ညမှ ဘုရားစင်ရှေ့ ဦးသုံးကြိမ် ကပျာကယာချကာ တစ်နေ့တာ ပင်ပန်းခဲ့သမျှ ခေါင်းထိုးအိပ်လိုက်မိသည်ချည်း။ ရှေးလူကြီးတွေပြောသည့် ပတ်ဝန်းကျင်ကောင်းနှင့် အတူနေရခြင်းသည်လည်း မင်္ဂလာတစ်ပါးဆိုသည်မှာ မှန်လွန်းလှသည်။

ဒေါ်သီရိက ဘုရားတရားမြဲရုံမက လူလူချင်းဆက်ဆံလျှင်လည်း ချိုသာနူးညံ့လွန်းသည်။ သံဃာ၊ သီလရှင်ကိုတွေ့လျှင် လမ်းမပေါ်တွင်ဖြစ်စေ နဖူးနှင့်မြေပြင်ထိအောင် ဦးချကန်တော့တတ်သည်။ ရွာရေး၊ ရပ်ရေး အလှူငွေလက်မနှေးတတ်။ ထို့ကြောင့်ဖြစ်မည်ထင်သည် ကုသိုလ်စိတ်တွေပြည့်ဝနေသူမို့ ဒေါ်သီရိကိုတွေ့လိုက်ရတိုင်း ကျက်သရေရှိစွာ လှပလွန်းသည်။ စိတ်အလှက ရုပ်ကိုထင်ဟပ်နေခြင်းဖြစ်မည်။ ဂုဏ်ရှိသူ၊ ချို့တဲ့နွမ်းပါးသူ သာမက လမ်းဘေးက သူတောင်းစားကိုပင် ကုသိုလ်ပြုလှူတန်းဖို့ ဝန်မလေးတတ်။ ဒီဘဝသာမက အရင်ဘဝကပင် ကုသိုလ်အထုံပါလာပုံပင်။ သားသမီးသုံးယောက် မွေးထားသည့် မုဆိုးမမိခင်ဖြစ်စေကာမူ စီးပွားဥစ္စာမပူရ။ သားသမီးတွေက လုပ်ကျွေးပြုစုကြသည်။ သားတစ်ယောက်ကိုတော့ ဆောင်းမမြင်ဖူးသေး။ နိုင်ငံခြားတွင် အခြေချနေသည်ဟု ကြားသည်။ ဆောင်းသည် ဒေါ်သီရိ၏ အားကျဖွယ်ဘဝကို အားကျနေမိရင်း ကြော်လက်စ ကြက်ဟင်းခါးသီးကြော်အိုးကို ချလိုက်သည်။ ဦးဦးဖျားဖျား ဒေါ်သီရိကို သွားပေးဖို့ပါ စိတ်ကူးရင်း တစ်ပန်းကန်ခွဲထားလိုက်သည်။ သီလရှိသူကို လှူတန်းကျွေးမွေးရခြင်းဖြင့် ကုသိုလ်ထူးရမည် သေချာသည်လေ။

"ဟဲ့ ဖိုးထောင် သေနာကျ ခုထိမထသေးဘူးလား။ နင် ဒီလောက်အရည်ထွက်အောင် ပျင်းနေရင် အလုပ်လုပ်စားမနေနဲ့။ တောင်းသာစား သိလား။ တောင်းစားရင်တောင် ဝီရိယမရှိလို့ ငတ်သေမယ့်မသာ"

ငှက်ဆိုးထိုးသံပမာ ဆိုဆဲသံတွေ ကြားလိုက်ရလျှင် ဒေါ်သီရိအမျှဝေသံကြောင့် ကြည်လင်နေသည့်စိတ်က ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။ ကျက်သရေမရှိ စောစောစီးစီး မကြားဝံ့မနာသာစကားတွေကို နေ့စဉ်မပျက် သူမှိ့ပြောနိုင်သည်။ ထို့ကြောင့်ပင် ဒေါ်သန်းမော်ဆိုသည့် နာမည်ပျောက်ကာ ဒေါ်ဂျမ်းထော်ဟု နာမည်တွင်နေခြင်းပင်။ သို့သော် ဒေါ်ဂျမ်းထော်ကတော့ ထိုနာမည်ကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်လေသည်။ သူ့ကိုယ်သူ ဂျမ်းထော်တို့ကလေဟုအော်ကာ ပွဲကြမ်းတတ်သေးသည်။

"အမေကလည်းဗျာ။ အိပ်လို့ မဝသေးပါဘူးဆို။ ကိုယ့်ဆိုက်ကားနဲ့ကိုယ်ပဲ ဘယ်အချိန် ထွက်ထွက်ပေါ့"

"ဟဲ့ကောင် ဟဲ့ကောင် နင်ထဆို ခုထနော်။ ငါ့အကြောင်း သိတယ်မို့လား။ နှစ်တစ်လက်မချောင်းနဲ့ ထရိုက်လိုက်လို့ ခါးကျိုးသွားမယ်။ ကလေးက ကျောင်းဖွင့်ပြီ လိုတာလေးတွေ ဝယ်ရဦးမယ်"

ကလေးဆိုသော်လည်း ဒေါ်ဂျမ်းထော်မှာ ကလေးအရွယ်မရှိ။ လွန်ခဲ့သည့်နှစ်က သူ့ရွာပြန်သွားရင်း သူ့မြေးတော်သည်ဆိုသည့် လေးနှစ်သားကလေးပါလာ၏။ ကလေးက ဒေါ်ဂျမ်းထော်တို့ရုပ်ရည်နှင့် ခြားနားစွာ သန့်ပြန့်ကြည်လင်နေသည်။ သို့သော် ခြေထောက်တစ်ဖက်ကမကောင်း။ လှည်းကြိတ်မိထားသည်ဆိုလား။ သားသမီးတွေ မြေးတွေ မရေမတွက်နိုင်အောင်ရှိသည့်ကြားက ကလေးတစ်ယောက် ထပ်မွေးနေသေးသည်။ ထိုကလေးကိုတော့ ဒေါ်ဂျမ်းထော်က ချစ်ရှာသား။ ကျောင်းဖွင့်ကတည်းက ကျောင်းအပ်ရတာ ဝယ်ခြမ်းပေးရတာနှင့် တက်ကြွနေတာ မြင်ရသည်။ ပါးစပ်ကလည်း ဖိုးသန့်ကိုတော့ ပညာတတ်အောင် သင်ပေးရမယ်။ ခန္ဓာကိုယ်မသန်စွမ်းပေမယ့် ဉာဏ်ပညာသန်စွမ်းမှုရမယ်ဆိုလား ပြောသံကြားရသည်။ ဒါမျိုးတော့ နားလည်သား။

အကောင်းအဆိုးဆိုသည်မှာ အမြဲဒွန်တွဲနေသည်။ ဒေါ်သီရိလို ကျက်သရေရှိလှ မြင့်မြတ်လှသည့် အမျိုးသမီးကြီးနှင့် အိမ်နီးချင်းဖြစ်ရသည်မှာ ကံကောင်းလှသလို ဒေါ်ဂျမ်းထော်နှင့် ဆောင်း အိမ်နီးချင်းဖြစ်နေရခြင်းက ကံဆိုးခြင်းပင်။ ဒေါ်သီရိနှင့် ဒေါ်ဂျမ်းထော်က အကျင့်စရိုက်၊ စိတ်ဓာတ် ဘာဆိုဘာမှမတူ။ တူသည့်တစ်ချက်ကတော့ရှိသည်။ သူတို့နှစ်ယောက်က တစ်ရွာတည်းနေ တစ်မြေတည်းကြီးခဲ့ကြသူတွေ ဖြစ်နေခြင်းပင်။ ဒီမြေဒီလေမှာ အတူကြီးခဲ့ကြသူချင်း ဘာကြောင့် ဒီလောက်ထိ ကွဲပြားနေမှန်းမသိ။ ရွာမှ မြို့ပြောင်းလာတော့ ဒေါ်ဂျမ်းထော် ဝယ်ထားသည့် ခြံဝင်းကျယ်ကို စီးပွားရေးအခြေအနေမကောင်းချိန်တွင် ရွာမှ ဒေါ်သီရိကို ခွဲရောင်းခဲ့ခြင်းပင်။ ဟိုယခင်ကတော့ သူတို့နှစ်ယောက် မေးထူးခေါ်ပြောရှိကြသော်လည်း ခုနောက်ပိုင်းတော့ အဆက်အဆံမရှိကြတော့။ စရိုက်မတူသည့်သူတွေ ရေရှည်ဆက်ဆံလို့မရသည်မှာ ထူးဆန်းသည့်ကိစ္စမဟုတ်ပေ။ ထို့ကြောင့် ရပ်ကွက်ထဲမှ မည်သူကမျှ သူတို့နှစ်ယောက်ကို ထူးထွေစုံစမ်းဖို့ စိတ်မဝင်စားခဲ့ကြ။ ဆောင်းကိုယ်တိုင်လည်း ထိုသို့ပင်။

ခုတလော ဒေါ်သီရိ၏ကြေးစည်သံကို ကြားရမြဲဖြစ်သော်လည်း ဒေါ်ဂျမ်းထော်၏ ဆဲဆိုဆူပူသံတော့ ထူးထူးခြားခြား တိတ်ဆိတ်နေသည်။ ဖိုးသန့်လေး နေမကောင်းဘူးဟုတော့ ကြားမိသည်။ ဆောင်းလည်း ဟိုယခင်ကတည်းက ဒေါ်ဂျမ်းထော်တို့လို စရိုက်ကြမ်းသူတွေအိမ်ကို အဝင်အထွက်မရှိခဲ့သည်မို့ လူနာသတင်းမေး သွားဖို့ခက်နေသည်။ အခြေအနေစောင့်ကြည့်ပြီးမှ သွားမေးမည်ဟု စိတ်ကူးလိုက်မိသည်။

"ဆောင်းရေ ခုတလော ဒေါ်ဂျမ်းထော်ကြီးအသံ မကြားရပါလားဟ"

"ဟုတ်တယ်မောင်ရေ။ ဆောင်းကြားတာတော့ ဖိုးသန့်လေး နေမကောင်းလို့ဆိုလား။ ဟိုတလောကတင် ဖိုးသန့်လေးကို ဒေါ်ဂျမ်းထော်ကြီး ကျောပိုးပြီး ကျောင်းပို့နေတာ တွေ့မိတယ်။ နေမကောင်းတာ သိပ်တော့ကြာသေးပုံမပေါ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ ကိုယ်နဲ့ အိမ်နီးချင်းတွေပဲ သတင်းမေးသွားပြီး လိုအပ်တာ ကူညီရမှာပေါ့"

မောင်ပြောတာလည်း မှန်သည်။ သတင်းမေးတော့ သွားရမည်။ မောင်ဝယ်ခဲ့သည့် သရက်သီးမှည့်ကို ဒေါ်သီရိဆွမ်းတင်ဖို့ သွားပေးရင်း ဒေါ်ဂျမ်းထော်မြေးလေး နေမကောင်းတာ သတင်းပေးရမည်။ သတင်းမေးသွားလျှင်လည်း အတူသွားလို့ရမည်လေ။ သူတို့နှစ်ယောက်က ဆောင်းထက်တော့ ပိုရင်းနှီးသည်။

ဒေါ်သီရိအိမ်က ဆောင်းဝင်ထွက်နေကျဖြစ်ပြီး ခြံတံခါးလည်းဖွင့်ထားသည်မို့ အသံမပေးဘဲ ဝင်လာခဲ့သည်။ ဧည့်သည်ရှိသည်ထင် ဧည့်ခန်းမှ စကားသံတွေကြားနေရသည်မို့ ဆောင်း ချက်ချင်းမဝင်ခင် လှမ်းကြည့်လိုက်စဉ် အံ့ဩသွားသည်။ ဒေါ်ဂျမ်းထော်ကို တွေ့လိုက်ရခြင်းကြောင့်ပင်။ အဝင်အထွက် သိပ်မရှိကြသူတွေမို့ ဆောင်းအတွက် ထူးဆန်းနေသည်။ မဟုတ်မှလွဲရော ကလေးနေမကောင်း၍ ပိုက်ဆံများလာချေးလေသလား။

"နင်ဒီလို မျက်နှာလွှဲခဲပစ်တော့ မလုပ်သင့်ပါဘူး သီရိရယ်"

"အို. . . အစကတည်းက ငါ ညည်းကို သေချာအောင် ပြောထားတယ်လေ။ ကိုယ်တာဝန်ယူနိုင်မှယူလို့။ ခုမှ ငါ့ကို လာပြောမနေနဲ့"

ဒေါ်သီရိ၏လေသံမာမာကြောင့် ဆောင်းလှမ်းမည့်ခြေလှမ်းတွေ တန့်သွားသည်။ ဒေါ်သီရိ ခုလို ဒေါသသံနှင့် မည်သူ့ကိုမှ ပြောတာ မကြားဖူးခဲ့။ ဘာတွေများဖြစ်ကြပါလိမ့်။ ခိုးနားထောင်သလိုဖြစ်နေတာမို့ အိမ်ထဲမဝင်ဘဲ ပြန်ရန်စိတ်ကူးလိုက်စဉ် ဆက်ကြားလိုက်သည့် စကားတွေကြောင့် ဆောင်း နားထောင်လိုက်မိသည်။

"နင့်သွေးသားထက် ဂုဏ်သိက္ခာက ပိုအရေးကြီးလို့လား သီရိ။ နင့်သားရဲ့မျက်နှာလည်း ထောက်ပါဦး။ နင့်ဘာသာတော်ချင်ချင် မတော်ချင်ချင် ဖိုးသန့်လေးက နင့်မြေးအရင်းပါ။ သူ့အသက်အန္တရာယ်ရှိတာတောင် နင်မကူညီချင်ဘူးလား"

"ငါ နင့်ကို ငွေကြေးတာဝန်ယူတယ် ပြောပြီးပြီလေ"

"ငွေထက်အရေးကြီးတာက နင့်လက်မှတ်လေ"

ဆောင်း ဘာမှနားမလည်။ ဒေါ်ဂျမ်းထော်မြေးက ဘယ်လိုလုပ် ဒေါ်သီရိမြေးဖြစ်နေသနည်း။ အဘွားအရင်းဆီမှာရှိနေရမည့် မြေးက ဒေါ်ဂျမ်းထော်ထံ ဘာကြောင့်ရောက်နေသနည်း။ သိချင်တာသိရဖို့ ဆောင်း နားစွင့်လိုက်မိပြန်သည်။

"ညည်းကို အစကတည်းက ဇာတ်လမ်းမရှုပ်ပါနဲ့လို့ ငါပြောခဲ့သားပဲ။ အလကား ငါ့ဆီက ချူချင်တာ"

"နင်မမိုက်ရိုင်းနဲ့ သီရိ။ တခြားလူတွေ ရှေ့သာ သူတော်ကောင်းယောင်ဆောင်လို့ရမယ်။ ငါ့ရှေ့လာမလုပ်နဲ့။ ငါက ရိုင်းချင်ရိုင်းမယ်။ ငါ့သားသမီး ဘာပဲဖြစ်နေပါစေ၊ ထောင်ထဲရောက်နေကြပါစေ သူတို့မိခင် ဖြစ်ရဲတယ်။ ဘယ်သူကဲ့ရဲ့တာမှ ဂရုမစိုက်ဘူး။ သူတို့ အဆိုးအကောင်းကို ငါခံရဲတယ်။ အေး. . . နင့်ကို အေးဆေးပြောလို့မရရင် ရွာဥက္ကဋ္ဌကို ဖုန်းဆက်အကြောင်းကြားလိုက်မယ်။ ဖိုးသန့်လေးတော့ ဘာမှမဖြစ်စေရဘူး"

"ညည်း ဘာစကားပြောတာလဲ"

"ဟုတ်တယ်လေ။ ရွာကသိထားတာက ဖိုးစွဲနေတဲ့ နင့်သားမိသားစုကို ရွာမှာ ဇာတ်မြှုပ်ထားတယ်။ ဒီမြို့မှာတော့ နိုင်ငံခြားသွားနေတဲ့ သားပေါ့။ သားနဲ့ ချွေးမဆုံးတော့ ကျန်တဲ့ မြေးကို နင့်ဆီပို့ဖို့ပြင်နေချိန် ငါက ရွာအလည်ရောက်နေလို့ ခေါ်လာခဲ့ပေးတယ်။ နင်က လက်မခံနိုင်ဘဲ စွန့်ပစ်ဖို့ကြံလို့ ငါက လူမသိအောင် မွေးစားပါ့မယ်ပြောခဲ့ရတယ်။ မသန်စွမ်းကလေးအပေါ် ငါသနားစိတ်နဲ့ ဒုက္ခခံခဲ့ပေမယ့် နင့်အကူအညီမယူခဲ့ဘူး။ ခုလိုအပ်လို့ နင့်ကိုအကူအညီတောင်းရတာ"

"ငါလက်မှတ်ထိုးပေးလိုက်ရင် ငါနဲ့ ပတ်သက်မှန်း သိကုန်မှာပေါ့"

"ငါလက်မှတ်ထိုးမရလို့ ဒီလောက်ပြောနေတာ။ ကလေးက အစာအိမ်အနာကို ခွဲစိတ်ကုသရမယ်။ ဆွေမျိုးသားချင်းအရင်းက လက်မှတ်ထိုးပေးရမယ်။ ငါက ကလေးကို မွေးစားတယ်ဆိုပေမယ့် စာချုပ်စာတမ်းမရှိတော့ တရားမဝင်ဘူးလေ။ ဒါကြောင့် ငါ လက်မှတ်ထိုးမရဘူး။ ဒီတစ်ခါပဲ ကူညီပါ သီရိရယ်"

ဒေါ်ဂျမ်းထော်၏အသံသည် ခါတိုင်းနှင့်မတူ ညင်သာသွားပြန်သည်။ ဘယ်သူ့မှ လူမထင်သည့် ဂျစ်ကန်ကန်စရိုက်ပျောက်ကာ ကလေးအတွက် စိုးရိမ်သောကရောက်နေဟန်က မျက်နှာမှာထင်နေသည်။ ငါးပိသည်က အိပ်လို့ ဆားသည် ခွေးခြောက်နေတာကိုပင် အိပ်ရေးပျက်သည်ဟု ငါးပိသည်က ငြိုငြင်နေသေးသည်။ အပြင်ပန်း ရွှေမှုန်ကြဲထားသော်လည်း သားဆေးသမား မြေးဒုက္ခိတကို လူသိမခံရဲသည့် ဒေါ်သီရိနှလုံးသားက ကြမ်းလှပါသည်ဆိုသော ဒေါ်ဂျမ်းထော်နှလုံးသားထက် အရုပ်ဆိုးအကျည်းတန်လှသည်။ ဟန်ဆောင်ထားသည့် မျက်နှာမှာ အပြုံးတုတပ်ထားသော်လည်း အေးစက်မာကျောသည့် ရက်စက်ခြင်းတွေ ခိုအောင်းနေသည်ပဲ။ ဆူချင်သည့်သူဆူ ဆဲချင်သည့်သူဆဲ စိတ်ထဲမပါဘဲ ပြုံးမပြတတ်သည့် ဒေါ်ဂျမ်းထော်ဆီမှာ ကိုယ်ချင်းစာတရား ကြင်နာတရားတွေပြည့်နေသည်။ ဆောင်း လူကဲခတ်မှားခဲ့လေပြီ။

"ကလေးအတွက် ဆန်ပြုတ်သွားဝယ်ပါဆိုတာကို ဘာလုပ်နေပြန်ပြီလဲ။ ငါနှယ့်နော် ပြောရဆိုရတာ မောလိုက်တာ။ ဟဲ့အကောင်ကြားလား။ ခုချက်ချင်းသွားဝယ်"

ထုံးစံအတိုင်း နံနက်ချိန်ခါ တေးသံသာက ပျံ့လွင့်လာပြီ။ ဆောင်း ဒီတစ်ခါတော့ ကြားရသည့် ဆူညံသံများအတွက် စိတ်မညစ်တော့။ ကလေးပြဿနာကို ဘယ်လိုဖြေရှင်းလိုက်ကြသည်မသိသော်လည်း ဖိုးသန့်လေး ခွဲစိတ်ပြီး၍ ဆေးရုံဆင်းခဲ့ပြီ။ ပြုတ်ထားသည့် ကြက်သားစွပ်ပြုတ်က နူးနေပြီမို့ အပေါ့အငန်မြည်းပြီး ချိုင့်ထဲထည့်လိုက်သည်။ ငါးရံ့ကို ကြော်ချက်ထားသည့် ငရုတ်သီးအငန်ချက်လေးပါ တစ်ချိုင့်ထည့်လိုက်သည်။

"ဆောင်း ဒေါ်သီရိဆီ ဟင်းသွားပေးပြန်ဦးမလို့လား။ ငါ့မိန်းမကတော့ကွာ ဦးဦးဖျားဖျားလေး ကိုယ့်ယောကျ်ားကျွေးဖူးတယ်ရှိအောင် ကျွေးပါလား"

"ဒီတစ်ခါတော့ မောင်ထင်တာမှားပြီ။ ဒေါ်ဂျမ်းထော်အိမ်ပေးမလို့ပါ"

"ဟေ. . . ထူးထူးဆန်းဆန်းပါလား။ သြော်. . . ကလေးအတွက်လား။ ဒါလည်း ငရုတ်သီးချက်က ကလေးနဲ့မတည့်ပါဘူး"

"ကလေးအတွက် စွပ်ပြုတ်ပါ။ ငရုတ်သီးချက်က ဒေါ်ဂျမ်းထော်အတွက်။ သူ့ခမျာ ကလေးနေမကောင်းလို့ စိတ်ပင်ပန်းလူပင်ပန်းနဲ့ ဟင်းသေချာချက်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် သွားပေးမလို့"

မောင်မှာ ဆောင်းအပြောကို အံ့အားသင့်စွာ ကြောင်ငေးလို့။ ဒီလို အိမ်နီးချင်းနှင့်အတူနေရတာ ဝဋ်ကြွေးကြီးလှချည်းရဲ့လို့ မကြာခဏ ညည်းညူ၍ ဒေါ်ဂျမ်းထော်နှင့် လမ်းတွေ့လျှင်တောင် မရင်းနှီးချင်၍ ရှောင်သွားတတ်သည့် ဆောင်းကို စိတ်မှကောင်းသေးရဲ့လားဟု ထင်နေလောက်ပြီ။ ဒေါ်သီရိတို့၏ ကိုယ်ရေးကိုယ်တာမို့ မောင့်ကိုပင် ဆောင်းသိထားတာတွေ ပြောမပြခဲ့။ ဆောင်း အိမ်ပြန်ရောက်လျှင် ဒေါ်သီရိ၏ အမျှဝေသံကို ကြားလိုက်ရသည်။ အကျင့်ပါနေသည်မို့ သာဓုခေါ်လိုက်သည်။ သို့သော်လည်း ဒေါ်သီရိနှင့် ဒေါ်ဂျမ်းထော်တို့၏ အတွင်းစိတ်ကို ဆောင်းသိထားပြီမို့ ဆူသံဆဲသံကြားနေရသည့် ဒေါ်ဂျမ်းထော်အိမ်သို့သာ ဆောင်းခြေလှမ်းတွေကို ဦးတည်လိုက်လေတော့သည်။

○○○

ဆောင်းပါး

# သူတစ်ပါး၏နားနှင့်မျက်လုံးကိုငှားရမ်းခြင်း

## ဇာနည်အောင်(မန္တလေး)

ဆရာကြီးပီမိုးနင်း၏နီတိများထဲတွင် မိမိကိုယ်ကိုသူတစ်ပါးမျက်စိဖြင့် ကြည့်ရမည်ဟု ဖတ်ရှုမှတ်သားဖူးပါသည်။ လူဟူသောသတ္တဝါမျိုးသည် မိမိကိုယ်ကိုပြန်လည်ကြည့်ရှုရာတွင် ရုပ်ပိုင်းဆိုင်ရာကိုသာ အဓိကထား၍ကြည့်ရှုတတ်ကြ၏။ စိတ်ပိုင်းဆိုင်ရာကို မြင်အောင်မကြည့်ရှုတတ်ကြ။


မိမိမျက်လုံးဖြင့် အခြားသူများ၏အပြုအမူပုံစံကို မြင်တွေ့နိုင်သကဲ့သို့ အခြားသူများ၏စိတ်ကိုလည်း ၎င်းတို့၏အပြုအမူမှတစ်ဆင့်သုံးသပ်တတ်ကြပေသည်။ အခြားသူများ၏စိတ်နေစိတ်ထားကိုသုံးသပ်၍ မလွဲသာမရှောင်သာ ဆက်ဆံကြရသည့်အခါ လိုက်လျောညီထွေဖြစ်အောင် အတတ်နိုင်ဆုံးဆက်ဆံတတ်ကြ၏။ မိမိနှင့်ဆက်ဆံနေကြရသူများ၏စိတ်နေစိတ်ထားကိုသာ မိမိအမြင်နှင့်သုံးသပ်သော်လည်း မိမိကိုယ်ကိုမိမိပြန်လည်သုံးသပ်ရန်အတွက်မူ လွန်စွာမေ့လျော့တတ်ပေ၏။

တစ်ဖန် လူတို့သည် မိမိအပြစ်အားဝေဖန်ထောက်ပြခြင်းကို မနှစ်သက်တတ်ကြ။ ဝေဖန်သောသူကိုသာလျှင် ပြစ်တင်ရှုတ်ချတတ်သူဟုသမုတ်ကြ၏။ စင်စစ်အားဖြင့် ဝေဖန်ခြင်းဟုဆိုရာတွင် ကောင်းစေလို၍၊ ပြုပြင်စေလို၍ အပြစ်ကိုထောက်ပြသည့် ကောင်းသောဝေဖန်ခြင်းမျိုးနှင့် ရှက်ရွံ့သွားစေရန် အပြစ်ကိုထောက်ပြသည့်ကဲ့ရဲ့သောဝေဖန်ခြင်းမျိုးဟူ၍ ယေဘုယျအားဖြင့်နှစ်မျိုးခွဲနိုင်ပါပေ၏။ မည်သို့သောသဘောနှင့်ပင် ဝေဖန်သည်ဖြစ်စေ လက်ခံ၍ပြုပြင်ပါက မိမိအတွက်အကျိုးဖြစ်ထွန်းနိုင်စေပါသည်။ထိုအရာများသည် မိမိကိုယ်ကို သူတစ်ပါးမျက်လုံးဖြင့် ကြည့်ရှုခြင်းပင်ဖြစ်ပါပေ၏။

မည်သို့ပင်ဖြစ်စေကာမူ မိမိကိုမြင်တွေ့နေကြသော သူတစ်ပါး၏မျက်လုံးများကို ဥပေက္ခာမပြုသင့်ပေ။ သူတစ်ပါးမျက်လုံးနှင့်လည်း ပြန်လည်ကြည့်ရှုသင့်ပါပေ၏။ သူတစ်ပါးမျက်လုံးထဲတွင် မြင်တွေ့နေရသောမိမိ၏ အားနည်းချက်များကို တတ်စွမ်းသရွေ့ပြန်လည်ပြုပြင်ရင်း မိမိ၏စိတ်ကိုပြုပြင်သင့်ပါပေ၏။ သူတစ်ပါး၏နားဖြင့်လည်း မိမိစကားကို ပြန်လည်ကြားနာသင့်ပါပေ၏။ သို့မှသာ ပြုပြင်ဖွယ်ရှိသောအရာများကို သိရှိရပေမည်။ သူတစ်ပါး၏မျက်လုံး၊ သူတစ်ပါး၏နားတွင် မိမိအပြုအမူ၊ မိမိစကားသံများကို ပြန်လည်မြင်တွေ့ကြားယောင်စေရင်း မိမိ၏ဆက်ဆံရေးနယ်ပယ်ကိုအောင်မြင်အောင်ကြိုးစားသင့်ပါပေ၏။

ဝတ္ထုတို

# ပေါင်မုန့်ယတြာ



## မောင်မြင့်ဝင်း

"ကိုမင်းရေ ခင်ဗျားညီနေမကောင်းဖြစ်လို့ အိမ်ကိုအမြန်ပြန်လာခဲ့ပါတဲ့"

ခေါ်သံကြားလို့ကြည့်လိုက်တော့ ရွာတောင်ပိုင်းက ဒွေးလေး ခင်အေး။ ပွဲကခုမှ ကောင်းတုန်းရှိသေးတယ်။ ညီလေးကဖျားပြန်ပြီတဲ့။ ညီလေးက ခဏခဏဖျားနေကျမို့ အဆန်းမဟုတ်ပေမယ့် အိမ်ကခေါ်ခိုင်းတာဆိုတော့ နေလို့မရတော့။အနားရောက်လာတဲ့ ဘောလုံးကိုကောက်လိုက်တယ်။ "ဟာ ဟေ့ သိန်းဝင်း မင်းဘာလုပ်တာလဲ"

"ငါ့အိမ်ကခေါ်နေလို့ ပြန်တော့မယ်ကွာ ။အဲဒါပြောမလို့" "ဟာကွာ မင်းကတော့ လုပ်ပြန်ပြီ" အောင်ငွေရဲ့ မကျေမနပ်ပြောသံကိုနားမထောင်တော့ဘဲ ကွင်းထဲကပြေးထွက်လာခဲ့တယ်။

အိမ်ရောက်တော့ ညီလေးက ထုံးစံအတိုင်း အိပ်ရာထဲမှာ။ အမေက ညီလေးလက်တွေကို ဆုပ်ကိုင်ပေးနေတယ်။ ကျွန်တော့်ကိုမြင်တော့ "နင်ကတော့ အချိန်လေးရတာနဲ့ ဘောလုံးကွင်းတန်းပြေးသွားတော့တာပဲ။ ဒီမှာကိုယ့်ညီတစ်ယောက်လုံး နေမကောင်းဖြစ်နေတာကို ဂရုစိုက်ရမှန်းမသိဘူး"

အမေ့ပါးစပ်က မကျေနပ်ချက်တွေ စကားတွေ တရစပ် လွှတ်တော့တယ်။

"ကဲကဲ မင်းအစ်မဆီကပိုက်ဆံယူသွား။ ပန်းတောရွာက မလှရင်ဆီမှာ နတ်သွားမေးစမ်း။ ဘာတွေအမှားလုပ်မိလဲမသိပါဘူး"

လာပြန်ပြီဒီနတ်။ ကျုပ်နဲ့ကျုပ်အမေက ဒါတွေမတည့်တာ။ အိမ်မှာနေမကောင်းမဖြစ်လိုက်နဲ့ တဆိတ်ရှိ နတ်သွားမေး။ ဘာလေးဖြစ်လိုက်ဖြစ်လိုက် နတ်မေးနဲ့။ နတ်က ဆရာဝန်ကြီး သေပြီး ဝင်စားသလားအောက်မေ့ရတယ်။

အခုလည်းကြည့်လေ၊ ညီလေးကမနေ့က ကျောင်းကအပြန် မိုးမိလာလို့ဖျားတာကို နတ်မေးရမယ်တဲ့။ ကျုပ်တော်တော်အသည်းပေါက်တယ်။ အဲနတ်ကတော်ဆိုတဲ့ အဘွားကြီးကိုလည်း စိတ်ဆိုးတယ်။ ဘယ့်နှယ်ဗျာ သူ့ကိုနတ်သွားမေးလိုက်ရင် နတ်ရုပ်တွေရှေ့မှာ မိန့်မိန့်ကြီးထိုင်နေပြီး တစ်ခါလာဟိုနားဘာပစ်၊ တစ်ခါလာဒီနားဟိုဟာပစ်နဲ့ သူလည်းသေချာလည်း သိတာမဟုတ်ဘဲနဲ့။ ရမ်းရှီးနေတာ။

ခုလည်းသွားကြည့် ဗေဒင်မမေးနဲ့ ဆန်ကုန်မယ်။ ရွာရှေ့က ညောင်ပင်ကြီးမှာ ခေါ်စာပစ်။ ဒါပဲပြောမှာ။ ဟားဟား တွေ့ကြပြီပေါ့။ ဒီတစ်ခါ အမေတို့မပါဘူး။ ကျုပ်တစ်ယောက်ထဲသွားရတော့မှာဆိုတော့။

အတွေးနဲ့ လျှောက်လာလိုက်တာ လယ်တွေတစ်ကွက်ပြီးတစ်ကွက် ကျော်လာတာတောင် ကျုပ်သတိမထားမိဘူး။ နတ်ကတော်အိမ်ရှေ့ကိုရောက်လာတယ်။ သူ့အိမ်ကြီးက ဖုန်အလိမ်းလိမ်းနဲ့ မသတီချင်စရာ။ ကျုပ်အိမ်တံခါးကိုတွန်းဖွင့်ပြီး အိမ်ထဲဝင်လိုက်တယ်။

"အိမ်ရှင်တို့အိမ်ရှင်တို့" "ဟဲ့ ဘယ်သူတုန်း" "ဘယ်သူတုန်းလုပ်မနေနဲ့ စစ်စရာရှိလို့" ကျုပ်စကားအဆုံး အိမ်ထဲက ခါးကုန်းကုန်း အဘွားကြီး ထွက်လာတယ်။ "ဘာကိစ္စလဲ" "ကျုပ်က . . . ရွာကပါ။ အိမ်မှာ ညီလေးနေမကောင်းလို့ လာမေးတာပါ" "အေးခဏစောင့်ဦး" အိမ်ထဲခဏဝင်သွားပြီး ခဏအကြာ အမွှေးတိုင် ဖယောင်းတိုင်တွေနဲ့ ပြန်ထွက်လာတယ်။ သူ့အိမ်မှာဘုရားစင်သာ သေချာလုပ်မထားတာ။ သူကိုးကွယ်ထားတဲ့ နတ်စင်တွေ၊ ပွဲတွေကတော့ ပူဇော်ပသထားတာ ပစ္စည်းအပြည့်ပဲ။ ခဏကြာတော့ အမွှေးတိုင် ဖယောင်းတိုင်တွေ ဆီကညော်နံ့အမွှေးနံ့တွေ တစ်အိမ်လုံး မွှန်သွားတယ်။ သူက မျက်လုံးတွေစုံမှိတ်ရင်း ပါးစပ်က ပွစိပွစိလုပ်နေတယ်။ အလကား လျှောက်ရွတ်နေတာ။

အတွေးနဲ့ ရယ်ချင်စိတ်ကိုမနည်းထိန်းထားလိုက်ရတယ်။ ဟုတ်တယ်လေ မနှစ်က အစ်မနေမကောင်းလို့ အမေနဲ့လာတုန်းကလည်း ဒီလိုပဲ၊ ဟိုလုပ်ဒီလုပ် လုပ်ပြီး နောက်ဆုံးရွာအရှေ့က ညောင်ပင်ကြီးပဲ ထိုးပြသွားတာပဲ မဟုတ်လား။ ဒါက မရိုးနိုင်တဲ့ သူ့ဟောကိန်း။ ကျုပ်ရွာက ဘယ်သူလာလာ ဒီအတိုင်းပဲ ဟောနေကျလေ။ အခုလည်း ဘာမှဟုတ်ဘူး။ ဒါလေးပြောဖို့ မန်းသလိုမှုတ်သလို သူလုပ်နေတာ။ နောက်ဆုံးအဖြေကဒါပဲဖြစ်မှာ။ "ကိုင်း သိပြီ။ မင်းညီလေးကို ရွာအရှေ့ပိုင်းက ညောင်ပင်ကြီးစောင့်တဲ့ သရဲက လုပ်ထားတာ" "ခင်ဗျာ သူနဲ့ညီလေးက ဘာအငြိုးရှိလို့လုပ်တာလဲဗျ" "သူကပြောတာတော့ မင်းညီနဲ့ သူ့သူငယ်ချင်းတွေ ဟိုနေ့ကညောင်ပင်ပေါ်တက်ပြီး ဆော့တာ။ သူ့သားသမီးတွေ နာသွားတယ်လို့ပြောတယ်" သူ့စကားကြားတော့ ကျုပ်အတော်ရယ်ချင်သွားတယ်။ မရယ်နိုင်ရိုးလား။ သူပြောတဲ့ အဲညောင်ပင်ကြီးဆီညီလေးတို့ တက်ဆော့တာလုံးဝမဖြစ်နိုင်လို့လေ။ ဘာဖြစ်လို့လဲဆိုတော့ အဲညောင်ပင်ကြီးက လွန်ခဲ့တဲ့ တစ်လကမှ လယ်ပိုင်ရှင်က ဟိုလူလာပြီးခေါ်ပစ် ဒီလူလာခေါ်ပစ်နဲ့ သူစိုက်ထားတဲ့ သီးပင်တွေ နင်းတယ်ဆိုပြီး ခုတ်လှဲပစ်လိုက်တာ အမြစ်တောင်မကျန်တော့ဘူး။ "ဒါဆို အဲမှာ သရဲစာကျွေးရင် ညီလေးပျောက်မှာပေါ့နော"

"ဒါပေါ့" "တခြားနေရာမှာကော ကျွေးလို့မရဘူးလားအဘွား" ကျုပ်စောဒကတက်လိုက်တယ်။ "မရဘူး။ နင်တို့ရွာနားမှာ အဲသရဲက အကြီးဆုံး သူပြီးမှကျန်တာတွေပြီးတာ" ကဲကြည့် ပြောပုံက ဟိုသရဲကခုလောက်ဆို ဘယ်ကျူးကျော်သစ်ပင်မှာ ပြောင်းနေလို့ပြောင်းနေမှန်းတောင်မသိတာကို သူကပြောနေသေးတယ်။ ကျုပ်စိတ်ထဲ ထိန်းနေတဲ့ကြားက အသည်းတွေ ကျလိကျလိဖြစ်လာတယ်။ "အဲသရဲက ခရီးတွေဘာတွေထွက်နေရင်မသိ ဖြစ်နေဦးမယ်" "ဘာခရီးထွက်ရမှာလဲ ခုနတောင်ငါနဲ့တွေ့သေးတယ်။ သူကသစ်ပင်ကြီးပေါ် ငုတ်တုတ်ကြီးထိုင်လို့။ အစွယ်ကြီးတွေကို ဖြဲဖွေးလို့။ ဟီး ပြောရင်းငါတောင်ကြောက်လာပြီ" ငှက်ဖျားတက်နေတဲ့ ပုံစံကြီးလုပ်ပြနေတဲ့ နတ်ကတော်ကိုကြည့်ရင်း ကျုပ်ရယ်ချင်စိတ်ကိုထိန်းလို့မရတော့ဘူး။ "ဟားဟားဟား" "နင်က ဘာရယ်တာလဲ" ကျုပ်ရယ်နေတာကိုကြည့်ပြီး မေးတော့ ကျုပ်လည်း မျက်နှာပိုးသတ်လိုက်ရင်း" အဘွား စောနက မျက်စိမှိတ်နေတာ အဲသရဲနဲ့သွားတွေ့တာပေါ့" "ဟုတ်တယ်လေ"

မျက်ထောင့်နီကြီးနဲ့ကျုပ်ကိုကြည့်ရင်း ဒေါသတကြီးနဲ့ဖြေတယ်။ "ကျုပ်အဘွားကိုပြောဖို့တစ်ခုလိုသွားတယ်။ ကျုပ်တို့ရွာထိပ်က ညောင်ပင်ကြီးက ပြီးခဲ့တဲ့လကလယ်ပိုင်ရှင်ခုတ်လိုက်လို့ ခုဆိုအမြစ်တောင်မရှိတော့ဘူးဗျ" ကျုပ်စကားကြားတော့ မျက်နှာတစ်ချက်ပျက်သွားတယ်။ ခဏနေမှ မျက်နှာတည်လိုက်ပြီး "နင်တို့အနေနဲ့ကြည့်ရင် ညောင်ပင်မရှိတော့ပေမယ့် ငါ့လိုပညာရှင်ကတော့ ညောင်ပင်က မူလအတိုင်း ရှိနေသေးတယ်" ကြည့် လေကခုထိမလျှော့ သေးဘူး။

"ကဲပါလေ ယုံရင်လုပ် မယုံရင်မလုပ်နဲ့ဒါပဲ" အဘွားကြီး ပြောရင်းဒေါသတကြီးနဲ့ အခန်းထဲဝင်သွားတယ်။ ကျုပ်လည်းနတ်ကတော်ပေးဖို့ အိမ်ကပေးလိုက်တဲ့ငွေလေးကို မုန့်ဝယ်ပြီး အိမ်ကိုပြန်လာခဲ့တယ်။ ရင်ထဲမှာ ရယ်ချင်လိုက်တာ ကလိကလိကို ထနေတာပဲ။ အိမ်ထဲဝင်တော့ အမေက "သားနတ်ကတော်ကဘာပြောလိုက်လဲ" "ရွာထဲမှာ ပေါင်မုန့်နို့ဆမ်းဒါနလုပ်ရင်ကောင်းမယ်လို့ ပြောလိုက်ပါတယ်"

ကျုပ်လည်း ပါးစပ်ထဲတွေ့ရာပြောလိုက်မိတယ်။ ဟုတ်တယ်လေ။ ကျုပ်မှ သူ့ကိုအယုံအကြည်မရှိတာ။ ပြီးတော့ ပေါင်မုန့်ကလည်း မစားရတာကြာပြီမဟုတ်လား။ အိမ်မှာဆို ဘုရားကိုးဆူလုပ်မှ ဒီလိုပေါင်မုန့်က စားရတာလေ။

ကျွန်တော့်စကားကြားတော့ အမေကချက်ချင်းပဲ "သမီးဈေးသွားပြီး ပေါင်မုန့် ငါးပိဿာနဲ့ထန်းလျက်ပါဝယ်ခဲ့။ ညနေရွာထဲလျှောက်ကာဝေရအောင်လို့"။ မမက ချက်ချင်းဈေးခြင်းတောင်းကိုင်ပြီးထွက်သွားတယ်။ ကျုပ်လည်း ညနေကျပေါင်မုန့်စားရတော့မယ်ဆိုတော့ ပျော်လို့ လုပ်စရာရှိတာတွေ လုပ်လိုက်တာ မောလို့မောမှန်းတောင်မသိဘူး။ ညနေကျ အစ်မနဲ့ ရွာထဲပေါင်မုန့်တွေ လျှောက်ဝေတော့ ပေါင်မုန့်ကို မြင်တောင်မမြင်ချင်တော့ဘူး။ မမအိမ်ရောက်ကတည်းက အနားမှာစားနေတာ ဗိုက်ကမဆံ့တော့ဘူးလေ။ ညီလေးကလည်း ထူထူထောင်ထောင်ဖြစ်လာတယ်။ ထူထူထောင်ထောင်ဖြစ်မှာပေါ့ မမက ဆေးဆိုင်က ဒီကိုဂျင်ဝယ်လာပြီး တိုက်လိုက်တာကို။ ဆေးတန်ခိုးက ခုတော့ပြပြီပေါ့။ ဒါကိုအမေက နတ်ကတော်လုပ်ခိုင်းတဲ့အတိုင်းလုပ်လို့ပဲ ပျောက်တယ်လို့ ထင်နေတုန်းပဲ။ ကျုပ်လည်း အမေ့ကိုအဖြစ်မှန်အတိုင်း မပြောရဲတော့ ဒီလိုလေးပဲ နေလိုက်တာပေါ့။ ပြောလိုက်ရင် တင်ပါးနဲ့ကြိမ် အခါခါမိတ်ဆက်ရမှာလေ။ မမကိုတော့ ဈေးကပြန်လာတုန်းက တိုးတိုးလေးပြောပြတော့ အံ့မယ်သူကလည်း "နင်ကတော့ဟယ် ပေါက်တတ်ကရပြောတယ်။ ဘာပဲဖြစ်ဖြစ် ငါတို့မောင်နှမတစ်တွေ ပေါင်မုန့်တော့ ဝဝစားရတော့တာပေါ့တဲ့"

အဲနေ့က အိမ်မှာ ထမင်းလွတ်ခဲ့တယ်ဗျ။ ညီလေးကတော့ အဖျားကျခါစဆိုတော့ ပေါင်မုန့်မစားနိုင်သေးဘူး။ သူအဖျားပျောက်တဲ့အခါ သူ့ကြောင့် ကျုပ်တို့ပေါင်မုန့်စားခဲ့ရတာတွေ တိုးတိုးလေးပြောပြီး ပေါင်မုန့်စားချင်တဲ့အခါ နတ်မေးဖို့ ကျုပ်တို့မောင်နှမတစ်တွေ တိုင်ပင်ထားရဦးမယ်။ ပြီးတော့ ရွာထဲမှာ နတ်မေးချင်တဲ့သူရှိရင်လည်း ဘယ်လောက်အလုပ်ရှုပ်ရှုပ် ကျုပ်ကပဲ သွားသွားမေးပေးတယ်။ အဲဒီအချိန်တစ်စုံတစ်ယောက်ကများ ကျုပ်နောက်ကိုလိုက်ချောင်းရင် ဘောလုံးကွင်းထဲမှာ ရောက်နေတဲ့ကျုပ်ကို မြင်ရမှာသေချာတယ်။ ဘောလုံးကန်ပြီး ပြန်လာရင်တော့ ဟဲဟဲ ထုံးစံအတိုင်းပေါ့ဗျာ။ ကျုပ်အရမ်းကြိုက်တဲ့ ပေါင်မုန့်လေးက စောင့်နေလေရဲ့။ ဘာပဲဖြစ်ဖြစ် နတ်ကတော်ဘွားဘွားကိုကော ကျေးဇူးအရမ်းတင်မိတယ်။ သူ့ကြောင့်သာ ကျုပ်ပေါင်မုန့်စားနေရတာလေ။ ကျုပ်တစ်ခုစိုးရိမ်တာက အမေ့ကိုလိမ်ထားမိတဲ့ အပြစ်တွေအတွက် ငရဲကြီးမှာပေါ့။ ဒါပေမယ့် ဒါဟာအမေ့ရဲ့သားသမီးအပေါ် ချစ်တဲ့မေတ္တာကနေ ဖြစ်လာတဲ့ လွဲမှားတဲ့ ယုံကြည်မှုဖြစ်နေတော့ တစ်နေ့နေ့တစ်ချိန်ချိန်တော့ အမေ့ကိုအမှန်အတိုင်း ဖွင့်ပြောပြီး ဝန်ခံရမှာပေါ့။ဒီချိန်မှာ အမေကပြုံးနေမလား။ ကျောနဲ့တုတ်ပဲ မိတ်ဆက်လေမလားတော့ မတွေးတတ်တော့ပါဘူး။

ကြေးမုံ

အထူးဂျာနယ်

## "မိုးဦးပန်းချီ"

❍ မရွဲတရွဲ၊ မိုးအဖွဲ့မှာ
ရဲရဲနီလွန်း၊ ပင်ကန်စွန်းတို့
ရွှန်းရွှန်းမော့မော့၊ ခေါင်းထောင်ကြော့သည်
ပေါ့ပေါ့သူ့ဟန် ယိမ်းနွဲ့ပြန်။

❍ တစ်စက်နှစ်စက်၊ မိုးအပက်မှာ
ကွဲအက်ခြောက်ခန်း၊ မြေလွှာနန်းမှ
ဂဏန်းအိုအို၊ မိုးကိုကြိုသည်
စိုစိုရွံ့နား ရွေ့ရွေ့သွား။

❍ တစ်ပေါက်နှစ်ပေါက်၊ မိုးဖြောက်ဖြောက်မှာ
ခုန်ပေါက်ပြေးလွှား၊ ကိုရွှေဖားလည်း
အုံ အား အစ်အစ်၊ သံစုံဟစ်ကာ
ဖွင့်လှစ်ဝသန် ပီစေပြန်။

❍ တစ်ကြောင်းနှစ်ကြောင်း၊ မိုးစီးကြောင်းမှာ
ဟိုချောင်းသည်ကြည့်၊ စဉ်သတိနှင့်
စောင့်သည့်ရွှေဗျိုင်း၊ ကုပ်ကိုင်းကိုင်းသည်
ညွှတ်ပိုင်းကိုကြည့် ငါးလည်းကြည့်။

❍ မဖွေးတဖွေး၊ မိုးရေအေးမှာ
လွမ်းတေးကျူကျူ၊ ကိုတောင်သူလည်း
နွားဖြူတစ်ရှဉ်း၊ ထွန်တစ်စင်းနှင့်
ကန်သင်းဆည်ရင်း လယ်ထွန်ရင်း။

**အောင်မြင့်(ချင်းတွင်း)**

## "ခရီးသည်"

❍ လျှောက်ပါတဲ့ လျှောက်ပါ
ရောက်ဖို့ရာ တို့တွေး။

❍ ဒီလမ်းမညီမညာနဲ့
လမ်းအိုကာ ပျက်ကာရွဲ့ရင်
ပြင်ခဲ့ပေါ့လေး။

❍ ရှင်းပါတဲ့ရှင်းပါ
အခွင့်သာရင်လေး။

❍ စိတ်ကူးကြည်ကြည်သာနဲ့
ကြုံဆုံလာဆူးခလုတ်ကို
ရှင်းထုတ်ခဲ့လေး။

❍ ဖောက်ပါတဲ့ဖောက်ပါ
လမ်းသာဖို့အရေး။

❍ ဒီလမ်းမြိုင်ဟေမာနဲ့
တောင်သေလာ လျှိုမြောင်ချောက်မှာ
လမ်းဖောက်ခဲ့လေး။
ခရီးသွားအိုလုလင်. . .။

❍ ပန်းတိုင်ကို အမောင်ရောက်
လမ်းပေါက်လိုလျှင်။
လမ်းဟောင်းကို အမောင်ပြင်
လမ်းထွင်လို့ အသစ်ချဲ့။

❍ ရှင်မြူးတပျော်ပျော်နဲ့
မောင်လူတော် အောင်စခန်းကို
လျှောက်စမ်းလေဟဲ့။ ။

**မင်းစစ်သွေး(မန္တလေးပညာရေးကောလိပ်)**

